The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 6 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 5, 2018

# ၂၀၁၈ နှစ်သစ်မှာ နိုင်ငံတွင်းထွက် ကျောက်မျက်ရတနာများနှင့် လုပနေသော (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်

စာမျက်နှာ - ၈ ➢



## အသုံးပြုပြီးစက်ဘီး (Used Bicycle) များအား ၂၀၁၈ ခုနှစ်အတွက် တင်သွင်းခွင့်ပြု

စာမျက်နှာ - ၁၂ ➢

## ကျွဲ၊ နွား (အရှင်)များ ပြည်ပတင်ပို့ခြင်းဆိုင်ရာ သိကောင်းစရာ

စာမျက်နှာ - ၁၅ ➢

## မအူပင်ရွှေတောင်မော်ကျေးရွာအုပ်စု ညောင်ပိုင်းကျေးရွာတွင် မွေးမြူရေးဖား အောင်မြင်ဖြစ်ထွန်း၍ အကျိုးအမြတ်ရရှိနေ

စာမျက်နှာ - ၂၂ ➢




Golden Thurain Linn Agricultural Machinery And Technology Trading Co., Ltd.
MEGASUN
Agri-Tech
OIL-FREE CHAFF FURNACE DRYER
PRODUCT SPECIFICATION
LOW TEMPERATURE QUICK DRY ENERGY EFFICIENCY
COMPLETE MODELS FIRST CHOICE FOR QUALITY RICE
SELL TO THE WORLD
Web
http://www.sunshen.com.tw
Email
goldensun103@gmail.com
V model 6-12tons + AI 600D
CL 423V120
CPACITY: 12T
HEIGHT: 8185 mm
တိုက်အမှတ်-၁၁၀(ဘီ)၊အခန်း(၈)၊၄ထပ်ဆောင်၊နဝဒေးဥယျာဉ်အိမ်ရာ၊ပီမိုးနင်းလမ်းအနီး၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း- ၀၉၂၅၀၀၃၀၃၉၇၊၀၉၂၅၀၆၄၁၅၅၀၊၀၉၄၅၂၁၁၇၈၄၅-၄၆-၄၇


GLOBAL PARTNER
COMPANY LIMITED
No.62, 4th Floor, Mahabandoola Garden Street(lower)
Kyauktada Township, Yangon, Myanmar.
Tel ; 09 73245246, 09 5120907, 09 450044603, 09 5143514
E.mail ; greenland5373@gmail.com


GREEN LAND
Authorized Export & Import
Management Agency
Our Services
- Customs clearance
- Licensing on Export & Import
- Bank services
- Transportation
No.62, 4th Floor, Mahabandoola Garden Street(lower)
Kyauktada Township, Yangon, Myanmar
Tel : 09 73245246, 09 5120907, 09 450044603,
09 5143514, 09 5106753
E.mail : greenland5373@gmail.com


EML
Everywhere Myanmar Logistics
Public Company Limited
www.everywheremyanmar.com
[ Freight Forwarding General Services]
Office : No(436), 1st Floor, Between 54th & 55th Street, Strand Road, Botahtaung Township,Yangon, Myanmar.
Phone : 09 428888712,09 450099636,09 5065999. E-mail : info@everywheremyanmar.com, sales@everywheremyanmar.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် METRO Wholesale Myanmar Ltd ၏ Director နှင့် CEO ဖြစ်သူ Mr. Dominique Minnaert ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် METRO Wholesale Myanmar Ltd ၏ Director နှင့် CEO ဖြစ်သူ Mr. Dominique Minnaert ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၂၄ ရက်တွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃) ၏ ဧည့်ခန်းမ(၁)တွင် လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒပိုင်းဆိုင်ရာ စဉ်ဆက်မပြတ် ခိုင်မာအားကောင်းရေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ဆီထွက်သီးနှံနှင့် အခြားလယ်ယာထွက်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၊ ကုန်သွယ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ လယ်ယာကဏ္ဍထွက်ကုန်များအပါအဝင် အခြားပြည်ပပို့ကုန်များအားလုံး အရည်အသွေး တိုးတက်မြင့်မားစေရေးနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် Good Agriculture Practices (GAP) အား လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်ပညာပေးရေးအစီအစဉ်များ၊ Cold Storage များ အပါအဝင် Logistics ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရေး၊ စီးပွားရေးကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှု တိုးတက်မြင့်မားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူ များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။



MOC (IR)

# ဥရောပကုန်စည်ပြပွဲများသို့ သွားရောက်ပြသမည့်လုပ်ငန်းရှင်များအား Trade Fair Participation သင်တန်းပို့ချ

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TDP) အရ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် GIZ တို့ပူးပေါင်း၍ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ နိုင်ငံတကာကုန်စည်ပြပွဲကြီးများတွင် အကျိုးရှိထိရောက်စွာပါဝင်ပြသနိုင်စေရန် နိုင်ငံတကာကျွမ်းကျင်သူ Mr. Julian Lawson Hill လာရောက်၍ Trade Fair Participation သင်တန်းကို ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်တွင် ရန်ကုန်မြို့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

သင်တန်းသို့ ဂျာမနီနိုင်ငံတွင် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ကျင်းပမည့် AMBIENTE ကုန်စည်ပြပွဲနှင့် BIOFACH ကုန်စည်ပြပွဲတို့တွင် သွားရောက်ပြသမည့် လက်ဖက်ကုမ္ပဏီ ခြောက်ဦးနှင့် ကြိမ်၊ ဝါးပရိဘောဂလက်မှုထည်လုပ်ငန်းရှင်နှစ်ဦးအပါအဝင် စုစုပေါင်း ကိုယ်စားလှယ် သင်တန်းသား ၂၀ ဦး တက်ရောက်မှုအား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး တက်ရောက်အားပေးပါသည်။

သင်တန်းတွင် ပါဝင်ပြသမည့်လုပ်ငန်းရှင်များအား မိမိတို့ကုမ္ပဏီနှင့် ကုန်စည်အကြောင်းကို မိနစ်ပိုင်းအတွင်း ကုန်ဝယ်သူ စိတ်ဝင်စားလာအောင် မိတ်ဆက်ခြင်းဖြင့် ဆွဲဆောင်ပြောဆိုတတ်စေရန်၊ ကုန်စည်ပြပွဲ မသွားရောက်မီ ကြိုတင်ပြင်ဆင်ယူဆောင်သွားသင့်သော အချက်အလက်များ အကြံပြုခြင်း၊ ကြိုတင်ချိတ်ဆက်သွားသင့်သောအသင်းအဖွဲ့နှင့် အဖွဲ့အစည်းများ၊ ပြခန်းတွင်းနေထိုင်မှုပုံစံနှင့် ကုန်ဝယ်သူများအား ရှာဖွေချိတ်ဆက်သင့်သည့်ပုံစံများကိုရှင်းလင်းပို့ချပေးခြင်းနှင့် လက်တွေ့လေ့ကျင့်သရုပ်ဆောင်မှုတို့ကိုလည်း ဆောင်ရွက်စေခဲ့ကြောင်းသိရှိရပါသည်။

မြတ်မြတ်စိုးမိုး (Myantrade)

# မြန်မာနိုင်ငံကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာလုပ်ငန်းအသင်း (MECA) ၏ နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် TEA နှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုး

မြန်မာနိုင်ငံ ကုန်စည်ပြပွဲနှင့်ဆွေးနွေးပွဲများဆိုင်ရာ လုပ်ငန်းအသင်း (Myanmar Exhibition and Convention Association - MECA) အသင်း၏ ပထမအကြိမ်နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပခြင်းနှင့် ထိုင်းနိုင်ငံကုန်စည်ပြပွဲ အဖွဲ့ချုပ် (TEA) နှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၃ ရက်က ရန်ကုန်မြို့ UMFCCI အဆောက်အဦတွင်ကျင်းပခဲ့ရာ ၎င်းအသင်း၏နာယကဖြစ်သူ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

MECA ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကုန်စည်ပြပွဲများ၊ စီးပွားရေးဆွေးနွေးပွဲများနှင့် အရောင်းမြှင့်တင်ရေးပွဲများအတွက် အထူးကျွမ်းကျင်သောဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

MECA သည် ဝန်ဆောင်မှုလုပ်ငန်းများဖြင့် နိုင်ငံတော်စီးပွားရေး တိုးတက်ရန်ကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဆောင်ရွက်နေသော ပုဂ္ဂလိကအသင်းအဖွဲ့တစ်ခုဖြစ်ပြီး အာဆီယံအဆင့်ဒေသတွင်း လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ASEAN Federation of Exhibition and Convention Association (AFECA) အသင်းချုပ်၏ အဖွဲ့ဝင် အသင်းတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း လေ့လာသိရှိရသည်။

မြတ်မြတ်စိုးမိုး (Myantrade)

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၇၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်အဝင်နည်းသော်လည်း အရောင်းအဝယ်ကောင်းတဲ့အတွက် ဈေးအနည်းငယ်တက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်အဝင်နည်းပြီး အရောင်းအဝယ်ကောင်းတဲ့အတွက် ပစ္စည်းကောင်းပြီး အကြိုက်များတဲ့ ဆန်ချော၊ ဆန်ဟောင်းဈေးတက်ကြောင်း ဝါးတန်းဆန်ဈေးကွက်မှသိရပါတယ်။


ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းထိပ်စတစ်အိတ် ကျပ် ၃၃၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၂၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၄၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်း ဆန်ထိပ်စတစ်အိတ်ကျပ်၃၀၀၀၀ နဲ့လတ်စတစ်အိတ်ကျပ်၂၈၅၀၀ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ အရောင်းအဝယ်သွက်ပြီး အကြိုက်များတဲ့ကျားပျံအသစ် တစ်အိတ်ကျပ် ၃၃၀၀၀ မှ ကျပ် ၃၅၀၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့်ဈေးတက်ပါတယ်။ ရွှေဘိုပေါ်ဆန်းအဟောင်း တစ်အိတ်ကျပ် ၆၀၀၀၀ မှ ကျပ် ၆၆၀၀၀၊ ရွှေဘိုပေါ်ဆန်းအသစ်တစ်အိတ်ကျပ် ၄၄၀၀၀ မှ ကျပ် ၄၅၀၀၀ ဖြစ်ပြီး ပေါ်ဆန်းဆန်အသစ်တစ်အိတ်ကျပ် ၂၈၀၀၀ မှ ကျပ် ၃၂၀၀၀ ရှိပါတယ်။ ကုန်စည်ဒိုင်ကိုဆန်အဝင်နည်းပေမယ့် ဆန်အရောင်းအဝယ်ကောင်းကြောင်း သိရပါတယ်။ ဆန်သစ် ပစ္စည်းကောင်းများက အထားခံပြီး လူကြိုက်များတဲ့အတွက် ဈေးတက်တာလို့လည်းသိရပါတယ်။

ယခုတစ်ပတ် ဝါးတန်းကုန်စည်ဒိုင်မှာဧည့်မထ ၂၅မှတ် တစ်အိတ်ကျပ် ၁၉၂၀၀ မှ ကျပ် ၁၉၅၀၀၊ အကြမ်းသစ် (ရှယ်) တစ်အိတ်ကျပ် ၂၁၅၀၀မှ ကျပ် ၂၂၀၀၀၊ ရက် ၉၀ ဆန် အသစ် တစ်အိတ်ကျပ် ၂၅၀၀၀ မှ ကျပ် ၂၆၀၀၀၊ ငစိန်အသစ် တစ်အိတ်ကျပ် ၁၉၀၀၀ မှ ကျပ် ၁၉၅၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့်ဈေးတက်ကြောင်းသိရပါတယ်။ သဘော်တင်လည်းရှိ ပစ္စည်းလည်းအဝင်နည်းတဲ့အတွက် ဈေးတက်တာဖြစ်ကြောင်းသိရပါတယ်။ ပုံမှန်အရောင်းအဝယ်ရှိတဲ့ ဆန်ကြမ်းမိုးသုခတစ်အိတ်ကျပ် ၂၅၅၀၀မှကျပ်၂၆၀၀၀၊ဆင်းသွယ်လတ်တစ်အိတ်ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ ဧည့်မထထိပ်စတစ်အိတ်ကျပ် ၂၃၅၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၂၀၅၀၀ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

ယခုတစ်ပတ်မူဆယ်ဆန်ဈေးကွက်မှာ ဆန်အဝင်လျော့နည်းပြီး ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ်ကို နှစ်ယွမ်ခန့်ဈေးတက်သော်လည်း ကျန်အမျိုးအစားများဈေးငြိမ်နေကြောင်း သိရပါတယ်။ ဧည့်မထဆန် ၅ မှတ်မှော်ဘီတစ်အိတ် ၁၃၆ ယွမ်မှ ၁၃၉ ယွမ်၊ ဧည့်မထ ၁၀ မှတ်ဆန်မှော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၂၉ ယွမ်မှ ၁၃၁ ယွမ်၊ သုခ ၁၅ မှတ်တစ်အိတ် ၁၂၀ ယွမ်မှ ၁၂၂ ယွမ်၊ သုခ ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ ယွမ်၊ ရက် ၉၀ အသစ်တစ်အိတ် ယွမ် ၁၄၀ မှ ၁၄၄ ယွမ် ရှိပါတယ်။ ဖေဖော်ဝါရီ ၂ ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၂၀၆ ကျပ် ဈေးပေါက်ကြောင်း မူဆယ်မှသိရပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ၂၇၉၀၆ တန်ရှိပြီး ယခင်တစ်ပတ် ဝင်ရောက်မှုထက်လျော့နည်းကြောင်း သိရပါတယ်။ တစ်ဖက်နိုင်ငံမှာ ရိုးရာနှစ်သစ်ကူးပွဲတော်နီးပြီဖြစ်တဲ့အတွက် ဆန်အပို့လျော့သောကြောင့်ဆန်ဝင်ရောက်မှုလည်း လျော့နည်းတာဖြစ်တယ်လို့ မူဆယ်မှသတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**



# ဈေးကွက်သစ်ဖြစ်သော ချီလီနိုင်ငံသို့ပင်လယ်ရေကြောင်းမှဆန်တင်ပို့ခဲ့

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၇၁ သန်းတန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၄၅၅၁၈ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၃၀၀၄၆ တန်နဲ့ ကောက်ညှင်းဆန်တန် ၁၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၇၈ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၄၀၉၉ တန် တင်ပို့ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၄၀၊ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၁၅၅ တန်တင်ပို့ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများရဲ့ ယခင်တစ်ပတ်ဆန်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန် ၈၀၁၀ လျော့နည်းခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၅၈ သန်းတန်ဖိုးရှိဆန်ကွဲ ၃၂၀၂ တန်တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၁၆၉၀နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၅၁၂ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့ လွယ်ဂျယ်မှ ဆန်ကွဲတန်ချိန် ၂၆၃၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၇၂တန်ပိုမိုတင်ပို့ခဲ့ကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၁ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန်တန်ချိန် ၆၂၉၀ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်ဆန်တင်ပို့မှုများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၀၀၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၃၇၀၊ ဗီယက်နမ် နိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်နဲ့ ငစိန်ဆန်တန်ချိန် ၂၅၀၊ တရုတ်နဲ့စင်ကာပူနိုင်ငံသို့ ငစိန်ဆန်တန်ချိန် ၅၀ စီ၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၀၃၀၊ ဈေးကွက်သစ်ဖြစ်တဲ့ ချီလီနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၅၀၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၄၂၅ တန်၊ ဧည့်မထဆန် ၁၁၁၅ တန်နဲ့ ငစိန်ဆန်တန်ချိန် ၅၀၀၊ အင်ဒိုရာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၅၀တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့ မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၅၀၇၁ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈၁ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၀၅၂၀ တင်ပို့ခဲ့ရာ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၅၀၊ သီရိလင်္ကာနိုင်ငံသို့ ၇၅ တန်၊ အင်ဒိုရာနိုင်ငံသို့ ၁၂၅ တန်နဲ့ အီးယူနိုင်ငံများသို့ ဆန်ကွဲတန်ချိန်၉၇၇၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၅၄၄၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှုလျော့နည်းပြီး ဆန်ကွဲတင်ပို့မှုပိုမိုခဲ့ပါတယ်။ ဒါ့အပြင် ဧည့်မထဆန်တန်ချိန် ၅၀၀ ကိုလည်း ဈေးကွက်သစ်ဖြစ်တဲ့ချီလီနိုင်ငံသို့တင်ပို့နိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁ -၂-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၅၃ | ၄၃၇ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၄၃ | ၄၂၇ | ▽ | ၄၃၅ | ၄၃၅ | □ | ၄၃၅ | ၄၃၀ | ▽ | ၄၀၇ | ၄၀၂ | ▽ |
| ဆန်ဖြူ ၁၀% | ၄၄၁ | ၄၂၅ | ▽ | ၄၃၀ | ၄၃၀ | □ | - | - | - | ၄၀၂ | ၃၉၈ | ▽ |
| ဆန်ဖြူ ၁၅% | ၄၃၃ | ၄၂၀ | ▽ | ၄၂၀ | ၄၂၅ | △ | - | - | - | ၃၉၇ | ၃၉၄ | ▽ |
| ဆန်ဖြူ ၂၅% | ၄၁၁ | ၃၉၉ | ▽ | ၄၀၀ | ၄၁၀ | △ | ၃၉၀ | ၃၉၀ | □ | ၃၆၅ | ၃၆၇ | △ |
| ပေါင်းဆန် | ၄၇၂ | ၄၇၀ | ▽ | - | - | - | ၄၂၃ | ၄၂၃ | □ | ၄၃၇ | ၄၃၇ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၂-၂-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၃၀ | △ | ၂၂၅၀၀ | △ | ၇၆၃၆ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၃၀၀ | △ | ၂၂၀၀၀ | △ | ၇၆၅၀ | ▽ | ၃၄၅၀၀ | △ |
| ပဲခူး | ၅၀၀၀ | □ | ၂၁၀၀၀ | △ | ၆၅၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၁၂၀၀၀ | □ | ၃၈၀၀၀ | ▽ |
| စစ်တွေ | ၄၂၀၀ | □ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၃၀၀၀ | △ | - | - | ၄၈၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၃၀ | □ | ၂၃၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မကွေး | ၆၅၀၀ | △ | ၂၃၀၀၀ | △ | - | - | ၃၅၀၀၀ | ▽ |
| မော်လမြိုင် | ၅၀၆၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | △ | ၂၆၀၀၀ | □ |
| လွိုင်ကော် | ၆၇၆၀ | △ | ၃၀၀၀၀ | □ | - | - | ၆၀၀၀၀ | □ |
| မြိတ် | ၄၇၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၂၀၀၀ | ▽ |
| ဘားအံ | ၄၉၀၀ | □ | ၂၆၅၀၀ | △ | - | - | ၃၇၅၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၉-၁-၂၀၁၈ မှ ၂-၂-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1001 | 50,071,490.278 |
| 2 | Form D | 96 | 2,972,456.753 |
| 3 | Form E | 122 | 1,738,098.860 |
| 4 | Korea GSP | 9 | 344,166.750 |
| 5 | Form AK | 106 | 3,671,826.390 |
| 6 | Form AJ | 19 | 928,119.400 |
| 7 | Form AI | 70 | 2,680,669.610 |
| 8 | Form AANZ | 23 | 173,454.270 |
| 9 | Form DFTP | 1 | 136,080,000 |
| **Grand Total** | | **1447** | **62,716,362.311** |

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂-၂-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၆/၁ | ၂/၂ | ပြောင်းလဲမှု | ၂၆/၁ | ၂/၂ | ပြောင်းလဲမှု | ၂၆/၁ | ၂/၂ | ပြောင်းလဲမှု | ၂၆/၁ | ၂/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၀၀ | ၉၁၀ | ▲ | ၈၀၀ | ၈၆၇ | ▲ | ၈၇၅ | ၈၈၅ | ▲ | ၈၇၅ | ၉၂၅ | ▲ |
| ပဲစင်းငုံ | - | ၇၀၂ | - | ၆၀၀ | ၆၆၇ | ▲ | ၆၀၀ | ၆၆၅ | ▲ | ၆၁၀ | ၆၆၅ | ▲ |
| ပဲတီစိမ်း | ၁၁၆၅ | ၁၂၈၀ | ▲ | ၁၅၄၇ | ၁၄၄၂ | ▼ | ၁၂၆၃ | ၁၂၇၉ | ▲ | ၁၃၁၅ | ၁၄၂၀ | ▲ |
| ကုလားပဲရိုးရိုး | ၂၀၀၀ | ၂၀၀၀ | ■ | ၁၆၀၇ | ၁၆၀၇ | ■ | ၁၅၇၉ | ၁၅၇၉ | ■ | ၁၅၀၅ | ၁၄၇၅ | ▼ |
| ပဲလွန်းဖြူ | ၁၂၅၀ | ၁၀၃၀ | ▼ | ၁၄၁၇ | ၁၄၁၇ | ■ | - | - | - | ၁၅၃၀ | ၁၅၃၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၂၁၃၃ | ၂၄၈၉ | ▲ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂-၂-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၆/၁ | ၂/၂ | ပြောင်းလဲမှု | ၂၅/၁ | ၁/၂ | ပြောင်းလဲမှု | ၂၅/၁ | ၁/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၁၀ | ၄၁၅ | ▲ | ၅၅၁ | ၆၄၅ | ▲ | ၆၀၆ | ၅၆၆ | ▼ |
| ပဲစင်းငုံ | ၃၀၀ | ၃၂၅ | ▲ | ၆၅၄ | ၆၁၃ | ▼ | ၆၂၂ | ၇၅၅ | ▲ |
| ပဲတီစိမ်း | ၆၂၅ | ၆၂၅ | ■ | - | - | - | ၇၇၂ | ၆၆၀ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၈၆၀ | ၈၆၀ | ■ | ၅၇၅ | ၆၁၃ | ▲ | ၆၂၂ | ၆၆၀ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၀.၁.၁၈)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၇.၁.၁၈)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၈) မှ (၂၇.၁.၁၈) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၆၀၂၃ | ၄၉၁၃ | ၂၀၉၃၆ |
| ပဲတီစိမ်း | ၄၆၄၀ | ၂၀၇၁ | ၆၇၁၁ |
| ပဲစင်းငုံ | ၁၀၂၁၀ | ၂၁၇၆ | ၁၂၃၈၆ |
| ကုလားပဲ | ၃၃ | ၆ | ၃၉ |
| ပဲလွန်းဖြူ | ၃၁၂ | ၁၂၆ | ၄၃၈ |
| မြေထောက်ပဲ | ၁၅ | - | ၁၅ |

## ပြည်မတ်ပဲ လက်ကျန်ပဲဟောင်းများ ရန်ကုန်ဝယ်လက် နေ့စဉ်ဝယ်ယူခဲ့

ပြည်ပဲဈေးကွက်အတွင်း ပဲတီစိမ်း၊ ပဲစင်းငုံ စသည်ဖြင့်ပဲသစ်များ ဝင်ရောက်နေသော်လည်း မတ်ပဲသီးနှံကတော့ ပဲသစ်ဝင်ရောက်ခြင်းမရှိသေးဘဲ ပဲဟောင်း လက်ကျန်များသာရှိခဲ့ပါတယ်။ ပဲလက်ကျန်များအား ရန်ကုန်ဝယ်လက်များမှ ဝယ်ယူခဲ့တဲ့အတွက် နေ့စဉ်အိတ် ၁၀၀-၁၅၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိသလို ပဲဈေးမှာ တစ်တင်းလျှင်ကျပ် ၁၈၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပိုရလာပြီး လဆန်းရက်က ဈေးထက်တော့ ဈေးလျော့ခဲ့ပါတယ်။

နှစ်ကုန်ပိုင်းက မတ်ပဲသီးနှံဈေးမှာ တစ်တင်းကျပ်နှစ်သောင်းအထိ ရရှိခဲ့တဲ့အတွက်လည်း ယခုအချိန်မှာ ဈေးအေးနေဆဲဖြစ်လို့ ပဲသစ်ဝင်ရောက်လာချိန်တွင် ဈေးအခြေအနေဘယ်လိုရှိမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ယခင်နှစ်က ဇန်နဝါရီလအတွင်း ပဲသစ်များဈေးကွက်သို့စတင်ဝင်ရောက်ခဲ့တာကို တွေ့ရပြီး ပဲသစ်ဈေးမှာ တစ်တင်းကျပ် ၃၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲသီးနှံလက်ကျန် ခွဲစက်သမား ရက်ခြားအဝယ်ရှိ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်အတွင်း ပြည်တွင်းဝယ်လက်ပဲများထဲမှာကုလားပဲသီးနှံဟာ လက်ကျန်ပဲများဖြင့် ရောင်းဝယ်လျက်ရှိတာကြောင့် နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ခွဲစက်သမားဝယ်ယူမှုအပေါ် မူတည်၍ ရက်ခြားရောင်းဝယ်မှု ရှိခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၁၅၀ ကျော်ခန့်ရောင်းချခဲ့ရပြီး ပဲဈေးမှာ တစ်တင်းကျပ် ၂၉၅၀၀ ဖြင့် လဆန်းရက်က ဈေးထက် လျော့နည်းနေခဲ့ပါတယ်။ လဆန်းရက်အထိ မျိုးပဲဝယ်ယူမှုရှိတဲ့အတွက် တစ်တင်းကျပ် ၃၅၀၀၀ထိရရှိခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲမျိုးစုံဈေးကွက်တွင် ပဲတီစိမ်းနှင့် ပဲစင်းငုံသစ်များအဝင်ရှိသလောက် ဝယ်လိုအားရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံများမှာ ပြည်အနီးတစ်ဝိုက်နှင့် မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ်ဝင်ရောက်မှုများလာလို့ အိတ် ၄၀၀ ကျော်အထိ ဝင်ရောက်လာပါတယ်။ ဝယ်လိုအားအနေဖြင့်လည်း ပဲတီစိမ်းသီးနှံမှာ မန္တလေးလိုင်းသမားများက အဓိကထားဝယ်ယူခဲ့ပြီး ပဲစင်းငုံသီးနှံအား ရန်ကုန်ဝယ်လက်နှင့် လျောင်သမား အချို့ဝယ်ယူမှုရှိတာကြောင့် ဝင်လာသမျှ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲဈေးနှုန်းများမှာ ပဲတီစိမ်းတစ်တင်း ကျပ် ၂၅၅၀၀ နှင့် ကျပ် ၂၆၀၀၀အကြား ပဲအရည်အသွေးလိုက်၍ ဈေးကွာခြားမှုရှိခဲ့ကာ ပဲစင်းငုံမှာ တစ်တင်းလျှင် ကျပ် ၁၂၀၀၀ မှ ကျပ် ၁၂၅၀၀ ဖြင့် ဈေးအတက်အကျသိပ်မဖြစ်ဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ယခင်နှစ်က ဇန်နဝါရီ လကုန်ပတ်အတွင်း ပဲတီစိမ်းတစ်တင်းကျပ် ၂၉၀၀၀ ရရှိခဲ့လို့ ယခုနှစ်ဈေးမှာ ယခင်နှစ်ထက် တစ်တင်းကျပ် သုံးထောင်ခန့်လျော့နည်းရရှိခဲ့ပြီး ပဲစင်းငုံသီးနှံသစ်ဈေးမှာ ယခင်နှစ်က တစ်တင်း ကျပ် ၂၅၅၀၀ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးကတော့ တစ်တင်း ကျပ်တစ်သောင်းကျော် လျော့နည်းနေခဲ့ပါတယ်။

ပဲကြီးသီးနှံမှာတော့ ပဲဈေးနှုန်းများမြင့်တက်ခဲ့သော်လည်း ပဲလက်ကျန်မရှိသလောက်ဖြစ်ခဲ့တာကြောင့် ရှမ်းပဲကြီး အမျိုးအစားများ ဈေးကွက်သို့ ဝင်ရောက်နေတာကို တွေ့ရပါတယ်။ ရှမ်းပဲကြီး အမျိုးအစားမှာ တစ်တင်းကျပ် ၅၅၀၀၀ ဖြင့် အိတ် ၂၀ မှ ၃၀ခန့်ဝင်ရောက်ပြီး ရေစိမ်ရောင်းဝယ်မှုများ ရှိခဲ့တယ်လို့သိရပါတယ်။ (ရွှေကျွန်း)ပဲနှင့် (ကမ်းနား)ပဲအမျိုးအစားများမှာတော့ တစ်တင်း ကျပ် ၇၅၀၀၀၊ ကျပ် ၇၀၀၀၀ တို့ဖြင့် အိတ်အနည်းငယ်ခန့် ပဲကြော်ဖိုလုပ်ငန်းသမားများက ဝယ်ယူခဲ့ကြပါတယ်။

ဘိုကိတ်ပဲသစ်မှာ ကျွန်းသီးများအဝင်ရှိလို့ နေ့စဉ်အိတ် ၂၀ - ၃၀ခန့်ဝင်ရောက်ခဲ့ပြီး ဝယ်လက်လက်လီသမားဝယ်ယူမှုရှိခဲ့ကာ ပဲတစ်တင်းကျပ် ၂၆၀၀၀ ဖြင့် ဈေးအနည်းငယ်ပိုရလာခဲ့ပါတယ်။ ပဲလွန်းဖြူသီးနှံမှာ ပြည်အနီးတစ်ဝိုက်နှင့် နတ်တလင်း(တာပွန်) မြို့နယ်များမှဝင်ရောက်ခဲ့လို့အိတ် ၅၀ကျော်ထိ ပဲအဝင်ရှိလာခဲ့ပြီး လျောင်သမားနှင့် လက်လီသမားများ ဝယ်ယူလျက်ရှိခဲ့ကာ ပဲတစ်တင်းလျှင်ကျပ် ၂၅၅၀၀ဖြင့် ယခင်တစ်ပတ်အတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ထောပတ်ပဲသီးနှံမှာ ပဲသစ်ဝင်ရောက်ခြင်းမရှိသေးဘဲ ပဲလက်ကျန်အနည်းငယ်သာ လက်လီသမားအချို့ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့လို့ ၁၀ အိတ် မှ ၁၅ အိတ်ကျော်ခန့် ရောင်းဝယ်ခဲ့ကာ တစ်တင်းကျပ် ၃၀၀၀၀ ဖြင့် ဘိုကိတ်၊ ပဲလွန်းဖြူသီးနှံများထက် ဈေးပိုရရှိခဲ့ပါတယ်။

ပဲပုပ်သီးနှံမှာ ပဲသစ်များဝင်ရောက်မှုရှိသလို လက်လီ၊ လက်ကားအရောင်းအဝယ်ရှိပေမယ့် ပဲဈေးမှာတစ်တင်းကျပ် ၂၀၀၀၀ ဖြင့်ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်နှစ်က ပဲသစ်ပေါ်ချိန် ပဲပုပ်သစ်များမှာတစ်တင်းလျှင် ကျပ် ၁၉၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် နှစ်စဉ်ဈေးအတက်အကျ ပြောင်းလဲမှုမဖြစ်ဘဲ ရောင်းဝယ်နေခဲ့တဲ့ပဲသီးနှံအဖြစ်လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် မြေပဲလုံးဆန်ဈေး အနည်းငယ်ကျပြီး ဆီဆန်ဈေးအနည်းငယ်တက်

ယခုတစ်ပတ်မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် မြေပဲလုံးဆန်ဈေး အနည်းငယ်ကျဆင်းပြီး ဆီဆန်ဈေးအနည်းငယ်တက်လာသည်ကို တွေ့ရှိရသည်။ ယခုတစ်ပတ် မြေပဲလုံးဆန်နီတစ်ပိဿာလျှင် ၂၂၇၅ ကျပ်မှ ၂၂၂၅ကျပ်နှင့် မြေပဲလုံးဆန်ဖြူတစ်ပိဿာလျှင် ကျပ် ၂၆၅၀- ကျပ် ၂၄၀၀ဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၂၅ကျပ်ခန့်စီ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး ယခုတစ်ပတ် ဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ၂၀၂၅ ကျပ်မှ ကျပ် ၂၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ၂၅ ကျပ်ခန့်ဈေးတက်ခဲ့သည်။ အရောင်းအဝယ်အနေဖြင့် တစ်ရက် လုံးဆန်နီအိတ် ၅၀၀ ခန့်၊ လုံးဆန် ဖြူမှာအိတ် ၈၀၀ ခန့်နှင့် ဆီဆန်မှာ အိတ် ၂၀၀ခန့် အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှသိရှိရသည်။

ယခုတစ်ပတ်နှမ်းမျိုးစုံဈေးကွက်မှာတော့ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၂၀၀၀ မှ ကျပ် ၃၉၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပြီး နှမ်းဖြူတစ်တင်းလျှင် ကျပ် ၃၇၅၀၀ မှ ကျပ် ၄၃၅၀၀၊ နှမ်းဂွနက်တစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဖြင့် ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး အရောင်းအဝယ်အားဖြင့် နှမ်းနက်တစ်မျိုးသာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်မှသိရှိရသည်။

**လင်းလင်းသန့်**

## ဆောင်းမြေပဲအသစ်များ ဝင်ရောက်မှုရှိသေးလို့ ဈေးမှန်နေတဲ့ပြည်မြေပဲဆန်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ မြေပဲဆီဆန်ဈေးငြိမ်ပြီး မြေပဲလုံးဆန်ဈေး ပြန်ကျလာတာတွေ့ရပါတယ်။ မြေပဲဆီဆန်ကို ဆီစက်များကအဝယ်ရှိပေမယ့် ပုံမှန်သာအဝယ်ရှိလို့ ဈေးငြိမ်နေတာတွေ့ရပါတယ်။ မြေပဲလုံးဆန်သန့်သန့်ကို မန္တလေး ဝယ်လက်များက အဝယ်ရှိပေမယ့် အနည်းငယ်သာအဝယ်ရှိလို့ ယခင်တစ်ပတ်ကထက် ဈေးပြန်ကျလာတာတွေ့ရပါတယ်။ ဆောင်းမြေပဲအသစ်များဝင်ရောက်မှုရှိလို့ ဈေးကွက်တွင်ပစ္စည်းလက်ကျန်မပြတ်ဘဲ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် မြေပဲဆီဆန်ဈေးမှာ (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ နှင့် (အနီ) တစ်ပိဿာလျှင် ကျပ် ၁၉၅၀ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေ တာတွေ့ရပါတယ်။ မြေပဲလုံးဆန်ဈေးမှာ (အဖြူ) တစ်ပိဿာလျှင် ၂၃၇၅ ကျပ်နှင့် (အနီ)တစ်ပိဿာလျှင် ကျပ် ၂၁၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေးအနည်းငယ် ပြန်ကျလာတယ်လို့ သိရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဈေးတက်ပြီး မတ်ပဲဈေးကောင်းရနေ

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးမှာ တဖြည်းဖြည်းမြင့်တက်လျက်ရှိပြီး မြေပဲလုံးဆန်နီ(မြောင်) အဟောင်းတစ်ပိဿာလျှင်ကျပ် ၂၁၀၀၊ မြေပဲနီလုံးဆန်(မြောင်) အသစ် တစ်ပိဿာလျှင်ကျပ် ၂၅၀၀၊ ကျွန်းဆန်တစ်ပိဿာလျှင်ကျပ် ၂၂၀၀၊ S1(မြေပဲဖြူလုံးဆန်)ကျပ် ၂၂၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင် ကျပ် ၂၂၀၀ မှ ၂၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ် ရေစကြိုဒေသထွက်မတ်ပဲမှာ ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်တက်နေပြီးအရည်အသွေးကိုလိုက် ၍ ဈေးကောင်းလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၅၀၀၀ မှ ၁၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နတ်တော်ပဲ (ခေါ်) ပဲလွန်းဖြူမှာလည်း ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျပြီး တစ်တင်းလျှင်ကျပ် ၂၈၀၀၀၊ ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၂၅၀၀၀၊ ပဲပုပ်တစ်တင်း လျှင်ကျပ် ၂၃၀၀၀၊ ပြောင်းဖူးစေ့ (CP) မှာ တစ်တင်းလျှင်ကျပ် ၉၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁ . ၂ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ဆူးလေဆိပ်ကမ်း(၁) | - U THAR | Steel Product ၁၄၆၉၆ တန် ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၄) | - ELISSEOS | ဆန် ၃၀၀၀၀ တန် ကုန်တင်ရန်ရှိ အလုပ်မလုပ် |
| ဆူးလေဆိပ်ကမ်း(၇) | - GIOVANNA | ကုန်သေတ္တာ ၂၉၅ ကုန်ချ ၁၀၀ ကုန်တင်ရန် |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း(၃) | - SEA PEARL | ကုန်သေတ္တာ ၂၉၈ကုန်ချကုန်သေတ္တာ ၂၉၆ကုန်တင်ရန် |
| Myanmar Integrated Port Ltd | - HAN THAR | Deformed Bars ၉၁၉၅ တန် ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၁) | - SOUL OF LUCK | ကုန်သေတ္တာ ၃၀၇ ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း (၄) | - CONTI PERIDOT | Coal (In Bulk) ၂၈၀၀၀တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - LE JIN | Ammonium Nitrate&G/C ၁၂၅၈၂ တန်ကုန်ချ၁၄၈၂တန်ကုန်တင်ရန် |
| PUMA Jetty | - MT.NEVESKA LADY | Diesel Oil+JETA.1 ၂၁၀၀၉ တန်ကုန်ချရန် |
| Green Asia Jetty | - MT.AULAC FORTUNE | Diesel Oil ၁၇၅၃၆ တန်ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHIOS TRINITY | ဆန် ၂၆၂၅၀ တန်ကုန်တင်ရန် | - | ၂ ၊ ၂ ၊ ၂၀၁၈ |
| NACC POROS | Cement (In Bulk) ၇၀၀၀ တန်ကုန်ချရန် | MALAYSIA | ၂ ၊ ၂ ၊ ၂၀၁၈ |
| GREAT LEGEND | Coal (In Bulk) ၃၀၀၀၀ တန်ကုန်ချရန် | INDONESIA | ၂ ၊ ၂ ၊ ၂၀၁၈ |
| PACIFIC ABILITY | Steel ၂၈၁၁၇ တန်ကုန်ချရန် | CHINA | ၂ ၊ ၂ ၊ ၂၀၁၈ |
| GLOBAL PEGASUS | ဆန် ၃၀၀၀၀ တန်ကုန်တင်ရန် | AERICA | ၂ ၊ ၂ ၊ ၂၀၁၈ |
| U HENG XIAN FRNG | Units Vehicle (RO/RO) ၁၈၁၁ တန်ကုန်ချရန် | JAPAN | ၃ ၊ ၂ ၊ ၂၀၁၈ |
| LEMAN EXPRESS | Units Vehicle (RO/RO) ၁၂၅၈ တန်ကုန်ချရန် | JAPAN | ၃ ၊ ၂ ၊ ၂၀၁၈ |
| PACIFIC VENUS | PAX: (PASSENGER) ၃၃၀ တန်ကုန်ချရန် | KOLOMBO | ၃ ၊ ၂ ၊ ၂၀၁၈ |
| MAAN AUNG | STEEL BARS ၆၇၀၀ တန်ကုန်ချရန် | INDIA | ၃ ၊ ၂ ၊ ၂၀၁၈ |
| OCEAN DREAM | G/C ၁၁၇ တန်ကုန်ချရန် | RUSSIA | ၄ ၊ ၂ ၊ ၂၀၁၈ |
| OCEAN PRINCESS | ဆန်၂၂၆၅၀တန်ကုန်တင်ရန် | AFRICA | ၅ ၊ ၂ ၊ ၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁ ၊ ၂ ၊ ၂၀၁၈ |
| EVER ABLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁ ၊ ၂ ၊ ၂၀၁၈ |
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁ ၊ ၂ ၊ ၂၀၁၈ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၃ ၊ ၂ ၊ ၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄ ၊ ၂ ၊ ၂၀၁၈ |
| KUOHSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄ ၊ ၂ ၊ ၂၀၁၈ |
| MAERSK WOLGAST | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၄ ၊ ၂ ၊ ၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၄ ၊ ၂ ၊ ၂၀၁၈ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇ ၊ ၂ ၊ ၂၀၁၈ |
| MCC SHANGHAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၀ ၊ ၂ ၊ ၂၀၁၈ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၂ ၊ ၂ ၊ ၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၂ ၊ ၂ ၊ ၂၀၁၈ |
| MT.OCEAN AUTUMN | ဒီဇယ်ဆီ+MOGAS | SINGAPORE | ၂ ၊ ၂ ၊ ၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၂ ၊ ၂ ၊ ၂၀၁၈ |
| MT.FLY MARLIN | ဒီဇယ်ဆီ | SINGAPORE | ၂ ၊ ၂ ၊ ၂၀၁၈ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၃ ၊ ၂ ၊ ၂၀၁၈ |
| MT.YU RU | MOGAS(92 RON) | SINGAPORE | ၃ ၊ ၂ ၊ ၂၀၁၈ |
| MT.FLY GARNARD | ဒီဇယ်ဆီ | SINGAPORE | ၃ ၊ ၂ ၊ ၂၀၁၈ |
| MT.PRIMROSE | P.Oil (In Bulk) | INDINESIA | ၅ ၊ ၂ ၊ ၂၀၁၈ |
| MT.ERAWAN-12 | P.Oil (In Bulk) | INDINESIA | ၄ ၊ ၂ ၊ ၂၀၁၈ |
| MT.AULAC JUPITER | ဒီဇယ်ဆီ | SINGAPORE | ၆ ၊ ၂ ၊ ၂၀၁၈ |
| MT.FLY SEAL | MOGAS(92 RON) | SINGAPORE | ၆ ၊ ၂ ၊ ၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၉ ၊ ၂ ၊ ၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၉ ၊ ၂ ၊ ၂၀၁၈ |

## AEC စီးပွားရေးအခွင့်အလမ်းများကို ရယူခံစားသင့်သော SMEs လုပ်ငန်းများ

**သိန်းမြင့်ဝေ**

အာဆီယံ ၁၀ နိုင်ငံသည် စီးပွားရေးအုပ်စုတစ်ခု (One economic bloc) အဖြစ် အပြည့်အဝ ပေါင်းစည်းလျက်ရှိပြီး မိမိတို့နိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ကူညီဖြေရှင်းပေးလျက်ရှိကာ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ဆိုင်ရာ စီးပွားရေးအခွင့် အလမ်းများကို အများဆုံး ရရှိခံစားနိုင်စေရန် တိုက်တွန်းအားပေးနေပါသည်။

အာဆီယံပေါင်းစည်းမှုသည် SMEs များအတွက် အခွင့်ကောင်းဖြစ်ပြီး အာဆီယံပေါင်းစည်းမှုက SMEs များ ပိုမိုမြန်ဆန်စွာတိုးတက်ရေးအတွက် အခွင့်အလမ်းများကိုလည်း ပွင့်စေသည်။ အရှေ့တောင်အာရှဒေသအတွင်း မှတ်ပုံတင်ထားသည့် စီးပွားရေးလုပ်ငန်းစုစုပေါင်း၏ ၉၆ ရာခိုင်နှုန်းမှာ SMEs များဖြစ်သည်။ ၎င်းတို့သည် ပြည်သူလူထု၏ အလုပ်အကိုင်များကို ဖန်တီးပေးပြီးစားဝတ်နေရေးကို အဆင်ပြေစေသည်။ ထို့ပြင် ယင်းတို့သည် ဒေသ၏ ရေရှည်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အချက်အချာကျသော လုပ်ငန်းများလည်းဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးတိုးတက်သည့်အဆင့် မတူညီခြင်း၊ ယဉ်ကျေးမှုကွဲပြားခြင်းစသည်တို့ကြောင့် AEC သည် စီးပွားရေးပေါင်းစည်းမှုအတွက် ဘုံရည်မှန်းချက်နှင့် မျှော်မှန်းချက်များ (Common Vision, mission and strategic goal) ကို ချမှတ်ထားသည်။

ထိုမျှသာမက အာဆီယံသည် SMEs များအား ကမ္ဘာနှင့် ရင်ပေါင်တန်းပြိုင်ဆိုင်နိုင်ရေးနှင့် အားလုံးပါဝင်ပြီး ခံနိုင်ရည်ရှိသော စီးပွားရေးတိုးတက်သည့် ဒေသဖြစ်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ဆန်းသစ်ပြောင်းလဲမှု (Innovation)၊ လုပ်ငန်းတည်ထောင်လုပ်ကိုင်မှု (Entrepreneurship) နှင့် ပို့ကုန်တင်ပို့မှု (Exports) တို့ကို မြှင့်တင်ခြင်းအားဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ AEC ကို အကောင် အထည်ဖော်ခြင်းသည် စီးပွားရေးလုပ်ငန်းကြီးများအတွက် လည်းကောင်း၊ SME များအတွက်လည်းကောင်း အခွင့်အလမ်းများစွာကို ဖြစ်ပေါ်စေပြီး ထုတ်ကုန်သစ်များ စတင်မိတ်ဆက်ခြင်း (Introduction of new products)၊ ဈေးကွက်ပိုမိုရရှိခြင်း (Market access) နှင့် နိုင်ငံတကာဈေးကွက်တွင် ပိုမိုပါဝင်လာခြင်း (Internationalization) စသည့် အခွင့်အလမ်းများအား ရရှိခံစားစေသည်။

**တိုင်းပြည်၏ အသက်သွေးကြော**

SMEs များသည် အာဆီယံနိုင်ငံအချို့တွင် မှတ်ပုံတင်ထားသည့် စီးပွားရေးလုပ်ငန်း စုစုပေါင်း၏ ၉၈ ရာခိုင်နှုန်းရှိပါသည်။ ၎င်းတို့သည် ပြည်တွင်းလုပ်သားအင်အား ထက်ဝက်ကျော်ကို အလုပ်အကိုင်ဖန်တီးပေးနေသည်။ ထို့ကြောင့် တိုင်းပြည်၏ အသက်သွေးကြော (Lifeblood of the country's economy) ဟု ခေါ်ဆိုနိုင်သည်။ ထို့ပြင် SMEs များသည် အရှေ့တောင်အာရှဒေသ၏ စီးပွားရေးဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အချက်အချာကျပါသည်။

အာဆီယံစီးပွားရေးပေါင်းစည်းမှု (AEC) ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ SMEs များအတွက် ကြီးမားသော အခွင့်အရေးဖြစ်လာပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသ၏ စီးပွားရေးတိုးတက်မှုနှင့် ဒေသတွင်း ကုန်သွယ်မှု (Intra regional trade) တို့အတွက် ပိုမိုလွယ်ကူစွာအထောက်အကူပြုပေးနိုင်ပါမည်။ ထို့ပြင် SMEs များကို အာဆီယံနိုင်ငံများ၏ ကာလရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ကျသည့်မောင်းနှင်အား (Key economic growth driver) အဖြစ် ရှုမြင်နိုင်သည်။

**စိန်ခေါ်မှုနှင့် ဖြေရှင်းရန်နည်းလမ်းများ**

ကမ္ဘာ့ကုန်သွယ်ရေးသည် လျင်မြန်စွာပြောင်းလဲလာရာ အာဆီယံပြည်တွင်းလုပ်ငန်းငယ်များအတွက် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရပြီး အထူးသဖြင့် ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှုမှ ဖြစ်ပေါ်လာသော ကောင်းကျိုးများကို ရယူခံစားနိုင်ရန် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ SMEs အများစု ရင်ဆိုင်ရသော စိန်ခေါ်မှုမှာ ပြိုင်ဆိုင်မှုကြီးမားခြင်းဖြစ်ပြီး အခြားလုပ်ငန်းများနှင့် မပြိုင်ဆိုင်နိုင်ခြင်း(Increase in competition)ပင်ဖြစ်သည်။ SMEs လုပ်ငန်းများအတွက် နိုင်ငံတကာပြိုင်ဆိုင်မှု (International competition) သည် ၃၈ ရာခိုင်နှုန်းနှင့် ပြည်တွင်းပြိုင်ဆိုင်မှု (Local Competition) သည် ၃၇ ရာခိုင်နှုန်းဖြစ်ပေါ်လျက်ရှိပါသည်။

ဖော်ပြပါစိန်ခေါ်မှုကို ရင်ဆိုင်ကျော်လွှားရန် SMEs များသည် ငွေကြေးအရ ရပ်တည်နိုင်ရေးအတွက် ကုန်ကျစရိတ်ကို လျှော့ချသည့်နည်းလမ်းအစား သင်တန်းပေးခြင်း၊ ဈေးကွက်သုတေသနပြုလုပ်ခြင်း၊ နည်းပညာအသစ်နှင့် ဝန်ဆောင်မှုအသစ်များ ဖန်တီးခြင်း စသည်တို့တွင် ပိုမိုရင်းနှီးမြှုပ်နှံရန် လိုအပ်လာပါသည်။ အစိုးရများကလည်း ဒေသဆိုင်ရာကုန်သွယ်ရေး (Regional trade agenda) တွင် SMEs များအား ရှေ့တန်းတင်အားပေးမှုများ ပြုလုပ်ရန်လိုအပ်ပါသည်။ စီးပွားရေးပတ်ဝန်းကျင်ကောင်း ဖန်တီးပေးပြီး နိုင်ငံတကာဈေးကွက်သို့ ပိုမိုဝင်ရောက် ထိုးဖောက်နိုင်ရေးကူညီအားပေးသင့်ပါသည်။

ထို့ပြင်သက်ဆိုင်ရာဌာနများက SMEs များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအရည်အသွေးကို မြှင့်တင်ပေးခြင်းအားဖြင့် ကမ္ဘာ့အဆင့်မီထုတ်ကုန်များ (World-class products) တိုးတက်ထုတ်လုပ်နိုင်အောင် ကူညီသင့်ပါ သည်။ ထိုမျှသာမက SMEs များအား နည်းပညာအကူအညီနှင့် အတိုင်ပင်ခံဝန်ဆောင်မှု (Technical assistance and consultancy services) ဖြည့်ဆည်းပေးခြင်း၊ သင်တန်းနှင့် ဆွေးနွေးပွဲများ (Trainings and seminars) ကျင်းပပေးခြင်း၊ ဓာတ်ခွဲဆန်းသစ်မှုများ (Laboratory analyses) ပံ့ပိုးပေးခြင်း၊ အဆင့်အတန်းမီသော လုပ်ငန်းသုံး ပစ္စည်းကိရိယာများ (Industry-standard equipments) အသုံးပြုစေခြင်းနှင့် အခြားသော နည်းပညာများ ရရှိလက်လှမ်းမီစေခြင်းတို့ကို ဆောင်ရွက်ပေးသင့်ပါသည်။ ဆက်လက်၍ SMEs များ၏ ဈေးကွက်ရှာဖွေခြင်း (Market prospection)၊ ထုတ်ကုန်ဖွံ့ဖြိုးရေး (Product development) နှင့် ဈေးကွက်အသစ် တိုးချဲ့ခြင်း (market diversification) တို့အတွက် လိုအပ်သော ငွေကြေးရရှိစေရန် ပံ့ပိုးပေးရမည်ဖြစ်သည်။

**ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချခြင်း**

အစဉ်အမြဲပြောင်းလဲနေသော နည်းပညာနှင့် ဆိုက်ဘာလောက (Technology and cyber world) သည် SMEs များအတွက် ကောင်းကျိုးပြုနေပါသည်။ ဒီဂျစ်တယ်နည်းပညာသည် SMEs များအား ပြည်တွင်းဈေးကွက်အပြင် ဒေသဆိုင်ရာ ဈေးကွက်၊ အပြည်ပြည်ဆိုင်ရာ ဈေးကွက်များနှင့် ချိတ်ဆက်ပေးသည်။ လူမှုရေးမီဒီယာများ (Social media sites) ကို အသုံးချခြင်းအားဖြင့် SMEs များ၏ ၈၀ ရာခိုင်နှုန်းသည် အကျိုးအမြတ်ရရှိပြီး ဝင်ငွေတိုးပွားလျက်ရှိကြောင်း သိရပါသည်။ ထို့ပြင် လူမှုရေးမီဒီယာများသည် လက်ရှိစားသုံးသူများအတွက် ပိုမိုခိုင်မာသော သတင်းအချက်အလက်များ ပေးနိုင်သကဲ့သို့ ကမ္ဘာတစ်ဝန်းရှိ ဈေးကွက်များဆီသို့လည်း မိမိတို့၏ သတင်းအချက်အလက်များကို ပို့ဆောင်ပေးသည်။ ထို့ကြောင့် SMEs များသည် နယ်စပ်ဖြတ်ကျော်အီလက်ထရောနစ် ကူးသန်းရောင်းဝယ်မှု (Cross-border e-commerce) ကို အသုံးချ၍ ကောင်းကျိုးခံစားနိုင်သည်။

အထူးသဖြင့် Online shop များပိုမိုခေတ်စားလာဖွယ်ရှိရာ Online ရောင်းဝယ်မှုအစီအစဉ်များက လူတိုင်း၏ Smart-phone တွင် အလွယ်တကူရရှိနိုင်ပါသည်။ ထို့ကြောင့် အဆိုပါနည်းပညာများကို အသုံးချ၍ စီးပွားရေးလုပ်ဆောင်ရန်လိုအပ်နေပြီဖြစ်သည်။ AEC ကဲ့သို့သော အပြိုင်အဆိုင်ရှိသည့်ဈေးကွက်အနေအထားမျိုးတွင် SMEs များ မိမိတို့ဖောက်သည်များ၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးရန်အတွက် နည်းလမ်းမျိုးစုံ အသုံးချသင့်ပါသည်။

**စာမျက်နှာ ၁၇ သို့**

## ချင်း

### ပြောင်းသီးနှံအဝယ်လိုက်လို့ ရှမ်းချင်းအရောင်းအေး

ဒီတစ်ပတ်ရှမ်းတောင်ရဲ့ သီးနှံဈေးကွက်မှာ ပြောင်းသီးနှံအဝယ်လိုက်လို့ ချင်းဈေးကွက်က အရောင်းအေးသွားပါတယ်။ အရောင်းအဝယ်အေးတာကြောင့် ချင်းဈေးအနည်းငယ်ကျလာပေမယ့် ပစ္စည်းအဝင်ကတော့ပုံမှန်ရှိနေပါတယ်။ ပြည်ပအဆွဲမရှိတာရယ် ကုန်သည်တွေက ပြောင်းကိုဦးစားပေးဝယ်ယူနေတာကြောင့် အရောင်းအေးနေတယ်လို့ သိရပါတယ်။ ပြည်တွင်းဝယ်လက်တွေဖြစ်တဲ့ မန္တလေး၊ ရန်ကုန်၊မုံရွာနှင့်ပြည်ဘက်ကတော့ ပုံမှန်အဝယ်ရှိပြီး စစ်တွေဝယ်လက်တွေက ဒီတစ်ပတ်မှာအဆွဲနည်း သွားတယ်လို့သိရပါတယ်။ ယခုတစ်ပတ်မှာ ချင်း(စို)တစ်ပိဿာကျပ် ၂၅၀ မှ ၃၀၀ရှိပါတယ်။ ပြည်တွင်းဈေးကွက်အဆွဲနဲ့ ဒေသတွင်း လက်လီဈေးပတ်သမားများရဲ့ အဆွဲကြောင့် ဒီတစ်ပတ်မှာတော့ ချင်းပိဿာချိန် နှစ်သိန်းနှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

ချင်း(ခြောက်)ကတော့ အဝင်အနည်းငယ်သာရှိပြီး ဒေသတွင်းဝယ်လက်ဖြစ်တဲ့ လက်လီရောင်းသမားတွေသာ အဆွဲရှိနေပြီး တစ်ပတ်အတွင်း ပိဿာချိန်ရှစ်သောင်းခန့်သာအရောင်းအဝယ်ရှိခဲ့တယ်လို့သိပါတယ်။ ချင်း(ခြောက်)ဈေးကတော့ ဒီတစ်ပတ်မှာ တစ်ပိဿာကျပ် ၉၀၀ မှ ၁၀၀၀ ခန့်ရှိတယ်လို့ ချင်းပွဲရုံများမှ သိရှိရပါတယ်။

**စောယုထွေး (တောင်ကြီး)**

### ဒီတစ်ပတ် ပင်လယ်ရေကြောင်းမှ ချင်းတင်ပို့မှုလျော့

ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၆၀တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၂၄၀ ကျော် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၈၀ တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄၃၄၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

### နနွင်းဈေးငြိမ်ပြီး ပြည်တွင်းရောင်းဝယ်မှု အနည်းငယ်သာရှိ

ဒီတစ်ပတ်မှာတော့ နနွင်းအသစ်များဈေးကွက်ကို အနည်းငယ်စဝင်လာပြီလို့ သိရပါတယ်။ အောင်ပန်းနားတစ်ဝိုက်ကထွက်တဲ့ နနွင်းတွေပဲဝင်သေးတယ်လို့လည်း သိရပါတယ်။နနွင်းဈေးကွက်က ငြိမ်နေတာကြာပြီဖြစ်ပြီး ဒီတစ်ပတ်မှာတော့စစ်တွေဝယ်လက်တွေက ချင်းအဝယ်မရှိပေမယ့် နနွင်းဘက်ကို နည်းနည်းအားထည့်လာတယ်လို့သိရပါတယ်။

ပြည်ပဈေးကွက်တော့မရှိသေးဘူးလို့လည်းသိရပါတယ်။ ပြည်တွင်းဈေးကွက်မှာတော့ ပရဆေးဖော်ဖို့၊ ခြင်ဆေးခွေလုပ်ဖို့နဲ့ အမှုန့်ကြိတ်လုပ်ငန်းတွေအတွက် တပ်ကုန်း၊ ပြည်၊ ရန်ကုန်၊ စစ်တွေဝယ်လက်များရဲ့ အဆွဲကြောင့် ဒီတစ်ပတ်မှာတော့ ပိဿာချိန်တစ်သိန်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။ နနွင်းဈေးကတော့ တောင်ပို့လစနနွင်း တစ်ပိဿာကျပ် ၁၁၀၀၊ ဆင်တောင်နနွင်းအဆင့်တစ်တစ်ပိဿာကျပ် ၃၇၀၀၊ ဆင်တောင်နနွင်း အဆင့်နှစ် တစ်ပိဿာကျပ်၁၁၀၀ - ၁၂၀၀ခန့်ဈေးရှိတယ်လို့သိရှိရပါတယ်။ဟိုပုံးဈေးကွက်မှာလည်း ပြည်တွင်းဝယ်လက်များသာအဝယ်ရှိနေပြီး နနွင်းအရည်အသွေးပေါ်မူတည်ပြီး နနွင်းတစ်ပိဿာအနိမ့်ဆုံးကျပ် ၁၀၀၀မှ အမြင့်ဆုံးကျပ်၂၀၀၀ရှိတယ်လို့သိရပါတယ်။

**စောယုထွေး၊ တောင်ကြီး**

### မူဆယ်မှ နနွင်းတက်တန် ၁၀၀ကျော်တင်ပို့

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့အမေရိကန်ဒေါ်လာ ၁၀၇၂၇၇ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၁၄၉ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ နနွင်းတင်ပို့မှုမရှိခဲ့ပါဘူး။ နနွင်းတက်တစ်တန်ရဲ့ မိမိဖက်ပေါက်ဈေးမှာ(ငွေလဲနှုန်းအရ)ကျပ် ၉၅၄၀၀၀ ဝန်းကျင်ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၉၂၄၀၀၀ ခန့်ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

### ရေလမ်းမှ စင်ကာပူနဲ့ ပါကစ္စတန်သို့ နနွင်းတင်ပို့

ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း နနွင်း (ရှမ်းစ) အသစ် ၁၀၉ဒသမ ၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ ခဲ့ပါတယ်။ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံသို့ ၇၃ ဒသမ ၅တန်နဲ့ပါကစ္စတန်နိုင်ငံသို့ ၃၆ တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်း ၉၂တန်ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ ယှဉ်ရင် ၁၇တန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကိုပျမ်းမျှအမေရိကန်ဒေါ်လာ ၇၂၀-၇၅၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၈၄၇၂ ဝင်ငွေရရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။

**သီတာဝင်း(DOT)**

## ကြက်သွန်

### ပြည်ကြက်သွန်နီ အရည်အသွေးကောင်းပြီး အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ဝင်ရောက်လာသော ကြက်သွန်နီများမှာ အရည်အသွေးပိုမိုကောင်းမွန်လာတာ တွေ့ရပါတယ်။ အရည်အသွေးကောင်းမွန်ပြီး အစိုဓာတ်နည်းသွားသည့်အတွက် ဈေးနှုန်းအားဖြင့် ယခင်တစ်ပတ်ထက် လက်ကားဈေးအ နည်းငယ် မြင့်တက်သွားတာ တွေ့ရပါတယ်။ ဈေးအနည်းငယ်မြင့်ပေမယ့် အရည်အသွေးကောင်းသဖြင့် အရောင်းအဝယ်မှာ အရမ်းအသွက်ကြီးမဟုတ်ပေမယ့် ရောင်းကောင်းသည့် အနေအထားတွင်ရှိနေကြောင်း ပွဲရုံလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရပါတယ်။ ရေနံချောင်း၊ တောင်တွင်းဘက်မှ ကြက်သွန်နီများ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၃၅၀ခန့် ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ် အနေဖြင့် ဒေသတွင်းဝယ်လက်သမားများ၊ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကို ဝင်ရောက်မှုရဲ့ သုံးပုံနှစ်ပုံခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

ဈေးနှုန်းအနေနဲ့ အရည်အသွေး ပေါ်မူတည်ကာ ခွဲခြားသတ်မှတ်ရောင်းဝယ်လျက်ရှိကာ ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင်ကျပ် ၁၅၀၀-၁၆၀၀-၁၇၀၀-၁၈၀၀ စသည်ဖြင့်ရောင်းချလျက်ရှိပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၂၂၀၀၊ (လတ်) ကျပ် ၂၀၀၀ ၊ (သေး)ကျပ်၁၈၀၀ စသည်ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိပါတယ်။ ယခင်တစ်ပတ်လက်ကားဈေးကျပ် ၁၄၀၀-၁၅၀၀-၁၅၅၀ ရှိ၍ လက်လီဈေး (ကြီး)ကျပ် ၂၂၀၀-၂၄၀၀၊ (လတ်) ကျပ် ၂၀၀၀- ၂၁၀၀၊(သေး) ကျပ် ၁၉၀၀ရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် ပျမ်းမျှကျပ် ၂၀၀ ခန့် မြင့်တက်သွားတာ တွေ့ရပါတယ်။

ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီများလည်း တွေ့ရှိရပြီး ဗမာကြက်သွန်နီများဈေးနှုန်းကျဆင်းသည့်အတွက် တရုတ်ကြက်သွန်နီအနေဖြင့် ဝယ်လိုအားကျဆင်းသွားပြီး အရောင်းအဝယ်အေးနေသလို ဈေးနှုန်းမှာလည်း ကျဆင်းသွားကြောင်းသိရပါတယ်။ ဈေးနှုန်းအနေနဲ့ ယခင်လက်လီ/ လက်ကားတစ်ပိဿာလျှင် ကျပ် ၉၀၀-၁၂၀၀ ရှိပြီး ယခုလက်လီလက်ကား တစ်ပိဿာလျှင်ကျပ် ၆၀၀-၈၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိနေကြောင်းသိရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

### ပခုက္ကူတွင် ပြည်ပအဝယ်လိုက်၍ နှမ်းဈေးတက်ပြီး ကြက်သွန်နီဈေးအနည်းငယ်ကျ

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ် ပဲစင်းငုံနီအသစ်ဈေးနှုန်းမှာတစ်တင်းလျှင်ကျပ် ၁၃၀၀၀ဖြင့် အိတ် ၁၀၀နှင့် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ်၁၂၅၀၀ဖြင့် နေ့စဉ်အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲဝါ HL အဟောင်းတစ်တင်းလျှင် ကျပ် ၂၈၀၀၀ဖြင့် အိတ် ၅၀ခန့်၊ အသစ်တစ်တင်းလျှင်ကျပ် ၂၇၅၀၀ဖြင့် အိတ်၅၀ခန့်၊ ကုလားပဲဖြူလုံးကြီး V2 အသစ်တစ်တင်းလျှင် ကျပ် ၂၇၅၀၀ ဖြင့်အိတ် ၅၀ခန့်၊ အဟောင်းတစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဖြင့် အိတ်၅၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပြောင်းဖူးစေ့(CP)ဈေးတရိပ်ရိပ်တက်လျက်ရှိပြီး ဇန်နဝါရီလပထမပတ်က တစ်တင်းလျှင် ကျပ် ၈၇၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၉၀၀၀ ဖြင့် အိတ် ၅၀မှ ၁၀၀ခန့်ထိ အရောင်းအဝယ်ဖြစ် လျက်ရှိပါတယ်။

မတ်ပဲတစ်တင်းလျှင်ကျပ် ၁၆၈၀၀ဖြင့် အိတ်၅၀ကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဈေးကွက်ကတော့ ပြည်ပမှအဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပြီး ယခင်တစ်ပတ်က နှမ်းနက် (ဂွ) တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင်ကျပ် ၃၄၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ နှမ်းနက်(စမုံ) တစ်တင်းလျှင် ကျပ်၃၀၀၀၀ မှ ၄၁၀၀၀ဖြင့် အိတ် ၅၀ခန့် အရာင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာအနည်းငယ်ကျဆင်းလျက်ရှိကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၁၇၀၀၊ လတ်စတစ်ပိဿာလျှင်ကျပ် ၁၃၀၀၊ နိမ့်စတစ်ပိဿာလျှင်ကျပ် ၈၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ထိပ်စတစ်ပိဿာလျှင်ကျပ် ၁၆၀၀၊ လတ်စတစ်ပိဿာလျှင် ကျပ် ၁၂၀၀၊ နိမ့်စတစ်ပိဿာလျှင် ကျပ် ၆၀၀ ဖြင့် နေ့စဉ်ပိဿာချိန် ၂၀၀၀၀မှ ၃၀၀၀၀ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

### ကယားပြည်နယ်မှ ယခုတစ်ပတ်အတွင်း ဆန်၊ စပါး၊ပြောင်းနှင့် အခြားသီးနှံများ တင်ပို့မှုနှင့် ကုန်ဈေးနှုန်းအခြေအနေ

ဇန်နဝါရီလ ၂၅ ရက်မှ ၃၁ ရက်အထိ သီတင်းပတ်အတွင်း ကယားပြည်နယ်မှမန္တလေး-မူဆယ်သို့ဒေသထွက် ဧည့်မထ ဆန် ၃၆၅၀ အိတ်၊ တန်ချိန်အားဖြင့် ၁၈၃ ဒသမ ၂၇ တန်ခန့် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကထက် ဆန် ၂၆ ဒသမ၇၆တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ကယားပြည်နယ်အတွင်းသို့ တင်သွင်းရာမှာလည်း ရန်ကုန်မြို့မှ ၂၁၄၀ အိတ်၊ မန္တလေးမြို့မှ ၈၀၀ အိတ်၊ ရွှေဘိုမြို့မှ ၁၆၇၀ အိတ် တင်သွင်းခဲ့ပြီး ဆန်အိတ်စုစုပေါင်း ၄၆၁၀ အိတ်၊ တန်ချိန်အားဖြင့် ၂၃၁ ဒသမ ၄၇တန်ရှိကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း သီးနှံများတင်ပို့ရာတွင် ကယားပြည်နယ်မှ ပြောင်းအိတ်စုစုပေါင်း ၃၀၂၇၀ အိတ် တန်ချိန်အားဖြင့် ၁၄၈၂ ဒသမ ၈၃ တန်ခန့်တင်ပို့ထားပြီး၊ ယခင်တစ်ပတ်ထက် ပြောင်းတန်ချိန် ၄၃၈ ဒသမ ၄၃ တန်ခန့် တင်ပို့မှုလျော့နည်းလာကြောင်းတွေ့ ရှိရပါတယ်။ ယခုတစ်ပတ်အတွင်း ရန်ကုန်မြို့ရှိပွဲရုံများ၊ မန္တလေးမြို့ရှိပွဲရုံများသို့ပြောင်းတင်ပို့မှုရှိကြောင်း၊လက်ရှိပြောင်းဈေးနှုန်းမှာ ဇန်နဝါရီ ၂၆ ရက်က ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၄၈၀ရှိပြီး ဖေဖော်ဝါရီ ၁ရက်တွင် ကျပ် ၄၇၀ ရှိတာကြောင့် ဈေးအနည်းငယ်ကျဆင်းသွားကြောင်း သိရှိရပါတယ်။ဇန်နဝါရီ ၂၆ ရက်တွင် ဧည့်မထ (မိုး) စပါးတင်း၁၀၀ လျှင် ကျပ် ၆၅၁၀၀၀ ဈေးပေါက်ပြီး၊ ဖေဖော်ဝါရီ ၁ ရက်တွင် ဧည့်မထ(မိုး) စပါးတင်း(၁၀၀)လျှင် ကျပ် ၆၇၆၀၀၀ ဈေးရရှိတာကြောင့် ယခင်တစ်ပတ်ထက် ကျပ် ၂၅၀၀၀ခန့် ဈေးတက်လာကြောင်း၊ အလားတူပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ ၊ တစ်ပြည်လျှင် ကျပ် ၂၈၀၀ ၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀ ၊ တစ်ပြည်လျှင် ကျပ် ၁၂၅၀၊ ဧည့်မထ(ဒေသ)ဆန်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၃၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၄၀၀၀၊တစ်ပြည်လျှင်ကျပ် ၁၁၀၀ရှိပြီး စားသုံးဆီဈေးနှုန်းများမှာ ပဲဆီလက်လီဈေး တစ်ပိဿာလျှင် ကျပ် ၅၂၀၀ ဖြစ်ပြီး လက်ကားဈေးမှာ ကျပ် ၅၇၀၀ ၊ နှမ်းဆီ လက်လီဈေး တစ်ပိဿာလျှင် ကျပ် ၄၄၀၀ ဖြစ်ပြီး လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၅၂၀၀၊ စားအုန်းဆီ လက်လီဈေး တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဖြစ်ပြီး လက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၂၇၀၀ ရှိကြောင်း ကယားပြည်နယ်စားသုံးသူ ကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

# ၂၀၁၈ နှစ်သစ်မှာ နိုင်ငံတွင်းထွက် ကျောက်မျက်ရတနာများနှင့် လှုပနေသော (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်

နေ(ရှမ်းမောမြေ)


မြန်မာနိုင်ငံဟာ သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းများနဲ့ ကျောက်မျက်ရတနာမျိုးစုံထွက်ရှိတဲ့ မြေကြီးမှ ရွှေသီးသော အဖိုးတန်ရတနာမြေများ ပိုင်ဆိုင်ရာ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ကမ္ဘာကျော်တန်ဖိုးကြီး ကျောက်စိမ်းများ၊ ပတ္တမြားများ၊ နီလာနဲ့ အခြားအဖိုးတန်ကျောက်မျက်ရတနာများစွာ ထွက်ရှိပြီး အဖိုးထိုက်တန်သော ကျောက်စိမ်းကို လုံးခင်း၊ ဖားကန့် ရတနာမြေတွင်လည်းကောင်း၊ တန်ဖိုးကြီး ပတ္တမြားကို မိုးကုတ်ရတနာမြေနှင့် မိုင်းရှူးရတနာမြေတို့တွင်လည်းကောင်း စီးပွားဖြစ် တူးဖော်ထွက်ရှိကြောင်း သိရှိရပြီး ဒေသအလိုက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော နိုင်ငံသားလုပ်ငန်းရှင်များကို လုပ်ကွက်စိစစ်၍ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ ရရှိလာတဲ့ ကျောက်မျက်ရတနာများကို မိမိနိုင်ငံတွင် ကျောက်မျက်ရတနာ ပြပွဲများ ပြုလုပ်ရောင်းချပေးခြင်း၊ ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်၍ ပြသပေးခြင်း၊ ပြည်ပသို့ တရားဝင်တင်ပို့ရောင်းချ ခွင့်ပြုပေးခြင်းတို့အား နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ပါတယ်။

တန်ဖိုးမြင့် ကျောက်မျက်ရတနာများအား ကျောက်မျက်ရတနာပြပွဲများ၊ ကုန်စည်ပြပွဲ အခမ်းအနားများတွင် ပြသနိုင်ခြင်းဖြင့် နိုင်ငံတကာမှ စိတ်ဝင်စားမှု ပိုမိုမြင့်တက်မှာဖြစ်သလို မိမိနိုင်ငံထွက် တန်ဖိုးမြင့်ကျောက်မျက်ရတနာများ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံတော်၏ ဝင်ငွေတိုးတက်မြင့်မားပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများလည်း ရရှိခံစားရမှာဖြစ်ပါတယ်။ ကုန်သွယ်မှုကဏ္ဍမြင့်မားတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုတဲ့အတွက် ကုန်သွယ်မှုပမာဏများလည်း မြင့်မားတိုးတက်လာမှာ မလွဲဧကန်ဖြစ်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၆၄ ခုနှစ်မှစပြီး ကျောက်မျက်ရတနာပြပွဲများ တရားဝင်ကျင်းပပြုလုပ်ခဲ့ရာ အကြိမ်ပေါင်း ၉၀ နီးပါး ပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၁၇ ခုနှစ် ဩဂုတ် ၂ ရက်မှ ၁၁ ရက်အထိ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး ၉၁ ပွဲမြောက် ရတနာပြပွဲဖြစ်ကြောင်း သိရှိရပါတယ်။ နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်းလည်း ကြားသိရပါတယ်။ ဒ့ါအပြင် ၂၀၁၇ ခုနှစ်ရဲ့ နှစ်လယ်ကျောက်မျက်ရတနာပြပွဲကိုလည်း ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်မှ ၂၁ ရက်အထိ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ ပြည်ပရတနာကုန်သည် ၂၀၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်းလည်း သိရပါတယ်။



မြန်မာ့ကျောက်မျက်ရတနာ ပြပွဲများ၏ အကျိုးရလဒ်အနေဖြင့် ၂၀၁၈ ခုနှစ်ရဲ့ နှစ်သစ် ဇန်နဝါရီလအတွင်းမှာ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ မြန်မာ့ကျောက်စိမ်းများ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းကို တွေ့ရှိရပါတယ်။




မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တင်ပို့လျက်ရှိသော မြန်မာနိုင်ငံထွက် ကျောက်စိမ်းများ၏ တင်ပို့မှုတန်ချိန်နှင့် ကုန်သွယ်မှုတန်ဖိုးအား လေ့လာကြည့်ရာမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလ ၂၅ ရက်နေ့အထိ တန်ချိန် ၁၃၉၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃၀၅ သန်းကျော်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလ ၂၅ ရက်အထိ တန်ချိန် ၁၂၇၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၆၄ သန်းကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလ ၂၅ ရက်အထိ တန်ချိန် ၂၉၉၂ တန်ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၁၄ သန်းကျော်ရှိကြောင်း တွေ့ရှိရပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလ ၂၅ ရက်အထိ ကျောက်စိမ်းတင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာနှစ် နှစ်နှစ်ထက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၉ သန်းကျော်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၅၀ ကျော်၊ ဧပြီလမှ ဇန်နဝါရီလ ၂၅ ရက်အထိ ကာလတူတွင် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါတယ်။

ပိုမိုတင်ပို့နိုင်သော အနေအထားကို လေ့လာကြည့်ရာမှာ ကုန်စည်ပြပွဲများကျင်းပခြင်း၊ ကျောက်မျက်ရတနာ ပြပွဲများကျင်းပခြင်းရဲ့ အကျိုးရလဒ်တစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့ရပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်မှ ၂၁ ရက်အထိ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ကျင်းပခဲ့တဲ့ နှစ်လယ်ကျောက်မျက် ရတနာပြပွဲနောက်မှာတော့ အကျိုးရလဒ် အနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၄ ရက်၌ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် ဝင်ရောက်စစ်ဆေးခံ၍ တစ်ဖက်နိုင်ငံသို့ တင်ပို့မည့် ကျောက်စိမ်းတင်ဆောင်လာသော ယာဉ်လေးစီး၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ၂၅ ရက်တွင် ၃၈ စီး၊ စုစုပေါင်း ၄၂ စီး၊ အမေရိကန်ဒေါ်လာ ၁၃၇ သန်းကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် သိသာထင်ရှားစွာ ပိုမိုတိုးတက်ရတာဖြစ်ကြောင်း တွေ့ရှိခဲ့ရတာကြောင့် နိုင်ငံအတွက် အကျိုးရလဒ်ကောင်း ဖြစ်ပေါ်စေတဲ့ နေ့ရက်အနေဖြင့် သိသာထင်ရှားစွာ ဖြစ်ပေါ်စေမှာ ဧကန်မလွဲဖြစ်ပါတယ်။



မြန်မာ့ကျောက်စိမ်း၊ကျောက်မျက်ရတနာများရဲ့ အဖိုးအနဂ္ဃထိုက်တန်မှုအပေါ် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပိုမိုသိရှိစေရန်အလို့ငှာ ကျောက်မျက်ရတနာပြပွဲများ ပိုမိုပြုလုပ်ပေးခြင်း၊ ကုန်စည်ပြပွဲများတွင် ပိုမိုခမ်းနားထည်ဝါစွာ ပြသဆောင်ရွက်ပေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်စေရေး၊ ကုန်သွယ်မှုအခွင့်အလမ်းကောင်းများ ရရှိစေရေး၊ ပို့ကုန်ကဏ္ဍ တိုးတက်မြင့်မား စေရေးတို့အတွက်လည်း အရည်အသွေးမြင့် မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်ရတနာများ၏ အခန်းကဏ္ဍမှာ တစ်စိတ်တစ်ဒေသ ပါဝင်လျက်ရှိနေကြောင်းတွေ့ရှိရပါတယ်။

အရည်အသွေးမြင့် မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်ရတနာများ တန်ဖိုးမြင့် ပိုမိုတင်ပို့နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ အခွန်အခများပိုမိုရရှိ၍ နိုင်ငံတော်၏ဝင်ငွေ တိုးတက်လာစေရေး အထောက်အကူပြုလျက်ရှိနေပါကြောင်း သိရှိနိုင်စေရန်အလို့ငှာ ရေးသားတင်ပြလိုက်ရပါတယ်။

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ်ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့

ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိသီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၇၇၄၇၈၃၄ တန်ဖိုးရှိ ဓာတ်ဆီ ၃၂၅၉၂ ဒသမ ၃၆ တန်နဲ့ အမေရိကန် ဒေါ်လာ ၂၃၄၃၀၂၇၃ တန်ဖိုးရှိ ဒီဇယ် ၄၁၆၅၇ ဒသမ ၀၃ တန်၊ စုစုပေါင်း ၇၄၂၄၉ ဒသမ ၃၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း (95) တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၉၆၈၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၅၂၃၀ ကျော် တင်သွင်းမှုလျော့နည်းပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၁၄၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၁၁၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီအဝင်ပိုပြီး ဒီဇယ်အဝင်လျော့ခဲ့ပါတယ်။

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၀၉၂၁၅ တန်ဖိုးရှိ ဒီဇယ် ၁၆၇၈ ဒသမ ၀၄ တန် ကိုတင်သွင်းခဲ့ပြီး၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၈၈ တန်ဖိုးရှိ Re-export ဒီဇယ် ၅၆၆၆ ဒသမ ၇၁ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၈၄၀၊ အောက်တိန်း (92) ကျပ် ၈၁၀ ၊ အောက်တိန်း (95) ကျပ် ၈၅၀၊ အဆင့်မြင့်ဒီဇယ် ၈၅၅ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၂၉ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၆၃၀၀၀၊ ရောင်းဈေး ကျပ် ၁၆၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၀၀၀၀၊ ရောင်းဈေး ကျပ် ၁၇၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၂၉ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ်၁၇၀၀၀၀၊ ရောင်းဈေး ကျပ် ၁၇၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်တွင် ဝယ်ဈေး ကျပ် ၅၀၀၀၊ ရောင်းဈေး ကျပ် ၃၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးကျခဲ့ပြီး ဓာတ်ဆီဈေး အနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)နဲ့ အောက်တိန်း (95) မှာ ဈေးငြိမ်နေပြီး ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာအောက်တိန်း (95) တစ်လီတာ ကျပ် ၉၃၀၊ ဒီဇယ် တစ်လီတာ ကျပ် ၈၉၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၉၁၀ ၊ အောက်တိန်း (92) တစ်လီတာ ကျပ် ၈၈၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၂၉ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၈၄၀၀၀၊ ရောင်းဈေး ကျပ် ၁၈၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်တွင် ဝယ်ဈေးကျပ် ၁၈၀၀၀၀၊ ရောင်းဈေး ကျပ် ၁၈၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92)ဈေးမှာ ဇန်နဝါရီလ ၂၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်တွင် ဝယ်ဈေး ကျပ် ၄၀၀၀၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်မှာဈေးနည်းနည်းမြင့်ပြီး ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း(95)မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ်၊ ၈၉၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၈၅၀ ၊ အောက်တိန်း (95) ၈၉၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၁၀၀ ၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၉၀၀ ၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ကျပ် ၈၆၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၈၀၊ အောက်တိန်း (92) ကျပ် ၈၇၀၊ အောက်တိန်း (95) ကျပ် ၁၀၁၀ နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 2-2-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 66.12 | 0.42 | 0.64 |
| Brent Crude Futr (USD/bbl) | 69.96 | 0.31 | 0.45 |
| Gasoline Rbob Fut (Cent/gal) | 190.42 | 0.64 | 0.34 |
| Natural Gas Futr (USD/MMBtu) | 2.90 | 0.04 | 1.51 |
| Heating Oil Futr (Cent/gal) | 209.72 | 0.68 | 0.33 |

## ဒေါ်လာငွေလဲနှုန်း ကျပ် ၁၃၂၀ ကျော်အထိ ရောက်ရှိ

ယခုနှစ် ဇန်နဝါရီလမှစတင်ကာ ဈေးနှုန်းကျဆင်းလာခဲ့သော ပြည်တွင်းငွေလဲနှုန်းသည် ဖေဖော်ဝါရီလဆန်းအထိဈေးဆက်ကျခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာ ၁၃၄၀ ကျပ်မှ ၁၃၂၉ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ယခုတစ်ပတ်တွင် အမေရိကန် အစိုးရအနေဖြင့် စစ်ဘက်ဆိုင်ရာအသုံးစရိတ်ကို ဒေါ်လာ ၁ ဒသမ၅ ထရီလီယံသတ်မှတ်ခြင်း၊ လာမည့်နှစ်တွင် အမေရိကန်အစိုးရဘတ်ဂျက်လိုငွေပမာဏ ၁ထရီလီယံထိ ရောက်ရှိလာနိုင်ဟူသော ခန့်မှန်းချက်တို့ကြောင့် နိုင်ငံတကာဈေးကွက်အတွင်း ဒေါ်လာငွေတန်ဖိုး ကျဆင်းခဲ့ရကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်တွင်လည်း အမေရိကန်ဒေါ်လာဝယ်လိုအား ကျဆင်းခဲ့ကာ ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇန်နဝါရီ ၂၉ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၃ကျပ်၊ ဝယ်ဈေး ၁၃၂၀ ကျပ်၊ ဇန်နဝါရီ ၃၁ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၉ ကျပ်၊ ဝယ်ဈေး ၁၃၂၇ ကျပ်ထိ ဈေးအနည်းငယ်တက်ခဲ့ပေမယ့် ဖေဖော်ဝါရီ ၂ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၈ကျပ်၊ ဝယ်ဈေး ၁၃၂၆ကျပ်ဖြင့် ဈေးပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## MAEX ကုမ္ပဏီ ယခုနှစ်အတွင်း ရန်ကုန်စတော့ဈေးကွက်သို့ ဝင်ရောက်မည်

မြန်မာအက်ဂရိအိတ်စ်ချိန်း ပတ်ဘလစ်လီမိတက် (MAEX)သည် ယခုနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်နိုင်ရန်ပြင်ဆင်နေကြောင်း အဆိုပါကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်နိုင်ရန်အတွက် MAEX အများပိုင်ကုမ္ပဏီမှ ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ Underwriter အဖြစ် KBZSC က တာဝန်ယူမည်ဖြစ်ပြီး AYA Trust၊ CB Securities၊ KTZRH နှင့် AIS စသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ Coorperating Partners များအဖြစ် တာဝန်ယူသွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာအက်ဂရိအိတ်စ်ချိန်း ပတ်ဘလစ်လီမိတက် (MAEX)ကို ဒဂုံအင်တာနေရှင်နယ်လီမိတက်မှ အစုရှယ်ယာ ၄၅ရာခိုင်နှုန်းနှင့် အများပြည်သူအစုရှယ်ယာ ၅၅ ရာခိုင်နှုန်းတို့ဖြင့် တည်ထောင်ထားခြင်းဖြစ်ပြီး ယခုအခါ တည်းကုန်းသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်လက်ကားဈေးသစ်ကြီးကို တည်ဆောက်ပေးခဲ့ကာ အဓိကစီးပွားရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ စုစည်းပေါင်းစပ်ခြင်းနှင့် စိုက်ပျိုးရေးကုန်စည်တင်သွင်းခြင်းလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီ ငါးခုမှာ FMI၊ MTSH၊ မြန်မာနိုင်ငံသားများဘဏ်၊ ပထမပုဂ္ဂလိကဘဏ်နှင့် TMH (တီအမ်အိတ်ချ်ဆက်သွယ်ရေးအများပိုင်ကုမ္ပဏီ)တို့ဖြစ်သည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး အနည်းငယ်ကျလာခဲ့

ဖေဖော်ဝါရီပထမပတ်ပြည်တွင်းရွှေဈေးကွက်အတွင်း ရွှေဈေး အနည်းငယ်ကျလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက ကျပ် ၉၅၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း ကျပ်၉၅၀၀၀၀အောက်သို့ ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။

"ရွှေဈေး မကျဘူးလားဆိုရင်တော့ နည်းနည်းကျတယ်လို့ပဲ ပြောရမယ်။ ထပ်ကျဦးမလားဆိုရင်တော့အဓိကက ဈေးကွက်ကိုစောင့်ကြည့်ရဦးမှာပဲ။ ဒေါ်လာဈေးကလည်း ဆက်တိုက်ကျနေတာဆိုတော့ ရွှေဈေးကိုလည်း သက်ရောက်မှုရှိတယ်။ တစ်ခုရှိတာကတော့ တရုတ်နှစ်ကူးကာလလည်း ဖြစ်နေတော့ ပြည်တွင်းရွှေဈေး တက်လာတာမျိုးလည်းရှိနိုင်ပါတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။

ပြည်တွင်း ရွှေဈေးကွက်တွင် ဇန်နဝါရီ ၂၉ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၇၀၀၀ ရှိခဲ့ရာမှ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၉၄၂၀၀၀ ဝန်းကျင်သို့ ကျလာခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်တွင် ကျပ် ၉၄၇၀၀၀ သို့ ပြန်တက်လာခဲ့သော်လည်း ဇန်နဝါရီလအတွင်း စံချိန်တင်မြင့်တက်ခဲ့သော ကျပ် ၉၅၀၀၀၀ ကျော်အထိ မရောက်ရှိခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

February 2, 2018

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.25 |
| BDT | Bangladesh Taka | 83.29 |
| CAD | Canada Dollars | 1.23 |
| CNY | China Yuan Renminbi | 6.28 |
| EUR | Euro | 0.80 |
| H KD | Hong Kong Dollars | 7.82 |
| I NR | India Rupees | 64.10 |
| I DR | Indonesia Rupiahs | 13448.07 |
| JPY | Japan Yen | 109.71 |
| MYR | Malaysia | 3.89 |
| PKR | Pakistan Rupees | 110.72 |
| PHP | Philippines Pesos | 51.67 |
| RUB | Russia Rubles | 56.08 |
| SGD | Singapore Dollars | 1.31 |
| KRW | South Korea Won | 1079.97 |
| LKR | Sri Lanka Rupe | 154.11 |
| THB | Thailand Baht | 31.37 |
| GBP | United Kingdom Pounds | 0.70 |
| VND | VietnamDon | 22710.14 |

*Source:xe.com*

## World Gold Price

January-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 29 | 1335 | 1333 | 1335 |
| 30 | 1340 | 1338 | 1337 |
| 31 | 1344 | 1342 | 1342 |
| 1 | 1369 | 1366 | 1362 |
| 2 | 1358 | 1356 | 1356 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 29-1- 2018 | 946.50 | 947.00 |
| 30-1- 2018 | 949.00 | 949.50 |
| 31-1- 2018 | 950.30 | 950.20 |
| 1-2- 2018 | 955.00 | 954.50 |
| 2-2- 2018 | 951.00 | 950.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 29 | 6.33 | 31.38 | 82.97 | 63.54 |
| 30 | 6.33 | 31.44 | 83.26 | 63.67 |
| 31 | 6.29 | 31.33 | 83.25 | 63.66 |
| 1 | 6.30 | 31.38 | 83.30 | 63.78 |
| 2 | 6.28 | 31.37 | 83.29 | 64.10 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 29-January | 17.34 | 3570.26 | 2250.95 | 7090.27 | 1007.00 |
| 30-January | 17.06 | 3564.97 | 2210.17 | 6990.21 | 993.00 |
| 31-January | 17.19 | 3583.92 | 2209.73 | 7083.44 | 1003.00 |
| 1- February | 17.24 | 3572.90 | 2209.07 | 7056.99 | 995.00 |
| 2- February | 17.19 | 3604.64 | 2227.14 | 7132.81 | 1001.00 |

## ဘိလပ်မြေ

# ဒီတစ်ပတ်ရေလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှအဝင်ပို

ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈၅၅၁၅တန်ဖိုးရှိ ဘိလပ်မြေ ၉၆၂ ဒသမ ၉၆၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၂၉၀ ဒသမ ၉၆၇ တန်နဲ့ ယူအေအီးနိုင်ငံမှ ၆၇၂ တန် တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ ဘိလပ်မြေ တံဆိပ်များမှာ ဆင်၊ စိန်၊တီပီအိုင်နဲ့ အခြားတံဆိပ်များလည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၇၄၂၀ ကျော် နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၆၄၅၀ ကျော် တင်သွင်းမှု လျော့ နည်းခဲ့တယ်လို့သိရပါတယ်။

ဇန်နဝါရီ ၂၀ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၁၂၄၄၀ ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေ အဝင်မှာတန်ချိန် ၅၄၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၆၉၉၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ရေကြောင်းလမ်းမှ အဝင် လျော့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။



# ဘိလပ်မြေဈေးကွက် အရောင်းသွက်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ် တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါ တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၀၀၊ စိန်(ထိုင်း) ၅၂၂၅ကျပ် နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီးဈေးငြိမ်တယ် လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံးကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၆၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၉၀၀၊ ခရောင်း ကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာအရောင်းအဝယ်ကောင်းတယ်။ ဒါပေမယ့် ဘိလပ်မြေဈေး ငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန် ရှိသူတစ်ဦးကပြောပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၄၇၀၀၊ စိန်(ထိုင်း)ကျပ်၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ် သွက်ပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာစိန်(ထိုင်း) ကျပ် ၇၀၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါး ကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ် မြေသြဇာအဝင်လျော့

ဇန်နဝါရီ ၂၁ မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၆၆၆၈၆၀ တန်ဖိုးရှိ မြေသြဇာ ၆၈၆၆ ဒသမ ၀၂၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၁၂၅၀၊ တရုတ်နိုင်ငံမှ ၃၉၀၆ ဒသမ ၁၀ တန်၊ ဂျပန်နိုင်ငံမှ ၅၁ တန်၊ ကိုရီးယားနိုင်ငံမှ ၅၆၁ ဒသမ ၁၉ တန်၊ မလေးရှားနိုင်ငံမှ ၆၃၄ ဒသမ ၅၀ တန်၊ နော်ဝေနိုင်ငံမှ ၂၇၃ ဒသမ ၂၃၅ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ တန်ချိန် ၆၀ နဲ့ ထိုင်းနိုင်ငံမှ တန်ချိန် ၁၃၀ တင် သွင်းခဲ့တယ်လို့သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၇၀၉၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာမြေသြဇာတန်ချိန် ၂၂၀ ကျော် အဝင်လျော့ ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တင်သွင်းခဲ့တဲ့ မြေသြဇာအမျိုးအစားများမှာ ပိုတက်၊ အာမို၊ ယူရီးယား ၄၆%၊ ကွန်ပေါင်း၊ အော်ဂဲနစ်နဲ့ အမိုးနီးယားဖော့စဖိတ်တို့ တင်သွင်းခဲ့တယ်လို့သိရှိရပါတယ်။

# မြေသြဇာဈေးကွက်အရောင်းပုံမှန်ရှိ

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာတန်ချိန် ၁၈၂၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၃၂၁၀ကျော်ရှိခဲ့တာ ကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၀၅၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေး၊ တောင်ကြီးနဲ့ မန္တလေးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ယခင်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား-တရုတ်) ကျပ် ၂၄၀၀၀၊ ပုလဲ-အသေး၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း(ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြွား ကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၅၀၀၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၅၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်- တရုတ်)ကျပ် ၂၅၅၀၀၊ ဇာမဏီကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြွားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးငြိမ် တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး- တရုတ်) ကျပ် ၂၅၇၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၆၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ် ၁၆၀၀၀၊ ဓာတ်ဆား(တရုတ်)ကျပ် ၁၄၀၀၀၊ပိုတက်(တရုတ်)ကျပ် ၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၅၀၀ ၊ မြွားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်အသင့်အတင့်ဖြစ်တယ်လို့ သိရပါ တယ်။ ခုချိန်က အရောင်းအဝယ်ပါးပေမယ့် နွေစပါးအချိန်ဆိုရင် ရောင်းအားတက် နိုင်မယ်လို့ မျှော်လင့်ကြောင်း စိုက်ပျိုး ရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦး က ပြောပါတယ်။ ဒီတစ်ပတ်မှာ ယူရီး ယားနဲ့ အာမိုက ဈေးနည်းနည်းမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါ တယ်။

ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင် - တရုတ်) ကျပ် ၂၄၉၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ ၄၆%တရုတ် ကျပ် ကျပ် ၂၁၈၀၀၊ မြွား သီးစုံ ကျပ် ၁၄၅၀၀၊ ပန်းသီးစုံ ကျပ် ၁၅၂၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၆၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ■

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ်ရေလမ်းမှ နို့ဆီ၊ နို့မှုန့် ဝင်အားကောင်း

ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက် အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄၄၉၃၂၄ တန်ဖိုးရှိ နို့ဆီ ၃၇၇ ဒသမ၇၉၄တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၇၁ ဒသမ ၃၆၂ တန်နဲ့စင်ကာပူနိုင်ငံမှ ၃၀၆ ဒသမ ၄၃၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ မိုင်ဘွိုင်း၊ မာရီဂိုးနဲ့အိုကေတို့ဖြစ်ပါတယ်။ ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ တန်ချိန် ၃၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၀ ကျော် ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူး ဇီလန်နိုင်ငံမှ ၂၄၁ ဒသမ ၉၅ တန်၊ မလေးရှားနိုင်ငံ မှ ၃၀၀ဒသမ ၁၇၅တန်၊ စင်ကာပူနိုင်ငံမှ ၂၅ ဒသမ ၈၅၃ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ သုည ဒသမ ၁၉၂ တန်၊ စုစုပေါင်း ၅၆၈ ဒသမ ၁၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၉၀ ကျော်သာ တင်သွင်းနိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာနို့မှုန့်တန်ချိန် ၄၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၁ မှ ၂၆/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၁ မှ ၁၉/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | | - |
| ၂။ | လွယ်ဂျယ် | ၄၈၀·၀၀ | ၄၀၀·၀၀ | (+) | ၈၀·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၉၆၉·၀၀ | ၂၇၅၈·၀၀ | (-) | ၇၈၉·၀၀ |
| ၅။ | တာချီလိတ် | ၇၀၀၀·၀၀ | ၂၃၀၀·၀၀ | (+) | ၄၇၀၀·၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၃၀၀၀·၀၀ | - | (+) | ၃၀၀၀·၀၀ |
| | စုစုပေါင်း | ၁၂၄၄၉·၀၀ | ၅၄၅၈·၀၀ | (+) | ၆၉၉၁·၀၀ |

မော်မော်အောင်

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၁ မှ ၂၆/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၁ မှ ၁၉/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၈၆၃·၉၀ | ၉၅၄၂·၃၅ | (+) | ၂၃၂၁·၅၅ |
| ၂။ | လွယ်ဂျယ် | ၃၀·၀၀ | ၁၁၀·၀၀ | (-) | ၈၀·၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၅၈·၅၀ | ၃၆၁·၇၅ | (-) | ၁၀၃·၂၅ |
| ၄။ | ကန်ပိုက်တီး | ၃၂၀·၀၀ | ၈၀·၀၀ | (+) | ၂၄၀·၀၀ |
| ၅။ | မြဝတီ | ၁၄၄၇·၂၉ | ၂၉၁၅·၀၈ | (-) | ၁၄၆၇·၇၉ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၄၃၅၀·၀၀ | ၂၀၄·၄၃ | (+) | ၄၁၄၅·၅၇ |
| | စုစုပေါင်း | ၁၈၂၆၉·၆၉ | ၁၃၂၁၃·၆၁ | (+) | ၅၀၅၆·၀၈ |

ခင်မိုးသူ

## နှမ်း

# တရုတ်နိုင်ငံသို့ နှမ်းရောင်စုံတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၂ သန်းတန်ဖိုးရှိနှမ်းရောင်စုံ ၂၂၈၆ တန် ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၃၂ တန်ခွဲ၊ နှမ်းဖြူ ၁၃ တန်ခွဲ၊ နှမ်းဖြူ(အခွံချွတ်) တန် ၂၀ နဲ့ နှမ်းလှော် ၁၃ တန်ခွဲကိုလည်းကောင်း၊ လွယ်ဂျယ်မှ နှမ်းညို နှစ်တန်ခွဲကိုလည်းကောင်း၊ ချင်းရွှေဟော်မှ နှမ်းနက် ၁၆၆၁တန်ကျော်၊ နှမ်းဖြူ ၃၄ တန်ခွဲနဲ့ နှမ်းညို(အခွံချွတ်) ၅၀၈ တန်ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းသုံးခု ပေါင်းမှ နှမ်းတန်ချိန် ၃၀၇၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်နှမ်း တင်ပို့မှု ၇၈၄ တန်လျော့နည်းခဲ့ပေမယ့် တရုတ်နိုင်ငံသို့ နှမ်းအမျိုးအစားစုံလင်စွာ တင်ပို့ ခဲ့တာတွေ့ရပါတယ်။

မကွေးမြို့ရှိ လှော်ဖိုကြီးများမှ နှမ်းလှော်များကိုရန်ကုန်၊ မန္တလေးဈေးကွက်သို့တင်ပို့ကြပြီး တရုတ်နဲ့တောင်ကိုရီးယားဈေးကွက်အထိ ရောက်ရှိကြောင်း၊ တင်ပို့ရတဲ့ နိုင်ငံများရဲ့ အကြိုက်ကိုလိုက်၍ နှမ်းလှော်မှုနဲ့လုပ်ငန်းများလည်း ပြည်တွင်းမှာ လုပ်ကိုင်လျက်ရှိကြောင်း သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၈၁၂၂၄၅ ကျပ်နဲ့ နှမ်းနက်တစ်တန်လျှင် ၁၉၁၄၂၈၆ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## နှမ်းနက်အဝယ်လိုက်လို့ ဈေးမြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီနှင့်စမုံနက်နှမ်းဈေးငြိမ်ပြီး နှမ်းနက်အဝယ်ပြန်လိုက်လာလို့ ဈေးအနည်းငယ်မြင့်လာတာတွေ့ရပါတယ်။ နှမ်းနီကို ဆီစက်များက တစ်ခါတစ်ရံသာ အဝယ်ရှိသဖြင့် ဈေးငြိမ်နေတာတွေ့ရပါတယ်။ စမုံနက်နှမ်းနှင့်နှမ်းနက်ကိုလည်း မန္တလေးဝယ်လက်များက နေ့စဉ်အဝယ်မရှိတောင် ရံဖန်ရံခါ အဝယ်ရှိလျှင် အိတ် ၅၀၀ မှ ၆၀၀ခန့် အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။

ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ ဖြင့် အိတ် ၃၀၀ မှ ၄၀၀ခန့်သာ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဆီစက်များကလည်း မိမိတို့လှောင်ထားတဲ့ နှမ်းနီကိုသာထုတ်ပြီး ဆီကြိတ်နေသဖြင့် အဝယ်သိပ်မရှိလို့ နှမ်းနီဈေးငြိမ်နေတာတွေ့ရပါတယ်။ နှမ်းနက်ဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၃၀၀၀ ဖြင့် ယခင်လကထက် ဈေးပြန်မြင့်လာပြီး စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် အရောင်းအဝယ်အေးသွားလို့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်သတင်းများအရသိရပါတယ်။ **ဝေဝေမင်း(ပြည်)**

## စားအုန်းဆီ



# ပြည်ပတင်ပို့မှုကျဆင်းသဖြင့် မလေးရှားစားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးကျဆင်း

ကမ္ဘာပေါ်တွင်စားအုန်းဆီဒုတိယအများဆုံးထုတ်လုပ်လျက်ရှိသော မလေးရှားနိုင်ငံ၏ စားအုန်းဆီပြည်ပတင်ပို့မှုသည် ဇန်နဝါရီတွင် ၈ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

ထိုသို့ စားအုန်းဆီတင်ပို့မှုကျဆင်းကြောင်း ကိန်းဂဏန်းအချက်အလက်များ ထွက်ပေါ်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂ ရက်က စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးမှာလည်း ကျဆင်းလာခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange)၏ ဧပြီတွင်ဖြန့်ဝေရန် ချုပ်ဆိုသောပဋိညာဉ်စာချုပ်အရ စားအုန်းဆီ၏အခြေခံ စံထားဈေးနှုန်းမှာ ဖေဖော်ဝါရီ၂ရက် နေ့လယ်ဈေးကွဲချိန်က တစ်တန်ကို ၂၄၇၂ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၆၃၅ ဒသမ ၉၇) နှုန်းသို့ရောက်ရှိခဲ့သည့်အတွက် နေ့အလိုက်ကျဆင်းနှုန်းမှာ သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး ရက်သတ္တနှစ်ပတ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည်။

ဖေဖော်ဝါရီ၂ ရက်နေ့လယ်က ရောင်းချရသောပမာဏမှာ ၂၅တန်ရှိ အတွဲ ၁၁၁၁၈ တွဲရှိခဲ့သည်။

“ဈေးကွက်အခြေအနေကိုကြည့်ရတာကတော့ ပို့ကုန်ကျဆင်းတဲ့အခြေအနေပေါ် မူတည်ပြီး ဖြစ်ပေါ်နေတယ်လို့ တွက်ဆရပါတယ်”ဟု ကွာလာလမ်ပူရှိ ကြိုရောင်းကြိုဝယ်လုပ်ငန်းတစ်ခုအဖြစ်သော Phillip Future မှဒေးဗစ်အင်းက ပြောသည်။

မလေးရှားနိုင်ငံ၏စားအုန်းဆီ ပြည်ပတင်ပို့မှုသည် ဇန်နဝါရီတွင် ၈ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၁၃၁၂၆၇၉ တန်ရှိခဲ့သည်။ ကုန်စည်ပို့ဆောင်ရေး စစ်တမ်းကောက်ယူရေးအဖွဲ့ Societe Generale de Surveillance ထံမှ ဖေဖော်ဝါရီ ၁ ရက်က ရရှိသောကိန်းဂဏန်းများ အရ လစဉ်ကျဆင်းမှုမှာ တစ်နှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။

အခြားဆီတစ်မျိုးဖြစ်သော ပဲပုပ်ဆီဈေးကိုကြည့်ပါက အမေရိကန်ပြည်ထောင်စု ချီကာဂိုဘုတ်အဖွဲ့တွင် မတ်လအတွက်ကြိုတင်ချုပ်ဆိုသော စာချုပ်ဈေးမှာ သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီးတရုတ်နိုင်ငံဒါလီယံကုန်စည်ဒိုင်တွင် မေအတွက် စားအုန်းဆီကြိုရောင်းဈေးမှာ အပြောင်းအလဲမရှိသလောက်ဖြစ်ခဲ့သည်။

စားအုန်းဆီသည် ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်တွင် အခြားသော ဟင်းရွက်ဆီများနှင့်ယှဉ်ပြိုင်နေရသည့်အတွက် စားအုန်းဆီဈေးမှာ အခြားသောဆီများ၏ဈေးနှုန်းအတက်အကျနှင့်အညီလိုက်ပါ ပြောင်းလဲလျက်ရှိသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂-၂-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၂၀၀ | ၅၅၀၀ | △ | ၄၇၀၀ | ၄၈၀၀ | △ | ၁၈၀၀ | ၁၉၀၀ | △ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၈၀၀ | ၅၀၀၀ | △ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၃၀၀ | ၄၁၀၀ | ▽ | ၄၅၀၀ | ၄၃၀၀ | ▽ | ၂၁၀၀ | ၁၉၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂-၂-၂၀၁၈ US$/Ton

| အမျိုးအစား | ဇန်နဝါရီစတုတ္ထပတ် | ဇန်နဝါရီပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၃၁.၀၀ | ၆၆၂.၅၀ | △ |
| RBD P.Olein | ၆၃၈.၅၀ | ၆၄၈.၀၀ | △ |
| RBD P.Stearin | ၆၅၁.၅၀ | ၆၅၂.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂-၂-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၉၈.၃၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၄၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၉၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂.၂၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၄၁.၅၀၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂-၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ ဒေါ်လာနှင့် USD ဈေး ၁၃၂၉ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂-၂-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၂၉ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# တရုတ်နိုင်ငံသည် အာရှရထားလမ်းကို အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်နိုင်ရေး အလေးထားဆောင်ရွက်လာ

အာရှတိုက်ရှိ နိုင်ငံများကို ဖြတ်သန်းဖောက်လုပ်မည့် အာရှရထားလမ်းစီမံကိန်း (tran-Asia railway) အတွက် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံများ၌ တိုးတက်မှုရရှိလာသည့် အခြေအနေကောင်းများနှင့်အတူ တရုတ်နိုင်ငံသည် အာရှရထားလမ်းကို အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ မျှော်မှန်းချက်အောင်မြင်လာမည့်အချိန်ကို မည်သူမျှအတပ်မပြောနိုင်သော်လည်း ရထားလမ်းဖြတ်သန်းဖောက်လုပ်မည့် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးမှုအခြေအနေနှင့်စိတ်ပါဝင်စားမှုမှာ အမျိုးမျိုးရှိကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် လမ်းအစီအစဉ် (Belt and Road Initiative) မတိုင်ခင် ၁၉၉၅ ခုနှစ်ကတည်းက စင်ကာပူ-ကူမင်းရထားလမ်း ဖောက်လုပ်ရန် အစီအစဉ် ရှိခဲ့သော်လည်း တရုတ်နိုင်ငံသည် ၎င်း၏ရထားလမ်းစနစ်ကို ကမ္ဘာ့အဆင့်မီအောင် ဆောင်ရွက်မှု၌အောင်မြင်မှုမရခဲ့ပါ။

တရုတ်နိုင်ငံတွင် ရထားလမ်းအရှည် စုစုပေါင်း ကီလိုမီတာ ၁၂၆၀၀၀ ရှိပြီး အမြန်ရထားလမ်းအရှည်ကီလိုမီတာ ၂၅၀၀၀ရှိပါသည်။ China Railway သည် တရုတ်နိုင်ငံတွင် မီးရထားလုပ်ငန်းကို အဓိကလုပ်ကိုင်နေသည့်လုပ်ငန်းတစ်ခုဖြစ်ပြီး ယွမ်ခုနစ်ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၆ ထရီလီယံ)ကို ရင်းနှီးမြှုပ်နှံထားရှိ၍ အလုပ်သမားဦးရေ ၂ ဒသမ ၁ သန်းရှိသည်။ တရုတ်နိုင်ငံ၏ရထားလမ်းအရှည်သည် ကမ္ဘာ့ရထားလမ်းစုစုပေါင်း၏ဆယ်ပုံတစ်ပုံရှိပြီး ကမ္ဘာ့ကုန်စည်ပမာဏ၏ ၂၅ ရာခိုင်နှုန်းကို ပို့ဆောင်ပေးလျက်ရှိသည်။ ယခုအခါ တရုတ်နိုင်ငံ၏ ရထားနည်းပညာသည် ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သည့်အဆင့်သို့ရောက်ရှိလာပြီး တရုတ်နိုင်ငံပိုင် China Railway သည် ကမ္ဘာတစ်ဝန်းရှိနိုင်ငံပေါင်း ၄၀ တွင် စီမံကိန်းစုစုပေါင်း ၅၀ ကို အကောင်အထည်ဖော်လျက်ရှိသည့်အပြင် တရုတ်နိုင်ငံ၏ စိတ်အဝင်စားဆုံးမှာ အာဆီယံဒေသဖြစ်လာကြောင်း သိရပါသည်။

အာဆီယံဒေသနှင့် ချိတ်ဆက်၍ ရထားလမ်းဖောက်လုပ်ရာတွင် တရုတ်နိုင်ငံသည် အာရှရထားလမ်းအား အာဆီယံနိုင်ငံတစ်နိုင်ငံချင်းအလိုက် အမြန်ရထားလမ်းများထည့်သွင်းတည်ဆောက်ရန် ရည်မှန်းထားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၁၄၂ ကီလိုမီတာအရှည်ရှိသည့် ဂျကာတာ-ဘန်ဒေါင်းလမ်းပိုင်းကို အမြန်ရထားလမ်းအဖြစ် တည်ဆောက်ရန် သဘောတူညီမှုရရှိထားပြီး ယခုနှစ်အစောပိုင်းတွင် စတင်မည်ဖြစ်သည်။ ထို့နောက် လာအိုနိုင်ငံတွင် အမြန်ရထားလမ်းစံချိန် အရှည်ကီလိုမီတာ ၄၄၀ ရှိသောလမ်းပိုင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင်ပြီးစီးမည်ဖြစ်သည်။ တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံသို့ ဖောက်လုပ်မည့် အမြန်ရထားလမ်း စီမံကိန်းအတွက် ငါးနှစ်ကြာဆွေးနွေးပြီးနောက် ပထမအဆင့်အနေဖြင့် ဗန်ကောက်-နာခွန်လချာစီမားလမ်းပိုင်းကို တည်ဆောက်မည်ဖြစ်ပြီး ဒုတိယအဆင့်တွင် လာအိုနိုင်ငံနှင့် ချိတ်ဆက်ရန်အတွက် ယင်းလမ်းပိုင်းကို နောင်ခိုင်အထိ တိုးချဲ့ဖောက်လုပ်မည်ဖြစ်ရာ ၂၀၂၂ ခုနှစ်တွင် ပြီးစီးရန် မျှော်မှန်းထားပါသည်။

အာဆီယံအနေဖြင့် စင်ကာပူ-ကူမင်း ရထားလမ်းပိုင်းကိုဆောက်လုပ်ရန် လမ်းအူကြောင်းကို မရွေးချယ်ရသေးသော်လည်း တရုတ်နိုင်ငံအနေဖြင့် အဓိကလမ်းအူကြောင်းသုံးခုကို ရွေးချယ်ထားပြီးဖြစ်သည်။ ယင်းလမ်းအူကြောင်းများသည် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ မချိတ်ဆက်မီ အစောပိုင်းလမ်းကြောများဖြစ်ပြီး ဗီယက်နမ်နိုင်ငံကို ဖြတ်သန်းဖောက်လုပ်မည့် အရှေ့ပိုင်းလမ်းကြောင်း၊ လာအိုနိုင်ငံကို ဖြတ်သန်းဖောက်လုပ်မည့် အလယ်ကြောလမ်းပိုင်းနှင့် မြန်မာနိုင်ငံကိုဖြတ်သန်းဖောက်လုပ်မည့် အနောက်ပိုင်းလမ်းကြောတို့ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် လာအို၊ ဗီယက်နမ်၊ မြန်မာစသည့်နိုင်ငံများနှင့်ချိတ်ဆက်မည့်ပြည်တွင်းလမ်းပိုင်းများအား အရှိန်မြှင့်တင်တည်ဆောက်လျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် ကူမင်း-မိုဟန် (လာအိုနယ်စပ်) လမ်းပိုင်းနှင့် ၂၀၂၅ ခုနှစ်တွင် ကူမင်း-ရိုက်လီ (ဗီယက်နမ်နယ်စပ်) လမ်းပိုင်းများအား အပြီးတည်ဆောက်မည်ဖြစ်ပါသည်။

အလယ်ပိုင်း ရထားလမ်းကြောင်းတွင် လာအိုနိုင်ငံနှင့် ချိတ်ဆက်မည့် လမ်းပိုင်းကို စတင်တည်ဆောက်လျက်ရှိပြီး ထိုင်းနိုင်ငံနှင့် ချိတ်ဆက်မည့်လမ်းပိုင်းကိုလည်း စတင်တော့မည်ဖြစ်သည်။

စင်ကာပူ-ကွာလမ်လာပူ ရထားလမ်းကို မြန်နှုန်းမြင့်ရထားလမ်းအဖြစ် တည်ဆောက်ရန်လျာထားသည်။ အာရှရထားလမ်းအား အာဆီယံဒေသနှင့် ချိတ်ဆက်ရာ၌ ကြုံတွေ့နေရသည့် အခက်အခဲမှာ ကီလိုမီတာ ၂၀၀ ရှည်သည့် ကမ္ဘောဒီးယားနိုင်ငံအတွင်း ဖြတ်သန်းသွားမည့်လမ်းပိုင်း တည်ဆောက်ရေးဖြစ်သည်။ မြန်မာနိုင်ငံသည် အနောက်ဘက်လမ်းကြောင်းတွင် အဓိကပါဝင်နေပြီး မြန်မာနိုင်ငံမှတစ်ဆင့် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့သို့ ချိတ်ဆက်မည်ဖြစ်ပါသည်။

လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ ရထားလမ်းပိုင်းများသည် အများဆုံး အသုံးပြုမည့် လမ်းကြောင်းများဖြစ်ပြီး ထိုင်းနိုင်ငံလမ်းပိုင်းသည် တစ်နာရီလျှင် အမြန်ဆုံး ၂၅၀ ကီလိုမီတာအထိ မောင်းနှင်နိုင်မည်ဖြစ်သော်လည်း လာအိုနိုင်ငံရှိ လမ်းပိုင်းသည် ကီလိုမီတာ ၁၅၀ အထိသာ မောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# တောင်ကိုရီးယားနိုင်ငံတွင် ဆောင်ရွက်နေသော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ

တောင်ကိုရီးယားနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးအက်ဥပဒေကို ၁၉၈၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ တောင်ကိုးရီးယားနိုင်ငံတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် စပ်လျဉ်း၍ ယေဘုယျအားဖြင့် နယ်ပယ်သုံးခုဖြစ်သော ဥပဒေပြဋ္ဌာန်းမှု၊ စီမံအုပ်ချုပ်မှုနှင့် တရားစီရင်မှုကဏ္ဍတို့တွင် စည်းမျဉ်းစည်းကမ်းများချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

တောင်ကိုရီးယားနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးကဏ္ဍနှင့်ဆက်စပ်သော ဥပဒေများအဖြစ် Antitrust Act၊ ဈေးနှုန်းတည်ငြိမ်ရေးနှင့် တရားမျှတသောလုပ်ငန်းများအက်ဥပဒေ၊ the Act on Door-to-Door Sales၊ the Act on Installment Transactions၊ အစားအသောက် လုံခြုံစိတ်ချရမှုအက်ဥပဒေနှင့် စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုအက်ဥပဒေတို့ကို ပြဋ္ဌာန်းထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် စီးပွားရေးစီမံကိန်းအဖွဲ့အစည်းလက်အောက်ရှိစားသုံးသူအကာ အကွယ်ပေးရေးအဖွဲ့အစည်းသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး အဆိုပါအဖွဲ့အစည်းကို စားသုံးသူမူဝါဒသုတေသနဌာန၊ စမ်းသပ်စစ်ဆေးမှုနှင့် အကဲဖြတ်မှုဌာန၊ တရားမျှတသောကုန်သွယ်မှုဌာန၊ စားသုံးသူလုံခြုံစိတ်ချရမှုဌာန၊ သတင်းအချက်အလက်နှင့် ပုံနှိပ်ဖြန့်ဝေရေးဌာန၊ ပညာပေးရေးနှင့် သင်တန်းပေးရေးဌာန၊ အကြံဉာဏ်ပေးအပ်ရေးနှင့်ဖျန်ဖြေရေးဌာနတို့ဖြင့် ဖွဲ့စည်းထားပါသည်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး ကော်မတီကိုလည်း အဖွဲ့အစည်းအတွင်း ဖွဲ့စည်းထားကာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများကို တွန်းအားပေးဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ ကုန်ပစ္စည်းများကိုစမ်းသပ်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် အကြံဉာဏ်ပေးအပ်ခြင်း၊ စားသုံးသူအရေးကိစ္စများကို ဖျန်ဖြေဆောင်ရွက်ခြင်းတို့ကို အဓိကဆောင်ရွက်လျက်ရှိသည်။ စားသုံးသူအရေးကိစ္စများကို တရားရုံးတွင် ဖြေရှင်းမည်ဆိုပါက တရားမအမှုကိစ္စများအနေဖြင့်လည်းကောင်း၊ ရာဇဝတ်အမှုကိစ္စများအနေဖြင့် လည်းကောင်း ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းသိရသည်။

တောင်ကိုရီးယားနိုင်ငံအဆင့်နှင့် ဒေသအလိုက်အစိုးရအဖွဲ့အစည်းများသည် စားသုံးသူအကာအကွယ်ပေးရေး အက်ဥပဒေအရ သက်ဆိုင်ရာစည်းမျဉ်းများကို ပြဋ္ဌာန်းခြင်း၊ ကြော်ငြာလုပ်ငန်းများကို စည်းမျဉ်းဖြင့်ထိန်းညှိခြင်း၊ တရားမျှတသော လုပ်ငန်းများတိုးတက်စေခြင်း၊ တိုင်းတာသောစနစ်များကို ပြုပြင်ပြောင်းလဲခြင်း၊ စားသုံးသူများကို ပညာပေးခြင်းနှင့် စားသုံးသူအရေးကိစ္စများကို ဖြေရှင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြသည်။ စားသုံးသူအကာအကွယ်ပေးရေး အဖွဲ့အစည်းသည် စားသုံးသူအကာအကွယ်ပေးရေးကဏ္ဍတွင် စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို သတ်မှတ်ပေးပြီး စားသုံးသူအကာအကွယ်ပေးရေး အက်ဥပဒေအရ ပုဂ္ဂလိကစားသုံးသူကာကွယ်ရေးအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များနှင့် အခန်းကဏ္ဍများကိုလည်း သတ်မှတ်ပေးလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံတွင် စားသုံးသူများအနေဖြင့် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ပါက တောင်ကိုရီးယား စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့အစည်းမှ စားသုံးသူများအား စေ့စပ်ဖျန်ဖြေသော နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်သည်။ အကယ်၍ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းများအကြား အငြင်းပွားမှုသည် ရက်ပေါင်း ၃၀ အတွင်း ဖြေရှင်းဆောင်ရွက်နိုင်မှုမရှိပါက စားသုံးသူသည် တောင်ကိုရီးယား စားသုံးသူအကာအကွယ်ပေးရေး အဖွဲ့အစည်း လက်အောက်ရှိ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး ကော်မတီထံတွင် အမှုကိစ္စကို စဉ်းစားဆုံးဖြတ်ပေးရန် တင်ပြနိုင်သည်။

စားသုံးသူအနေဖြင့် သက်ဆိုင်ရာ အငြင်းပွားမှုဖြစ်ပွားနေသောကုမ္ပဏီအား ထုတ်ကုန်တာဝန်ရှိမှု အရေးကိစ္စများအတွက် တရားစွဲဆိုနိုင်သော်လည်း တောင်ကိုးရီးယားနိုင်ငံတွင် စုပေါင်းတရားစွဲဆိုသော အလေ့အထများကိုခွင့်ပြုထားခြင်းမရှိကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံတွင် ဝန်ဆောင်မှုကဏ္ဍ၌ စားသုံးသူများကို သက်ဆိုင်ရာဥပဒေများဖြင့် အကာအကွယ်ပေးထားပြီး အာမခံအက်ဥပဒေ၊ ခရီးသွားလုပ်ငန်း အက်ဥပဒေ၊ ကျန်းမာရေးအာမခံလုပ်ငန်းအက်ဥပဒေ၊ ကြွေးမြီကတ် အက်ဥပဒေနှင့် ဘဏ်လုပ်ငန်း အက်ဥပဒေစသည်တို့ကို ပြဋ္ဌာန်းထားသည်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် စားသုံးသူများ အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အရေးကိစ္စများကို ကျန်းမာရေးစောင့်ရှောက်မှုစစ်ဆေးရေးနှင့် အနုညာတစေ့စပ်ဖျန်ဖြေရေးကော်မတီနှင့် တောင်ကိုရီးယားဆေးဝါးသိပ္ပံ နှစ်ဦးနှစ်ဖက်အကူအညီပေးရေး အဖွဲ့အစည်းတို့ထံတွင် အကူအညီ တောင်းခံနိုင်ကြောင်း သိရှိရပါသည်။

**ပြုစုတင်ပြသူ-မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**
**(နေပြည်တော်)**

## အသုံးပြုပြီးစက်ဘီး (Used Bicycle) များအား ၂၀၁၈ ခုနှစ်အတွက် တင်သွင်းခွင့်ပြု

ပြည်တွင်းရှိ အခြေခံလူတန်းစားများ အသုံးပြုနိုင်ရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပမှအသုံးပြုပြီး စက်ဘီး (Used Bicycle) များအား နှစ်အလိုက်တင်သွင်းခွင့်ပြုခဲ့ရာ ယခု ၂၀၁၈ ခုနှစ်အတွက်လည်း ပြည်ပမှ တင်သွင်းနိုင်ရန်အတွက် ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ(၁/၂၀၁၈)အား ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

အဆိုပါ သတင်းလွှာအရ အသုံးပြုပြီးစက်ဘီး(Used Bicycle) များ တင်သွင်းရာတွင် ပြည်တွင်း၌ အသုံးပြု၍မရသော စက်ဘီးပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စက်ဘီးအင်္ဂါရပ်နှင့်ပြည့်စုံသော အသင့်အသုံးပြုနိုင်သည့် စက်ဘီးများကိုသာ တင်သွင်းရမည်ဖြစ်ကြောင်းနှင့် ပြည်တွင်းလိုအပ်ချက်အပေါ်မူတည်၍ နှစ်စဉ် ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း သိရှိရပြီး အသေးစိတ်သိရှိလိုပါက www.commerce.gov.mm တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း သတင်းရရှိပါသည်။ **ကြည်သာသစ်နိုင်**

# မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## တရုတ်အစိုးရမှ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေသော စွန့်ပစ်ပစ္စည်းများထုတ်လွှတ်သည့်လုပ်ငန်းများအား အခွန်စည်းကြပ်ကောက်ခံခြင်း စတင်မည်

တရုတ်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ကာကွယ်ခြင်းဆိုင်ရာအခွန်စည်းကြပ်ခြင်းဥပဒေအရ အစိုးရအနေဖြင့် ဧပြီလမှစတင်၍ ညစ်ညမ်းမှု ထုတ်လွှတ်သော စီးပွားရေးလုပ်ငန်းနှင့် အစိုးရ အဖွဲ့အစည်းများအပေါ်တွင် အခွန်စတင်ကောက်ခံတော့မည်ဖြစ်သည်။ အဆိုပါဥပဒေမှာ လေ၊ ရေ၊ စွန့်ပစ်ပစ္စည်းနှင့် ဆူညံမှုစသော ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေသော အရာများနှင့် သက်ဆိုင်ပြီး ပိုမိုအရည်အသွေးပြည့်ဝသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝပတ်ဝန်းကျင်ကာကွယ်ခြင်းဆိုင်ရာပုံစံအား တွန်းအားပေးသွားရန်ရည်ရွယ်ကြောင်း သိရသည်။

ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် အခြားညစ်ညမ်းပစ္စည်းအပေါ် အခွန်ကောက်ခံရန် နည်းလမ်းအားရှာဖွေသွားမည်ဖြစ်ပြီး အဓိကရည်ရွယ်ချက်မှာ အစိုးရ၏ဘဏ္ဍာဝင်ငွေတိုးမြှင့်ရန်အတွက် မဟုတ်ဘဲ ညစ်ညမ်းပစ္စည်းထုတ်လွှတ်မှုလျှော့ချရန်၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရန်နှင့် တိုးတက်စေရန်အတွက်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန အခွန်မူဝါဒဌာန၏ ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

အခွန်စည်းကြပ်မှုစတင်သည်နှင့် တစ်ပြိုင်နက် အခွန်ကောက်ခံရငွေအားလုံးကို ဒေသအစိုးရက ပိုင်ဆိုင်မည်ဖြစ်ပြီး ယခင်ကဒေသအစိုးရ၊ ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ခြင်းဌာနမှ ညစ်ညမ်းစွန့်ပစ်ပစ္စည်းများအပေါ် ကောက်ခံရရှိသောအခွန်ရငွေ၏ ၁၀ ရာခိုင်နှုန်းကို ဗဟိုအစိုးရမှရရှိခဲ့သည်။ ၂၀၁၇ နှစ်ကုန်တွင် လုပ်ငန်းပေါင်း ၃၃၀၀၀၀ခန့်မှ ညစ်ညမ်းပစ္စည်း ထုတ်လွှတ်မှုအပေါ် ယွမ် ၂၂ဘီလီယံကျော် ကောက်ခံရရှိခဲ့ပြီး ယခင်နှစ်ထက်ယွမ် ၂ ဒသမ ၅ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၃ရာခိုင်နှုန်းပိုမိုရရှိခဲ့သည်။

ပြည်နယ်ဒေသအမျိုးမျိုးကြား သဘာဝပတ်ဝန်းကျင်အခြေအနေကွဲပြားမှုကြောင့် ပြည်နယ်နှင့် ဒေသအစိုးရများအနေဖြင့် ညစ်ညမ်းသောလေ၊ ရေ တစ်ယူနစ်ထုတ်လွှတ်မှုအတွက် ၁ ဒသမ ၂ ယွမ်မှ ၁၂ ယွမ်ထိ အခွန်နှုန်းထားများအားကိုယ်တိုင် သတ်မှတ်ကောက်ခံခွင့်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ပေကျင်းအစိုးရမှလေထုညစ်ညမ်းစေသော ထုတ်လွှတ်မှု တစ်ယူနစ်အတွက် ၁၂ ယွမ်နှင့် ရေထုညစ်ညမ်းစေသော စွန့်ပစ်ပစ္စည်းတစ်ယူနစ်အတွက် ၁၄ ယွမ် အသီးသီးကောက်ခံသွားမည်ဖြစ်ပြီး အဆိုပါနှုန်းထားများမှာ အမြင့်ဆုံးသတ်မှတ်ထားသော အခွန်နှုန်းထားများဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## အာရှ၏ စရိတ်အကြီးဆုံးမြို့အဖြစ် ဟောင်ကောင်က ငါးနှစ်ဆက်တိုက် စံချိန်တင်ခဲ့

ဟောင်ကောင်မှာ အဆင့်မြင့်အသက်မွေးဝမ်းကျောင်း ပညာရှင်များအတွက် အိမ်ရာငှားရမ်းမှုစရိတ်တွင် အာရှ၏ စရိတ်အကြီးဆုံးမြို့အဖြစ် ငါးနှစ်ဆက်တိုက် စံချိန်တင်ခဲ့သည်။ အိပ်ခန်း သုံးခန်းပါသော တိုက်ခန်းအတွက် လစဉ်ငှားရမ်းခနှုန်းမှာ ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၄၆၀ ရှိပြီး ဒုတိယဈေးအကြီးဆုံးဖြစ်သည့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ထက် ၂၀၀၀ ပိုများခဲ့ကြောင်း သုတေသနစစ်တမ်းတွင် ဖော်ပြထားသည်။ အဆိုပါစစ်တမ်းမှာ နိုင်ငံတကာကုမ္ပဏီများမှ အမှုဆောင်ချုပ်များအား ပြည်ပနိုင်ငံများသို့ တာဝန်ထမ်းဆောင်ရာတွင် ကုမ္ပဏီမှထောက်ပံ့ရမည့် နေထိုင်မှုစရိတ်ကို ဆုံးဖြတ်နိုင်ရန်အတွက် ကောက်ယူခဲ့ခြင်းဖြစ်သည်။

ရှန်ဟိုင်းမှာ အာရှတွင် တတိယမြောက်ဈေး အကြီးဆုံးမြို့ဖြစ်၍ တရုတ်နိုင်ငံတွင်းမြို့များအားလုံးအနက် ဈေးအကြီးဆုံးမြို့ဖြစ်သည်။ သို့ရာတွင် ဟောင်ကောင်မြို့အောက် ၅၀ ရာခိုင်နှုန်းဈေး သက်သာခဲ့ပြီး မနီလာမြို့မှာ ဟောင်ကောင်အောက် ၆၅ ရာခိုင်နှုန်းနှင့် မလေးရှားမှာ ၉၃ ရာခိုင်နှုန်း အသီးသီး စရိတ်သက်သာခဲ့သည်။

တရုတ်ပြည်မကြီး၏ မြို့တော်အားလုံးအား စစ်တမ်းကောက်ယူခဲ့ရာ ပျမ်းမျှအားဖြင့် ငှားရမ်းခနှုန်းမှာ မြင့်တက်ခဲ့ပြီး အထူးသဖြင့် ပုလဲမြစ်ဝှမ်းဒေသရှိ ကွမ်ကျိုးနှင့် ရှန်းကျန့်မြို့မှာ ၁၂ ရာခိုင်နှုန်းနှင့် ၁၁ ရာခိုင်နှုန်းအသီးသီး မြင့်တက်ခဲ့သည်။ စင်ကာပူအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တားမြစ်မှုများ ပြုလုပ်ခဲ့သဖြင့် ၂၀၁၂ ခုနှစ်မှစ၍ ၁၅ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စတုတ္ထမြောက်နေရာ၌ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် အဆင့်ရှစ်နေရာသို့ ကျဆင်းခဲ့ကြောင်း သိရှိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## ဟောင်ကောင်အား အခြေခံ စီးပွားရေးအဆောက်အအုံဆိုင်ရာ မတည်ရင်းနှီးငွေစင်တာတစ်ခု ဖြစ်စေရေး ဆောင်ရွက်သွားမည်

တရုတ်ဖွံ့ဖြိုးရေးဘဏ်မှ ဟောင်ကောင်တွင် ရပ်ဝန်းနှင့် လမ်းအစီအစဉ် (Belt& Road Initiative) နှင့် ဆက်စပ်သည့်စီမံကိန်း များတွင် ရင်းနှီးမြှုပ်နှံရန် ဟောင်ကောင်ဒေါ်လာ သန်း ၃၅၀ တန်ဖိုးဖြင့် ငါးနှစ်သက်တမ်းရှိ Belt& Road bond များ ထုတ်ဝေ ရောင်းချသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဟောင်ကောင်အတွင်း ဤသို့ ချေးငွေစာချုပ်ရောင်းချသည့် တရုတ်ပြည်မကြီး၏ ပထမဆုံးဘဏ်လည်းဖြစ်ခဲ့ သည်။

ဟောင်ကောင်သည် အခြေခံအဆောက်အဦ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ပါဝင်စားမှုကိုရရှိပြီး ရပ်ဝန်းနှင့်လမ်းအစီအစဉ်အောက်တွင် လုပ်ငန်းများ၏ ရန်ပုံငွေမြှင့်တင်လိုမှုဝယ်လိုအားအပေါ် အခွင့်အရေးဆုပ်ကိုင်ရယူလျက် အရေးပါသည့် အခြေခံစီးပွားရေး အဆောက်အဦဆိုင်ရာ မတည်ရင်းနှီးငွေ စင်တာကြီးတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားနေကြောင်း ဟောင်ကောင်ငွေကြေးအာဏာပိုင်၏ အဆင်မြင့်အရာရှိက ပြောကြားခဲ့သည်။

ဟောင်ကောင်အနေဖြင့် တရုတ်ပြည်မကြီးမှ ကုမ္ပဏီများအတွက် ရန်ပုံငွေအရင်းအမြစ် အမျိုးမျိုးအား ကူညီပေးနိုင်သော ပလက်ဖောင်းတစ်ခု ဖြစ်နိုင်ကြောင်း၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့စီမံကိန်းများ၏ ရှယ်ယာဝင်အဖြစ် မိတ်ဆက်ပေးခြင်းအားဖြင့် တရုတ်ကုမ္ပဏီများ နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်လည်း ကူညီဆောင်ရွက်ပေးနိုင်ကြောင်း ပြောကြားခဲ့သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံခြင်းထက် Belt & Road တစ်လျှောက်ရှိနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံခြင်းမှာ ပိုမိုအကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ငွေကြေး အာဏာပိုင်အနေဖြင့် အခြေခံအဆောက်အဦဆိုင်ရာ မတည်ရင်းနှီးငွေမြှင့်တင်ခြင်း အဆင်ပြေလွယ်ကူစေရေး ရုံးအားလွန်ခဲ့သည့်ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ဘဏ်များ၊ အာမခံကုမ္ပဏီများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် အဖွဲ့ဝင် ပေါင်း ၈၇ ဦးရှိကြောင်း သိရှိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## QR code ၊ bar code များမှတစ်ဆင့်ငွေပေးချေလွှဲပြောင်းမှုစနစ်အတွက် လုပ်ထုံးလုပ်နည်းများ တရုတ်ဗဟိုဘဏ်ပြဋ္ဌာန်း

တရုတ်တွင် QR code နှင့် bar code အသုံးပြု၍ ငွေပေးချေမှုစနစ်မှာ အလွန်ခေတ်စားလာပြီး no-cash society သို့ မြန်ဆန်စွာကူးပြောင်းနေသည်ကိုတွေ့ရသည်။ ထို့ကြောင့် Bank of China နှင့် Central Bank မှ QR code နှင့် bar code များ အသုံးပြု၍ငွေလွှဲပြောင်းပေးချေသည့် ပုံစံနှင့် ပတ်သက်ပြီး လိုက်နာရမည့်စည်းမျဉ်းများ၊ နည်းပညာဆိုင်ရာ သတ်မှတ်မှုများကို ထုတ်ပြန်လိုက်သည်။

အဆိုပါ ညွှန်ကြားချက်တွင် QR code ကို static နှင့် dynamic ဟူ၍နှစ်မျိုးခွဲခြားထားပြီး နေ့စဉ်ငွေလွှဲပြောင်းသုံးစွဲမှုပမာဏကို ယွမ် ၅၀၀ ၊ ယွမ် ၁၀၀၀ နှင့် ယွမ် ၅၀၀၀ ဟုအဆင့် (၃) ဆင့်သတ်မှတ်မည်ဖြစ်သည်။ QR code အသုံးပြုရန်အတွက် payment service provider များက ဗဟိုဘဏ်မှ ခွင့်ပြုချက်ယူရမည်ဖြစ်ပြီး အရောင်းအဝယ်ပြုလုပ်ခြင်း (transaction) အားလုံးအတွက် စာရင်းရှင်းဆောင်ရွက်ခြင်းစနစ်(clearing system)ကို ဗဟို ဘဏ်မှတစ်ဆင့် ဖြတ်ကျော်ဆောင်ရွက်ရမည်ဖြစ်သည်။ QR code နှင့် ပတ်သက်၍ ဒေတာလုံခြုံရေး၊ ငွေလွှဲပြောင်းမှုလုပ်ငန်းစဉ် လုံခြုံရေးအတွက် ဗဟိုဘဏ်က ကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်သည်။

ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၁၇ ခုနှစ် တတိယသုံးလပတ်တွင် တရုတ်၌ မိုလ်ဘိုင်းဖုန်းများမှတစ်ဆင့် ငွေပေးငွေယူ လုပ်ဆောင်မှု တရုတ်ယွမ် ၄၉ ဒသမ ၃ ထရီလီယံရှိခဲ့ပြီး ၎င်းအနက် ၈၀ ရာခိုင်နှုန်းမှာ non-banking payment platform ဖြစ်သည့် QR code များအား scan ဖတ်၍ အသုံးပြုခြင်းဖြစ်ကြောင်းသိရသည်။

တရုတ်တွင် မိုလ်ဘိုင်းဖုန်းများဖြင့် ဈေးဝယ်ရာတွင် Alibaba ၏ Alipay App ကို အများဆုံးအသုံးပြုနေပြီး ၄၉ ရာခိုင်နှုန်းရှိကာ Tencent Holding ၏ Tenpay Platform ကို ဒုတိယအများဆုံး အသုံးပြုလျက်ရှိ ပြီး ၄၀ ရာ ခိုင်နှုန်းရှိကြောင်းသိရှိ ရသည်။

တရုတ်တွင် QR code ဖြင့် မိုလ်ဘိုင်းဖုန်းမှတစ်ဆင့် ဈေးဝယ်ယူသည့် ယဉ်ကျေးမှုမှာ လျင်မြန်စွာ တိုးတက်လာရာ ၎င်းအတွက်တိကျစွာပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများမရှိသေးသည့်အတွက် ဗဟိုဘဏ်မှ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်၍ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ စတင်သက်ဝင် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## JD.com မှ ဗီယက်နမ်တွင် B2C e-commerce platform ရင်းနှီးမြှုပ်နှံ

တရုတ်၏ ဒုတိယအကြီးဆုံး e-commerce ကုမ္ပဏီတစ်ခုဖြစ်သည့် JD.com မှ ဗီယက်နမ် Tiki.vn ကုမ္ပဏီနှင့် B2C e-commerce platform အတွက် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။ အဓိကအားဖြင့် နယ်စပ်ဖြတ်ကျော်အွန်လိုင်း ကုန်သွယ်မှု၊ ရောင်းဝယ်ဖောက်ကားမှု၊ ကုန်စည်စီးဆင်းမှု၊ ငွေပေးချေမှု စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး JD global platform မှတစ်ဆင့် ကမ္ဘာ့နာမည်ကြီးကုန်ပစ္စည်းများအား ဝယ်ယူနိုင်မည်ဖြစ်ကာ ဗီယက်နမ် အမှတ်တံဆိပ်များကိုလည်း ကမ္ဘာ့ဈေးကွက်သို့ မိတ်ဆက်ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ JD.com သည် အရှေ့တောင်အာရှဈေးကွက်သို့ တိုးချဲ့လျက်ရှိရာ ၂၀၁၅ ခုနှစ်တွင် အင်ဒိုနီးရှားနှင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ထိုင်းနှင့်လည်းကောင်း အီးကောမတ်စ် ကုန်သွယ်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများအား ပြုလုပ်နေသည်။

အခြား e-commerce ကုမ္ပဏီများဖြစ်သည့် Alibaba နှင့် Amazon.com တို့သည်လည်း ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၅–၂–၂၀၁၈)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေသော်လည်း အရောင်းအဝယ်ကျ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေသော်လည်း အရောင်းအဝယ်ပိုင်းကတော့ ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၅၄၀ (တစ်တန် ကျပ် ၃၃၀၆၉၀) ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ဈေးအတက်အကျမရှိဘဲ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၈၇၂၉၆၁၉ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၄၁၃၆၆၉၄ ပိဿာရှိခဲ့လို့ အရောင်းအဝယ် ကျလာခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ယခင်တစ်ပတ်မှာ ပြောင်းတစ်ပိဿာ ၃၁ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ပြောင်းတစ်ပိဿာ ကျပ် ၃၀ရှိခဲ့ကြောင်း စုံစမ်းသိရပါတယ်။

×××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲ ဈေးငြိမ်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းလုံးကြီး ဈေးတက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲဈေးငြိမ်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းလုံးကြီးတို့ကတော့ ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၈၇၅ကျပ် (တစ်တန် ကျပ် ၅၃၅၈၄၀)ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့သလို မတ်ပဲကို မြို့ခံဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၅၇၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၆၂၅ ကျပ် (တစ်တန် ကျပ် ၃၈၂၇၄၀) ဖြင့် ဈေးမြင့်ခဲ့ပါတယ်။ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံဝယ်လက်တွေက တိုးမြှင့်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ကောင်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၆၃ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၈၉ကျပ် (တစ်တန် ကျပ် ၇၈၉၃၇၀)ဖြင့် ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေက အရည်အသွေးကောင်းကို ရွေးချယ်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၉၃၃ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၂၉၀၀ (တစ်တန်ကျပ် ၁၇၇၅၉၃၀) ဈေးရှိခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူချင်သော်လည်း ကုန်အဝင်နည်းခဲ့လို့ အရောင်းအဝယ် ဖြစ်မှုလည်းနည်းခဲ့ပါတယ်။မြေပဲလုံးဆန်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၆၇၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၀၀ (တစ်တန် ကျပ် ၁၅၉၂၂၁၀) ရှိခဲ့ကြောင်း သိရပါတယ်။


×××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ (သစ်) နဲ့ ပဲစင်းငုံနီ (သစ်) ဈေးတက်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ (သစ်)နဲ့ ပဲစင်းငုံနီ (သစ်)တို့ ဈေးမြင့်တက်ခဲ့ကြောင်းသိရပါတယ်။ ယခုတစ်ပတ် မတ်ပဲတစ်ပိဿာ ကျပ် ၈၃၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၈၃၃ကျပ် (တစ်တန်ကျပ် ၅၁၀၁၂၀) ရှိခဲ့ပါတယ်။ မတ်ပဲ (သစ်)ကို မြို့ခံဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့တယ်လို့ ဆိုပါတယ်။ ပဲစင်းငုံနီ (သစ်)ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၆၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၆၅၀ (တစ်တန် ကျပ် ၃၉၈၀၅၀)ဈေးရှိခဲ့ပြီး ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ)တစ်ပိဿာ ၁၃၅၁ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၄၂၂ ကျပ် (တစ်တန် ကျပ် ၈၈၉၁၉၀)ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (အညာရွှေဝါ)ကို တရုတ်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ပါတယ်။

ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ကျပ်၃၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၉၅၆ (တစ်တန်ကျပ်၁၈၁၀၂၂၀)ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ နှမ်းနက်တစ်ပိဿာ ၂၂၂၂ ကျပ်(တစ်တန် ကျပ် ၁၃၆၀၇၃၀)၊ နှမ်းညို တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန် ကျပ် ၁၄၆၉၇၃၀)၊နှမ်းနက်စမုံ တစ်ပိဿာ ၂၇၃၃ကျပ် (တစ်တန် ကျပ် ၁၆၇၃၆၆၀) နဲ့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေ ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်က ၅၃၇ ကျပ်ရှိခဲ့ရာ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၅၂၈ ကျပ် (တစ်တန် ကျပ်၃၂၃၃၄၀) ထိ ဈေးကျဆင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

×××××××××××××××



## မကွေးဈေးကွက်မှာ ပဲတီစိမ်း၊ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ မတ်ပဲတို့ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ယခင် တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၃၁၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၄၂၀ (တစ်တန် ကျပ် ၈၆၉၀၉၀)နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၈၇၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ်၉၀၀ (တစ်တန်ကျပ် ၅၅၁၁၅၀)ထိ ဈေးတက်ခဲ့သလို ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၆၁၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၆၇၅ကျပ် (တစ်တန် ကျပ် ၄၁၃၃၆၀)ရှိခဲ့ပါတယ်။ နှမ်းရောင်စုံဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံတစ်ပိဿာ ကျပ် ၂၅၈၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၆၂၅ကျပ် (တစ်တန် ကျပ် ၁၆၀၇၅၂၀)၊ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၂၇၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၂၂၉၀(တစ်တန် ကျပ် ၁၄၀၂၃၇၀)ဖြင့် ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ်နှမ်းဖြူထိပ်စ တစ်ပိဿာ ၃၀၂၅ ကျပ်(တစ်တန်ကျပ် ၁၈၅၂၄၇၀)၊ နှမ်းနီတစ်ပိဿာ ကျပ်၂၅၆၀ (တစ်တန် ကျပ် ၁၅၆၇၇၁၀)ဖြင့် ယခင်တစ်ပတ်က အတိုင်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး ပဲစင်းငုံနီကတော့ ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် က ပဲတီစိမ်းတစ်ပိဿာ ၁၄၂၅ကျပ်(တစ်တန်ကျပ် ၈၇၂၆၅၀)ရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို ရန်ကုန်ဝယ်လက်က ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာကျပ်၆၁၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၆၄၀(တစ်တန် ကျပ်၃၉၁၉၂၀) ဖြင့် ဈေးတက်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ မန္တလေးဝယ်လက်တွေက ပဲစင်းငုံနီကို ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ပါတယ်။ ကုလားပဲဟော်လန်ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ်၁၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၄၅၀ (တစ်တန် ကျပ်၈၈၇၉၆၀)နဲ့ ဈေးအနည်းငယ်ကျခဲ့ကြောင်း သိရပါတယ်။ မြို့ခံဝယ်လက်တွေက ကုလားပဲဟော်လန်ကို ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ပါတယ်။

ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုးတစ်ပိဿာ ကျပ် ၂၃၅၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၃၃၅ကျပ် (တစ်တန် ကျပ် ၁၄၂၉၉၃၀)၊ ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာ ကျပ်၂၄၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၄၅၀(တစ်တန် ကျပ် ၁၅၀၀၃၅၀) ရှိခဲ့ပြီး ယခုတစ်ပတ် သိပ္ပံနှမ်းနက် တစ်ပိဿာ ကျပ် ၂၆၀၀ (တစ်တန် ကျပ် ၁၅၉၂၂၁၀) ဖြင့် ယခင်တစ်ပတ် ဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင်တော့ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်ပြန်တက်လာ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်း ဈေးငြိမ်နေပြီး အရောင်းအဝယ် ပြန်တက်လာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ကအစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ်တစ်အိတ်ကို မြန်မာဘက်တွင် ၇၅ ယွမ်ရှိပြီး ရွှေလီဘက်တွင် ၈၇ယွမ် ရှိခဲ့ရာ ယခုတစ်ပတ်မှာလည်းဈေးအတက်အကျမရှိ ဘူးလို့သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တန် ၃၉၆၉၀ ရှိခဲ့ရာမှ ယခု တစ်ပတ်မှာတော့ ၇၅၀၂၉ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ယွမ်ကိုမြန်မာငွေ ၂၀၄ ကျပ်ပေါက်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၀၇ကျပ်ရှိခဲ့လို့ ငွေလဲနှုန်းမြင့်တက်လာခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၅၃၉၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၅၅၅၀၀၀ အထိ၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ်၆၉၄၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၇၁၀၀၀၀၊ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်တန် ကျပ် ၃၈၃၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၄၂၀၅၀၀ အထိ အသီးသီးဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲ ဈေးတက်ပြီး ပဲတီစိမ်း ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၉၁၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၆၀ (တစ်တန် ကျပ်၅၇၈၈၉၀)အထိ ဈေးမြင့်ပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုများခဲ့ တာကြောင့် အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၃၅၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၂၅ ကျပ် (တစ်တန် ကျပ် ၈၁၁၄၁၀)နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက ပဲတီစိမ်းကို ဝယ်ယူမှုများခဲ့တာကြောင့် အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း ဟင်္သာတဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

# ကျွဲ၊ နွား (အရှင်) များ ပြည်ပတင်ပို့ခြင်းဆိုင်ရာ သိကောင်းစရာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်တွင်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇) အရ ကျွဲ၊ နွားအရှင်များအား ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအားအရ ဖြစ်ပေါ်လာသော လွတ်လပ်သည့် ဈေးကွက်ကို ဖော်ဆောင်နိုင်ရန်၊ တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရန်၊ မွေးမြူသူတောင်သူများကို ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမို ရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန်အတွက် ကျွဲ၊ နွားများကို ပြည်ပသို့ စည်းမျဉ်းစည်းကမ်းနှင့်အညီ တရားဝင်တင်ပို့ခွင့်ပြုလိုက်ခြင်းလည်း ဖြစ်ပါတယ်။

**လိုအပ်သောအချက်များနှင့် လျှောက်ထားရန်အဆင့်များ**

ကျွဲ၊ နွားများပြည်ပသို့တင်ပို့ရန်အတွက် ဝယ်ယူစုဆောင်းခြင်း၊ တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးခြင်း၊ ပြည်တွင်းနယ်ကျော်သယ်ဆောင်ခြင်းများဆောင်ရွက်တဲ့အခါမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့၏ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ရမယ်လို့ သိရှိရပါတယ်။ ထိုသို့ဆောင်ရွက်တဲ့အခါမှာ ကျွဲ၊ နွားအရှင်များ ပြည်ပသို့တင်ပို့ရန်အတွက် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ်ပေါင်းချုပ်ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန



တွင် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမှာဖြစ်ပါတယ်။ ထို့နောက် ယာယီစုဆောင်းရပ်သို့ သယ်ဆောင်ခြင်း၊ စစ်ဆေးခံခြင်း နှင့်အတည်ပြုအမှတ်အသား (Micro Chip/ Ear-Tag) ထည့်သွင်းမှု ခံယူလုပ်ဆောင်ရမှာဖြစ်ပြီး သယ်ဆောင်ရာလမ်းကြောင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် ကြားစခန်းများတွင် စစ်ဆေးခံရမှာဖြစ်ပါတယ်။

ဒါ့အပြင် Animal Quarantine Station (AQS) တွင် စစ်ဆေးခံခြင်းနှင့် Animal Quarantine Certifcate ရယူခြင်းအဆင့်များကို ဆောင်ရွက်ပြီးတဲ့အခါ နယ်စပ်စခန်းရှိမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးထားသော စာရွက်စာတမ်း အထောက်အထားများကို ပြန်လည်အပ်နှံရမှာဖြစ်ကြောင်း သိရှိရပါတယ်။

**ပြည်ပသို့တင်ပို့ရာတွင် ရယူရမည့် ထောက်ခံချက်များနှင့် ခွင့်ပြု ဆောင်ရွက်မှုများ**

ကျွဲ၊ နွားအရှင်များ ပြည်ပသို့တင်ပို့ရာတွင် ရယူရမည့်ထောက် ခံချက်တွေကတော့ ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက် လက်မှတ် Animal Health and Development/Prevention & Control Form-၁ (AHD/PC-1)၊ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ် Animal Health and Development/ Prevention & Control Form-3 (AHD/PC-3)၊ မွေးမြူရေးခြံလုပ်ငန်း မှတ်ပုံတင်လက်မှတ် Animal Health and Development/ Prevention & Control Form-7 (AHD/PC-7) ယာယီစုဆောင်းရပ် အတည်ပြုလက်မှတ်၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက် မှတ်ပေါင်းချုပ်၊ သယ်ဆောင်သည့်ယာဉ်တွင်ပါရှိသည့် အကောင် အရေအတွက်ပါ မှတ်တမ်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကိုယ်ပိုင်နွားဖြစ်ကြောင်း ထောက်ခံချက်၊ နွားပွဲဈေး အရောင်းအဝယ်စာချုပ်တို့ဖြစ်ကြောင်း တွေ့ရပါတယ်။ ပြည်ပသို့ ကျွဲ၊ နွားများ တင်ပို့ရန်အတွက် တစ်ကြိမ်တင်ပို့လျှင် ကောင်ရေ ၁၀၀ တင်ပို့ခွင့်ပြုပေးထားပြီး ယာယီစုဆောင်းရပ်မှ တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း၊ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်ရေးစခန်းသို့ ခွင့်ပြုကောင်ရေကို တစ်ကြိမ်တည်းသာ သယ်ဆောင်ခွင့်ပြုမှာဖြစ်ပါတယ်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်ပသို့သယ်ဆောင်ခွင့် အထောက်အထားများရရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်လိုင်စင် လာရောက်လျှောက်ထားရမှာဖြစ်ပါတယ်။ ကုန်သွယ်ရေးဦးစီးဌာနမှ ကျွဲ၊ နွားများ ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ပို့ကုန်လိုင်စင်များအားလျင် မြန်စွာထုတ်ပေးလျက်ရှိပါတယ်။ ကျွဲနွားအရှင်များ စတင် တင်ပို့ခွင့်ပြု ချိန်မှစ၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၅ ရက်ထိ နွား ၇၅၅၃ ကောင်နဲ့ ကျွဲ ၇၂၇ ကောင်အား မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် လိုင်စင်များခွင့်ပြုထုတ်ပေးပြီးလည်း ဖြစ်ပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းတွင် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတက်စေရန်အလို့ငှာ ကျွဲ၊ နွားတိရစ္ဆာန် မွေးမြူသူများ၊ ကုန်သည်လုပ်ငန်းရှင်များ အကျိုးအမြတ်ရရှိစေရန်နှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်အတွက် ကျွဲ၊ နွားအရှင်များအား ပြည်ပသို့ တင်ပို့ခွင့်ပြုနေကြောင်း တင်ပြလိုက်ရပါတယ်။

**ဘုတ်ဘုတ်(ပို့ကုန်)**

## ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃) တွင်ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် စားသုံးသူများကို အကာအကွယ်ပေးသည့်အဖွဲ့ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသောက်ကုန်၊ လူသုံးကုန်နှင့်ပစ္စည်းအမျိုးစုံလင်စွာရှိသဖြင့် စားသုံးသူများကို ဘေးအန္တရာယ်ကင်းစေရန်အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။ ဆက်လက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက (၁၂/၂၀၁၇)ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ဒီဇင်ဘာလအတွင်း မိတ်ဖက်ဌာနများဖြင့်ပူးပေါင်း၍ ကျောင်း၊ ဈေး၊ ရပ်ကွက်/ကျေးရွာများတွင် အသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းစစ်ဆေးခဲ့မှု အခြေအနေ၊ ပဲစိုက်တောင်သူများအား ပိုးသတ်ဆေး၊ ဓာတ်ကြွင်းကင်းစင်ရေး၊ ကောင်းမွန်သော စိုက်ပျိုးနည်းစနစ် (GAP)၊ ကျန်းမာရေးနှင့်အညီ စိုက်ပျိုးထုတ်လုပ်ရေး (GHP) တို့အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း သင်တန်းပို့ချခဲ့မှုအခြေအနေ၊ ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသည့် ဓာတုပစ္စည်းများ ရောင်းချမှုမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ဌာနမှ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါတယ်။

စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဒီဇင်ဘာလအတွင်း စားသုံးသူများ၏ တိုင်ကြားမှုဝန်ဆောင်မှုလေးခု၊ စားသောက်ကုန် နှစ်ခုတို့ကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်က ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်) နှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်မြဦး(စားသုံးသူ) ရန်ကုန်**

## ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာချိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများစုစုပေါင်း ၁၅ ဦးတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက တစ်လတစ်ကြိမ် ပုံမှန်ကျင်းပသည့် အစည်းအဝေးဖြစ်သည့်အတွက် တက်ရောက်လာသော အဖွဲ့ဝင်များမှ စားသုံးသူကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကြံဉာဏ်ကောင်းများပေး၍ ဆွေးနွေးစေလိုကြောင်းပြောကြားခဲ့ပြီး ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးတင့်က ဇန်နဝါရီလအတွင်း ရန်ကင်းမြို့နယ်ရှိ ကျောင်းများသို့ ဒုတိယအကြိမ်ပညာပေးဟောပြောခြင်း၊ သာကေတမြို့နယ်ရှိ ယုဇနစားသုံးဆီစက်ရုံအားစစ်ဆေးခဲ့မှုအခြေအနေ၊ Family သောက်ရေသန့်နှင့် (ငွေကြယ်)မရွေး လုပ်ငန်းများအားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ရှေ့ဆက်လုပ်ဆောင်သွားမည့်လုပ်ငန်းများအား အကျယ်တဝင့်ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသော အဖွဲ့ဝင်ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာငွေးလွင်က အ. ထ. က (၁) သယ်န်းကျွန်းတွင် ဆိုးဆေးများပါသောမုန့်များအားကွင်းဆင်းစစ်ဆေးခဲ့ရာ ကျောင်းမုန့်ဈေးတန်းများတွင် တော်တော်များများတွေ့ရပါကြောင်း၊ Family သောက်ရေသန့်အား ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျန်းမာရေးအရလိုအပ်ချက်များအား အကြံပြုခဲ့ပါကြောင်း ဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်စားသုံးသူကိုယ်စားလှယ် ဦးဟန်ဝင်းအောင်က ကလေးများစားသောမုန့်များတွင် အမှတ်တံဆိပ်များ၌ မြန်မာစာဖြင့်ရေးသားဖော်ပြရန်၊ ရေသန့်ကိစ္စများကို မြို့နယ်များအထိ ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးဆောင်ရွက်သွားရန်နှင့် ဈေးကွက်တွင် ရောင်းချနေသော အစားအစာများတွင် ဆိုးဆေးများပါဝင်မှုမရှိစေရေး ဝိုင်းဝန်းကြီးကြပ်ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။ **လှိုင်ထွန်း**

## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၆၂၀၂ တန်ဖိုးရှိ လက်ဖက်ခြောက် ၈၃ တန်ကျော်ကို လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၇၉၀၇ တန်ဖိုးရှိ လက်ဖက်ခြောက် ၄၆ တန် နီးပါးကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ၇၁ တန်တင်ပို့ခဲ့လို့ ၁၂ တန်ခန့် ပိုမိုတင်ပို့ခဲ့ပြီး တာချီလိတ်မှ လက်ဖက်ခြောက်တင်ပို့မှု မရှိခဲ့ပါဘူး။

မြန်မာနိုင်ငံမှ လက်ဖက်ကို အမေရိကန်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများသို့ စမ်းသပ်တင်ပို့ရာ ဈေးကွက်အောင်မြင်မှုရရှိကြောင်း၊ အမေရိကန်နိုင်ငံဈေးကွက်သို့ လက်ဖက်အစို၊ ဂျာမနီနိုင်ငံဈေးကွက်သို့ လက်ဖက်ခြောက် စမ်းသပ်တင်ပို့ခဲ့ကြောင်း၊ မြန်မာ့လက်ဖက်၏ အားသာချက်မှာ အော်ဂဲနစ်ပစ္စည်းဖြစ်တာကြောင့် အနောက်နိုင်ငံများက ကြိုက်နှစ်သက်မှုရှိကြောင်း၊ မြန်မာနိုင်ငံထွက် သဘာဝနည်းဖြင့် စိုက်ပျိုးတဲ့အော်ဂဲနစ်လက်ဖက်သည် ဈေးနှုန်းအားဖြင့် အခြားနိုင်ငံထွက် လက်ဖက်များထက် ဈေးနှုန်းအနည်းငယ်ကြီးမြင့်ပေမယ့် အနောက်နိုင်ငံဈေးကွက်မှ နှစ်သက်လက်ခံကြောင်း မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရပါတယ်။

**မော်မော်အောင်**

## ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ တင်သွင်းမှုပို

ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၀၀ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံကို ၁၇၉၇၀ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၆၃၂၃ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၄၇ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၆၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၆၈၅၈ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၂၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀၀၇ စီး၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိ ဆိုင်ကယ်ငါးစီးတို့ကို တင်သွင်းခဲ့ တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက် အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၀ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၁၂ မျိုး၊ တန်ချိန်အားဖြင့် ၃၃၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၁၀၂ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၂၃၁ တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ နနွင်းခေါင်း၊ နနွင်းတက်၊ တောချင်း၊ တောဂျုံးမြစ်၊ ဆီးဆန်၊ ဝဥခြောက်နဲ့ ချဉ်ပေါင်ဖာလာ(အခွံပါ) တို့ဖြစ်ပါ တယ်။

ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ ကွမ်းစားဂမုန်း၊ နေလဲစေ့၊ နနွင်းခေါင်း၊ နနွင်းတက်နဲ့ ဆီးဆန်တို့တင်ပို့ခဲ့တာကြောင့် ယခုလို ပိုမိုရခြင်းဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ ပီလောပီနံ အမှုန့်ရော ဥပါတင်ပို့

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၀၅၁၄ တန်ဖိုးရှိ ပီလောပီနံအမှုန့် ၁၉၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၃၁၂ တန်ဖိုးရှိ ပီလောပီနံဥ ၃၂ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပီလောပီနံအမှုန့် ၁၉၂ တန်တင်ပို့ခဲ့လို့ မူဆယ်မှ ပီလောပီနံအမှုန့်ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။ ပီလောပီနံအမှုန့်တစ်တန်ရဲ့ လိုင်စင်ဈေးမှာ ၂၀၉ အမေရိကန်ဒေါ်လာရှိပြီး ပီလောပီနံဥတစ်တန်ဈေးမှာ ၄၁ အမေရိကန်ဒေါ်လာရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မြန်မာ-ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၇၆ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၉၈၇၂ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကတန် ၁၁၃၈၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၅၀၈ တန် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့ပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်များ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုလိုတင်ပို့မှုကျဆင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၆၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်းတို့ကို ၁၃၃ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၉၀ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ အေးခဲပုစွန်၊ အေးခဲကဏန်းပျော့၊ မွေးပုစွန်၊ ငါးခြောက်၊ သဲကဏန်း၊ ကင်းမွန်လိပ်၊ ကင်းမွန်ခြောက်တို့ကို ၂၂၆၂ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၂၂ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်၊ အခြား ရေထွက်တို့ကို ၇၄၇၇ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှု လျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းစုံမှ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၈၇ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၃၆၆၁၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၃၅၄၃၇ တန်၊ လွယ်ဂျယ်မှ ၈၇၄ တန်ကျော်၊ ချင်းရွှေဟော်မှ ၂၈၅ တန်ကျော်နဲ့ ကန်ပိုက်တီမှ ၁၅ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းသုံးခုပေါင်းမှ ပြောင်းတန် ၄၀၆၉၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၀၇၈ တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၂၈၂၂၀၉ ကျပ်ရှိရာမှ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း ၂၈၁၆၃၃ ကျပ်သို့ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၁၂၅၄ စီးဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၁၀ စီး လျော့နည်းခဲ့ကြောင်း၊ မန္တလေး-မူဆယ် ပြောင်းသယ်ယူစရိတ်မှာ တစ်ပိဿာလျှင် ၆၃-၇၀ ကျပ်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးများတင်ပို့မှု ပိုမို

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၂၀ သန်းတန်ဖိုးရှိ ကွမ်းသီး ၈၅၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၆၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉ တန်ခန့် ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့မှု လျော့နည်းခဲ့ပေမယ့် ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးများ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလို ပိုမိုရခြင်းဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၀ သန်းတန်ဖိုးရှိ ကွမ်းသီး ၃၄၉ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၁၀ သန်းတန်ဖိုးရှိ ကွမ်းသီး ၅၀၅ တန်ကို တင်ပို့ခဲ့ပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်မှာ ကွမ်းသီးတစ်မျိုးသာ တင်ပို့ခဲ့ပေမယ့် တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၁ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ ဘိလပ်မြေ၊ ပဲစင်းငုံတို့ကို ၁၁၇ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅၃ သန်းတန်ဖိုးရှိတစ်သျှူးငှက်ပျော ၈၆၂၁ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ ကန်ပိုက်တီမှ ၈၃၇၅ တန်နဲ့ လွယ်ဂျယ် မှ ၂၄၆ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ကန်ပိုက်တီစခန်းမှ ၄၆၂၅ တန်တင်ပို့ခဲ့ပြီး လွယ်ဂျယ်မှ တင်ပို့မှုမရှိခဲ့ပါဘူး။

အလားတူမြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၀၃၀၅၀ တန်ဖိုးရှိတစ်သျှူးငှက်ပျော တန် ၃၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ကချင်ပြည်နယ်အတွင်းရှိ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများတွင် တစ်သျှူးငှက်ပျောစိုက်ခင်းများအတွက် မြေဧကအများအပြားကို ဝယ်ယူလျက်ရှိကြောင်း ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝါးပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၉၉ တန်ဖိုးရှိဝါးလုံးအကြီး ၅၁ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၀ တန်နဲ့နှိုင်းယှဉ်ပါက ၄၁ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံသို့ သကြားလျော့နည်းတင်ပို့

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၅၁ သန်းတန်ဖိုးရှိ Re-export သကြား ၄၈၄၈ တန်ကျော်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၄ သန်းတန်ဖိုးရှိ Re-export သကြား ၂၇၁၄ တန်ကျော် စုစုပေါင်းတန်ချိန် ၇၅၆၂ တန်ကျော်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၆၂၀၅ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၈၆၄၃ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြားတစ်တန်ကို မိမိဖက်ပေါက်ဈေးကျပ် ၈၄၀၄၈၀ ရှိရာမှ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ရက်သတ္တပတ်အတွင်း ကျပ် ၈၁၆၀၀၀ ဈေးသို့လည်းကောင်း၊ ယွမ် ၄၁၂၀ မှ ယွမ် ၄၀၀၀ သို့လည်းကောင်း ဈေးကျဆင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# (၁၆) ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်သစ်သီးဝလံပန်းမန်ပြပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ပူးပေါင်းဆောင်ရွက်မည်

(၁၆) ကြိမ်မြောက် မြို့တော်ဝန် ဖလား ဟင်းသီးဟင်းရွက်သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်ထိ မန္တလေးကန်တော်ကြီး လူထုအပန်းဖြေ ဥယျာဉ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ပြပွဲသို့ မန္တလေးမြို့အနီးရှိ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူများနှင့် ပန်းစိုက် ပျိုးထုတ်လုပ်သူများမှ ဝင်ရောက် ယှဉ်ပြိုင်ခြင်း၊ မိမိတို့စိုက်ပျိုးထုတ်လုပ်သည့် သစ်သီးဝလံနှင့်ပန်းမန်များကို အများပြည်သူများ ကြည့်ရှုရန်အတွက် ခင်းကျင်းပြသခြင်းများ ပါဝင်မည်ဖြစ်ပြီး မန္တလေးတိုင်း အတွင်းရှိဌာနဆိုင်ရာများ နှင့် သစ်သီးဝလံပန်းမန်စိုက်ပျိုးသူများကို အထောက်အကူဖြစ်စေသည့် မြေဩဇာ၊ မြေဆီ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ အသီး အပွင့် အားဆေးများကိုလည်း ကုမ္ပဏီ များမှ လာရောက် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲသို့ မန္တလေး တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီး ဌာနမှလည်း ပူးပေါင်းဆောင်ရွက်၍ ပြခန်း ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့လာရောက်သည့် ပြည်သူ များအနေနှင့် စားသုံးသူအခွင့်အရေး နှင့် စားသုံးသူအကျိုးစီးပွားကာကွယ် ရန်၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေ ရေးနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အရည်အသွေး စသည်တို့ကို ပြခန်း အတွင်း ဓာတ်ပုံမှတ်တမ်းများ၊ ဗွီနိုင်း များ ချိတ်ဆွဲပြသခြင်း၊ လက်ကမ်းစာ စောင်များဝေငှခြင်းဖြင့် စားသုံးသူများ ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှု မရှိစေရေး စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာအသိပညာများ၊ သတင်း အချက်အလက်များ ရှင်းလင်းခြင်းများ ကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ သည်။

အဆိုပါ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲသို့လာ ရောက်လေ့လာသူများအနေဖြင့် မိမိတို့ စားသုံးသူတစ်ဦးအနေနှင့် သိသင့်သည့် အချက်အလက်များ၊ ဆောင်ရန်၊ ရှောင် ရန်များ၊ နစ်နာမှုများကို သိရှိစေရန် အတွက် စားသုံးသူရေးရာဦးစီးဌာနမှ ဖွင့်လှစ်ပြသမည့် ပြခန်းသို့လာရောက် ကြည့်ရှုရင်း သက်ဆိုင်ရာဌာနဆိုင်ရာ များ၏ ဗဟုသုတပြခန်းများကိုလည်း လေ့လာကြည့်ရှုရန် ဖိတ်ခေါ်လိုက်ရပါ သည်။

**ယဉ်ယဉ်အေး**
**စားသုံးသူ(မန္တလေး)**

# မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ် ရော်ဘာပိုမိုတင်ပို့

ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက် အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၇၉ သန်း တန်ဖိုးရှိ ရော်ဘာ RSS 3 အမျိုးအစား ၁၆၂၇ တန်နဲ့ MSR 20 အမျိုးအစား ၄၅ တန် ခန့်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၁၅၇၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၆ တန်ပိုမိုတင်ပို့နိုင် ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှု မရှိခဲ့ပါဘူး။ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ် ရေးစခန်း မှအမေရိကန်ဒေါ်လာ သုည ဒသမ ၀၂ သန်း တန်ဖိုးရှိရော်ဘာစေး ၁၉ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ် ပတ်က တာချီလိတ် ကုန်သွယ်ရေး စခန်းမှ ရော်ဘာစေးတင်ပို့မှုမရှိခဲ့ပါဘူး။ ယခုတစ်ပတ်မူဆယ် ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 အမျိုး အစား တစ်တန်လျှင် ကျပ် ၁၈ ဒသမ ၁၂၂ သိန်းရှိပြီး ယခင်တစ်ပတ်ဈေး ထက် တစ်တန်လျှင် ၃၇၀၆ ကျပ်ဈေး ကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှု မှ ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၁၆၃ သန်းတန်ဖိုးရှိ ရော်ဘာ ၁၆၀၆ တန်တင်ပို့ခဲ့ရာ မလေး ရှားနိုင်ငံသို့ RSS 3 အမျိုးအစားတန်ချိန် ၉၉၀ နဲ့ MSR 20 အမျိုးအစား ၁၀၁ တန်၊ ဂျပန်နိုင်ငံသို့ MSR 20 အမျိုး အစား ၂၉၄ တန်၊ အိန္ဒိယနိုင်ငံသို့ MSR 20 အမျိုးအစား ၁၀၁ တန်နဲ့ MSR 10 အမျိုးအစားတန်ချိန် ၂၀ ကျော်၊ အမေ ရိကသို့ RSS 1 အမျိုးအစားတန်ချိန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် က ပင်လယ်ရေကြောင်းမှ ရော်ဘာ ၂၂၅၈ တန်တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၆၅၂ တန် လျော့ကျခဲ့ပါ တယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေး အတက်အကျ အနည်း ငယ်သာရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း အတက်အကျသိပ်မရှိဘဲ ယခင်တစ် ပတ်အတိုင်း ဈေးငြိမ်နေကြောင်း မြန်မာ နိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ MEB (Two Step Loan) ဆိုင်ရာ သင်တန်းပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်း အဝေးခန်းမ(၂) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်က အကောင်အထည် ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း အတွက် လယ်ယာသုံးစက်ကိရိယာများ၊ လိုအပ်သော အရင်းအနှီးများ ထုတ် ချေးပေးမည့် ချေးငွေဆိုင်ရာ MEB (Two step loan) နှင့် ပတ်သက်သော သင်တန်း ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ ပြုလုပ်ခဲ့ပြီး သင်တန်းကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မြို့နယ်များမှ မြို့နယ် မန်နေဂျာနှစ်ဦးအပါအဝင် စုစုပေါင်း ၇၀ ဦး ခန့် တက်ရောက်ခဲ့သည်။

သင်တန်းတွင် ပုသိမ်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီး မန်နေဂျာ ဦးသန်းဌွေးအောင်က အဖွင့်အမှာစကားပြောကြား၍ ရုံးချုပ် (နေပြည် တော်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးလွင်က ဘဏ္ဍာနှစ်အလိုက် တိုင်းဒေသကြီးပြည်နယ်များသို့ ချေးငွေထုတ်ပေးမည့် အစီအစဉ်၊ စားနပ်ရိက္ခာ ဖူလုံစေရေး၊ ပို့ကုန်မြှင့်တင်နိုင်ရေး၊ မွေးမြူရေးနှင့် လယ်ယာစက်မှုကဏ္ဍညီမျှသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊ ကျေးလက်ဒေသနှင့် မြို့ပြဒေသဟန်ချက်ညီညီဖွံ့ဖြိုး တိုးတက်လာပြီး ကာလရှည်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချေးငွေများ အလွယ်တကူ ရရှိ စေရန်၊ ၎င်းအချက်အလက်များကို မြို့နယ်များရှိ ဒေသခံတောင်သူများအား အသိ ပညာပေးရှင်းလင်းပြနိုင်ရန် ရည်ရွယ်၍ ယခုလိုသင်တန်းဖွင့်လှစ်ရခြင်းဖြစ် ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

သင်တန်းတွင် ချေးငွေအမျိုးအစား၊ အာမခံပစ္စည်းတင်သွင်းမှု၊ မီးအာမခံ၊ ချေးငွေအာမခံ CGI ချေးငွေပမာဏနှင့် ချေးငွေဆိုင်ရာ အချက်အလက်များ တောင်သူများသို့ ချေးငွေ ထုတ်ချေးမည့်သက်တမ်းနှင့်ဝယ်ယူ ဆောင်ရွက်နိုင်သည့် လုပ်ငန်းအမျိုးအစား၊ ငွေချေးယူခွင့်ရှိသူများ၊ ငွေချေးယူခွင့်မရှိသူများနှင့် ချေး ငွေဆိုင်ရာ အချက်အလက်များကို နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ နှစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရပါသည်။ **ထွန်းထွန်း(ပုသိမ်)**

စာမျက်နှာ (၆) AEC စီးပွားရေးအခွင့်အလမ်းများကို …… မှအဆက်

### နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးကို ရင်ဆိုင်အသုံးချခြင်း

စီးပွားရေးလုပ်ငန်းငယ်များသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးတွင် ပါဝင်ဆောင်ရွက်မှုအားနည်းနေသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံများကြားတွင်ရှိသော အခွန် ကိစ္စများ၊ ဥပဒေများနှင့် အစိုးရဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း များကြောင့် ထိုကဲ့သို့ ပါဝင်မှုနည်းနေခြင်းဖြစ်သည်။ တကယ် လက်တွေ့တွင်မူ စီးပွားရေးလုပ်ငန်းငယ်များ လုပ်ငန်းတိုးချဲ့ နိုင်သော၊ ဈေးကွက်ချဲ့ထွင်နိုင်သော လက်ရှိကုန်သွယ်ရေး သဘောတူညီချက်များ (Existing trade agreements) ရှိနေ ပါသည်။

အရှေ့တောင်အာရှဒေသတွင်းပင် ကုန်သွယ်လိုသော လုပ်ငန်းရှင်များအတွက် AEC ၏ ကောင်းကျိုးများကို ရယူ ခံစားနိုင်ရန် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ (Asean Free Trade Area-AFTA) ကို စဉ်းစားနိုင်သည်။ ဤ အစီအစဉ်သည် အာဆီယံနိုင်ငံများကြား အခွန်လျှော့ချကင်း လွတ်ခွင့်ပြုပြီး အပြန်အလှန် စီးပွားရေးတိုးတက်အောင် ပူးပေါင်းသည့် အစီအစဉ်ဖြစ်သည်။ ဤအစီအစဉ်အရ ကုန် စည်အမျိုးအမယ်ပေါင်း ၈၀၀၀ ကျော်ကိုအကောက်ခွန် သုည ရာခိုင်နှုန်းဖြင့် ကုန်သွယ်နိုင်သည့် ဒေသဆိုင်ရာ ဈေးကွက် ဖြစ်ပါသည်။

သို့သော်လည်း SMEs များသည် မိမိတို့၏ လုပ်ငန်း အတွေ့အကြုံ၊ ဗဟုသုတများကို မိမိတို့ဒေသတွင်းတွင်ပင် ကျေနပ်မနေဘဲ အာဆီယံပြင်ပရှိ ပိုမိုကြီးမားသည့် ဈေးကွက် အခွင့်အလမ်းများကို ရယူခံစားသင့်ပါသည်။ အရှေ့တောင် အာရှဈေးကွက်အစား တောင်အာရှဈေးကွက် (South Asian market) ကို ထည့်သွင်းစဉ်းစားသင့်သည်။ သို့မှသာ ပိုမို ကြီးမားသည့် FTA အခွင့်အရေးကို ခံစားနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် အာဆီယံ-အိန္ဒိယလွတ်လပ်သော ကုန်သွယ် ရေးဒေသ (Asean-India Free Trade Area) ကို တွေ့မြင်နိုင် သည်။

အာဆီယံ-အိန္ဒိယဈေးကွက်သည် စားသုံးသူ ၂ ဘီလီယံ ကျော်သည့် ဈေးကွက်ကြီးဖြစ်ပြီး စုစုပေါင်း GDP အမေရိကန် ဒေါ်လာ ၃ ထရီလီယံရှိပါသည်။ ဤဈေးကွက်ကြီးတွင် စားအုန်းဆီ၊ ကော်ဖီ၊ လက်ဖက်ရည်နှင့် ငရုတ်ကောင်းအပါ အဝင် ထုတ်ကုန်စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်ကို အကောက်ခွန်ပေးဆောင်စရာမလိုဘဲ ကုန်သွယ်နိုင်ပြီဖြစ် သည်။ ထိုနည်းတူစွာပင် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ ကောင်းကျိုးများကို အများဆုံးရယူခံစားနိုင်ရန် အသုံးချသင့်ပါသည်။

### ထောက်ပံ့ပို့ဆောင်ရေး၏ အခန်းကဏ္ဍ

အာဆီယံ SMEs အများစုသည် အီလက်ထရောနစ် ပစ္စည်း၊ သစ်အခြေခံနှင့် ပရိဘောဂထုတ်ကုန်၊ စားသောက် ကုန်နှင့် အခြားစက်မှုထုတ်ကုန်များကို ဦးစားပေးထုတ်လုပ် တင်ပို့လျက်ရှိသည်။ ထို့ကြောင့် SMEs များ၏ ပို့ကုန်စွမ်း ဆောင်ရည် (Export performance) ကို မြှင့်တင်ပေးရန်လည်း လိုအပ်ပါသည်။ အဆိုပါထုတ်ကုန် များကို ရေရှည်တိုးတက် တင်ပို့နိုင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် ထောက်ပံ့ပို့ ဆောင်မှုလုပ်ငန်း (Logistics) ထိရောက်ကောင်းမွန်ရန် အရေးကြီးပါသည်။ Logistics ကောင်းမွန်မှသာလျှင် ဒေသ တွင်းနှင့် ဒေသပြင်ပဖြန့်ဖြူးမှု စရိတ်လျော့ကျခြင်း၊ သင်ယူပို့ ဆောင်သည့်အချိန် လျော့ကျခြင်းနှင့် အပိုကုန်ကျစရိတ်များကို လျှော့ချနိုင်မည်ဖြစ် သည်။

အာဆီယံစီးပွားရေးလုပ်ငန်းများ၏ သုံးပုံ နှစ်ပုံသည် ပိုမိုစွမ်းဆောင်ရည်ရှိသော ထောက်ပံ့ပို့ဆောင်မှု လုပ်ငန်းများ ကို ဝန်ဆောင်ခပိုမိုပေးချေလိုကြောင်းတွေ့ရသည်။ ကုန် ပစ္စည်းများကို ပိုမိုမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်ရေး အတွက် e-commerce ကို အသုံးချသင့်သည်။ စီးပွားရေးလုပ် ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး ဝင်ငွေကို တိုးပွား စေနိုင်သည့် ပိုမိုကောင်းမွန်မြန်ဆန်သည့် သယ်ယူပို့ဆောင်မှု နည်းလမ်းများ (Better,faster and more flexible shipping solutions) ကို အသုံးချရပါမည်။ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်း များ (Trade regulations) ကို ပိုမိုဖြေလျှော့ပေးခြင်းနှင့် ထုတ် လုပ်ရောင်းချမှုကွင်းဆက် စီမံခန့်ခွဲမှု (Supply-chain management) ကောင်းမွန်ခြင်းတို့ကလည်း အာဆီယံ SMEs များ၏ ပို့ကုန်တင်ပို့မှုကို တိုးတက်စေနိုင်သည်။

အာဆီယံသည် ဒေသဆိုင်ရာ စီးပွားရေးအုပ်စုတစ်ခု အဖြစ် AEC ကို အကောက်အထည်ဖော်လျက် ယင်း၏ စီးပွားရေးအလားအလာကောင်းများကို အသုံးချနေပါသည်။ ထိုကဲ့သို့သော အခြေအနေတွင် အာဆီယံ SMEs များသည် မိမိတို့အိမ်နီးချင်းဈေးကွက်များ (Neighbouring markets) ကို လေ့လာခြင်း၊ အခွင့်အလမ်းများကို ဆန်းစစ်ခြင်း၊ နည်းပညာ ကောင်းမွန်ပြီး စွမ်းဆောင်ရည်ရှိသည့် ထောက်ပံ့ပို့ဆောင်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်သင့် သည်။ သို့မှသာ အာဆီယံ SME များသည် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ရှေ့သို့ဆက်လက်လျှောက်လှမ်းနိုင်မည် ဖြစ်ပါသည်။

Source: businessmirror.com

# PPC

Property People Connection

**Under Management of Established Company " PPC Group of Companies" in Singapore**



### Property Services

- Property Management
- M & E Services
- Cleaning
- Security

### Renovation Service

- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services

### Real Estate Services

- Leasing, Purchasing & Selling

No.22, 1st Floor (Left Room), Thida Road, Kyauk Myaung Gyi Quarter, Tamwe Township, Yangon, Myanmar.Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net



# Royal Material Co.,Ltd.

Quality Brand သုံးစွဲသူများအတွက်
နိုင်ငံတကာ အရည်အသွေးမီ ကိုရီးယားနိုင်ငံထုတ်
အိမ်တွင်းအလှဆင်ပစ္စည်းများအရောင်းပြခန်းနှင့်
အိမ်တွင်းအလှဆင်လုပ်ငန်း

ISO 9001:2015 Cert. No. 761212

- အဆင့်မြင့် ခိုင်ခံ့သပ်ရပ်သော အလူမီနီယမ်နှင့်ဆက်စပ်ပစ္စည်းများ
- ကြမ်းခင်းနှင့်နံရံသုံးဆန်းသစ်သော Vinyl ပြားများ
- နံရံအလှဆင် Wall Leather လိပ်များ
- အလင်းရောင်ထိုးဖောက်နိုင်သော Acrylic ပြားများ
- လုံခြုံရေးစိတ်ချရသော Main Doors (Temperate Glass Door)
- အိပ်ခန်းနှင့် သန့်စင်ခန်းသုံးတံခါး (ABS Doors)
- လှပခိုင်ခံ့သောအလူမီနီယမ်ဇကာကွက်များ (Aluminium Grille)
- နံရံနှင့်မျက်နှာကျက်အလှဆင်(Space Wall)
- အရည်အသွေးမြင့်မားသော TopSeal (Prime-X) Silicone Sealant






Survey ဆင်း၍ အတိုင်းအတာအခမဲ့တွက်ချက်ပေးပါသည်။
အမှတ် (၃၁၂-၃၁၈)၊အနော်ရထာလမ်း။ (၃)လမ်းထိပ်၊ (KBZ Bank ဘေး)၊
လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ Ph: 0979700 6070~71~72, 09 44312 6052
Website :www.royalmaterial.com, Email :info.royalmaterial@gmail.com



# ORIENT PEARL CO., LTD. *(Production of Myanmar South Sea Pearl)*

ကမ္ဘာပေါ်၌ နာမည်ကြီး လူကြိုက်များနေသည့် တောင်ပင်လယ် မြန်မာ့ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း



Office : 216/222,#4(A-B-F),Bo Myat Tun Housing,Mahabandoola Road,(Corner Of Bo Myat Tun St),Pazundaung Tsp
Yangon,Myanmar.Tel : (95) 01-200594,299070 Fax : 01 200594 E-mail : ygn.opc@gmail.com



MKK Mya Kyoe Kyar (Whale Logistics) Co.,Ltd.

L-3, Shwe Zabe Housing,
Bayint Naung Road,
Kamayut Township,
Yangon, Myanmar.

Tel : +95-1-535571
Fax : +95-1-535571
E-mail:mkkwhalelogistics2012@gmail.com
thetthetwin.ygn@gmail.com





LAY & NYI TRADING COMPANY

Distributed In Myanmar
By
LAY & NYI TRADING CO.,LTD
အမှတ်(၅၀)အခန်း-၄၊မြောင်းမြလမ်း
စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၃၄၆၆၈၆၊ ၂၃၀၄၆၃၈
၀၉၄၃၀၆၅၉၈၀၈
E-mail:tintmonaung@gmail.com



- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans and Overdraft
- Gift Cheque Services
- Safe Deposit Locker
- ATM / POS Services
- Mobile Banking Services
- Foreign Banking Services
- Western Union နှင့် ချိတ်ဆက်၍ ငွေလွှဲဆောင်ရွက်ပေးခြင်း

လုံခြုံလျှို့ဝှက်
ဆောင်ရွက်မြန်မှန်
မြဝတီဘဏ်






မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Phone No : (01) 2301367, 2301368, 2301452, 2301378, Email : mwdbankygn@mptmail.net.mm
Fax : (01) 2301395, 2301450, 2301402, 2301418 Website : www.mwdbank.com.mm

AG Aung Gyi




IVECO VOLVO MAN DAF SCANIA

No.(430), Sayar San Road, Near Pin Lon Housing, (33) Ward, Noth Dagon Township, Yangon.
Website : www.aunggyitrucksale.com, Mobile : 09 965513098, 09 964513098, 09 764513098
Email : aunggyitruck.sale@gmail.com

# “တောရဲ့ မာယာ”

**ခင်မောင်ညို(ဘောဂဗေဒ)**

၂၀၀၈-၂၀၀၉ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပြီးတဲ့နောက်မှာ ကမ္ဘာ့စီးပွားရေးကို ပြန်လည်သုံးသပ်မှုတွေ လုပ်လာခဲ့ကြတယ်။ အဲဒီလိုလုပ်ကြတဲ့အထဲမှာRuchir Sharma ရဲ့ (The Rise and fall of Nations) “နိုင်ငံတွေရဲ့ အတက်အကျ” ဆိုတဲ့စာအုပ်ဟာ နိုင်ငံတကာမှာအရောင်းရဆုံးစာအုပ်တစ်အုပ်ဖြစ်ခဲ့တယ်။ စာအုပ်ရဲ့ခေါင်းစဉ်၌ “အကျပ်အတည်းလွန် ကမ္ဘာထဲကအပြောင်းအလဲဥပဒေသ-၁၀” (Ten Rules of Change in the post-crisis world) တဲ့။

သူ့ရဲ့ စာအုပ်ကိုပုံပြင်လေးတစ်ပုဒ်နဲ့ စထားတယ်။ အာဖရိကမှာဘုရင်ကြီးတစ်ပါးက သူ့ရဲ့သားတော်မင်းသားကို တောရဲ့အသံတွေလေ့လာဖို့ လွှတ်လိုက်တယ်။ ပထမအခေါက်မှာပိုးကောင်တွေ၊ ငှက်တွေရဲ့အသံတွေကြားထဲမှာ ခြင်္သေ့နဲ့ဆင်ရဲ့အသံလောက်ပဲ ကြားတယ်။ တစ်ခေါက်ပြီးတစ်ခေါက်သွားရင်းနဲ့ သိပ်မထင်ရှားတဲ့အသံတွေပါကြားလာတယ်။ မြွေလူးလွန့်တဲ့ အသံတို့၊ လိပ်ပြာတောင်ပံခတ်သံတို့ကိုပါ ကြားတတ်လာတယ်။ ထပ်တလဲလဲသွားတဲ့အခါ တိတ်ဆိတ်နေတဲ့ကြားထဲကရှိနေတဲ့အန္တရာယ်တွေ၊ နေအထွက်မှာရှိနေတဲ့ မျှော်လင့်ချက်တွေကိုပါသတိထားမိလာတယ်။ နောက်ဆုံးမှာ အသံမထွက်တာကိုတောင်မှကြားနိုင်စွမ်းရှိလာသတဲ့။

၂၀၀၈ခုနှစ်ပြည့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကိုလည်း သူကအဲဒီပုံပြင်နဲ့ နှိုင်းယှဉ်ပြတယ်။ အကျပ်အတည်းကြောင့် ကုန်သွယ်ရေးနဲ့ ငွေကြေးလမ်းကြောင်းတွေ ကပြောင်းကပြန်ဖြစ်ကုန်တယ်။ နိုင်ငံရေးအရ တော်လှန်မှုတွေပေါ်ပေါက်လာတယ်။ ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို နှေးကွေးသွားစေတယ်။ ဘယ်နိုင်ငံတွေတိုးတက်ရှင်သန်မလဲ။ ဘယ်နိုင်ငံတွေနောက်ကောက်ကျသွားမလဲဆိုတာ ခွဲခြားဖို့ပိုခက်လာတယ်။ အသံဗလံတွေ၊ ဆူညံသံတွေ အမျိုးမျိုးကြားထဲက နိုင်ငံတွေရဲ့ အတက်အဆင်းကို ကြိုတင်တွက်ဆနိုင်မယ့်အရှင်းလင်းဆုံးအသံတွေကိုဖော်ထုတ်နိုင်ဖို့ လိုလာတယ်။

ကမ္ဘာ့စီးပွားရေးလောကမှာ ကိုယ့်ကိုယ်ကို “ကျား”လို့ထင်ကြတာများတယ်။ဒါပေမယ့် အာဖရိကမှာ “ကျား”တွေ၊ မုဆိုးတွေနဲ့သားကောင်တွေဟာ သိပ်ပြီးကွာကြတာမဟုတ်ဘူးတဲ့။

ခြင်္သေ့တွေဟာ အများအားဖြင့် နှေးတယ်။ အမောမခံနိုင်ဘူး။ သားကောင်ဖမ်းရာမှာ ငါးခါဖမ်းမှ တစ်ခါလောက်မိတာ။ ကျားသစ်ကပိုမြန်တယ်။ ဒါပေမယ့် ကျားသစ်ဆယ်ကောင်မှာတစ်ကောင်တောင်မှ သက်တမ်းတစ်နှစ်ထက်ပိုမရှည်ဘူး။ ခြင်္သေ့အထီးတွေက အသက်ပိုရှည်ပေမယ့် အချင်းချင်းတိုက်ခိုက်နယ်မြေလုရင်း ငယ်ငယ်ရွယ်ရွယ်နဲ့ သေကုန်ကြတယ်။ ဆိုလိုတာက သားကောင်ရော၊ မုဆိုးရော သိပ်ကွာကြတာမဟုတ်ဘူး။ မုဆိုးဖြစ်လို့လည်း သက်တမ်းရှည်မယ် မပြောနိုင်ဘူး။ ကမ္ဘာ့ဇာတ်ခုံပေါ်က ခေါင်းဆောင်တွေဆိုရင် သူ့ခေတ်နဲ့သူတက်လာကြပြီးတော့ ဆင်းသွားကြ စီးပွားရေးတက်ချိန် သူတို့တက်။ စီးပွားပျက်ချိန် သူတို့လည်းကျ။ ၁၉၉၀ပြည့်လွန်နှစ်တွေ ၂၀၀၀-၂၀၀၁အင်တာနက်ကုမ္ပဏီတွေပြိုကွဲ၊ ၂၀၀၈ကမ္ဘာ့ဘဏ္ဍာရေးပြိုကွဲ။ ခေတ်ကောင်းတဲ့အချိန်မှာလုပ်ခဲ့တာလေးတွေ ကျေနပ်အားရနေချိန် ငလျင်လှုပ်သလိုခါချခံရ။

ဈေးကွက်ရဲ့သဘောက အလွန်အကျွံမြူးတူးပျော်ပါးတော့လည်း သူတို့၊ အထိတ်တလန့်အပြေးအလွှားဖြစ်ကြတော့လည်း သူတို့၊ ဟိုဘက်အစွန်းရောက်လိုက်၊ ဒီဘက်အစွန်းရောက်လိုက်၊ သူများဝေလေလေဆိုလိုက်ပြီး ဝေလေလေ။ ရေကြည်ရာမြက်နုရာရှာနိုင်သူတချို့တော့ရှင်သန်။ အမဲလိုက်နေတဲ့ သားကောင်တွေ မုဆိုးတွေရန်ကလွတ်အောင် ရှောင်ရတာလည်းသိပ်မလွယ်လှ။ ကျားကြောက်ရ၊ ခြင်္သေ့ကြောက်ရ ရေကဖြတ်ပြန်တော့ မိကျောင်းရန်ကရှိ။

> ရင်းနှီးမြှုပ်နှံတဲ့သူ
> အချင်းချင်းယှဉ်ကြည့်ရင်
> ရောင်းလိုက်ဝယ်လိုက် လုပ်နေတဲ့သူထက်
> ငြိမ်ငြိမ်နေတဲ့သူက ပိုပြီး
> အကျိုးအမြတ်များသတဲ့။

ခက်ပုံက လူတွေရဲ့ မှတ်ဉာဏ်က အလွန်တိုတောင်း။ရှေးကလူတွေမှားခဲ့ဖူးကြတာတွေကိုမေ့ပစ်၊ သုံးသပ်ချက်တွေ၊ ခန့်မှန်းတွက်ဆချက်တွေက အများအားဖြင့် တစ်လေသံတည်း။ ခုတရုတ်တော်ကြာဂရိ။ ကိုယ်ပြောခဲ့တာတွေကို ကိုယ်မှတ်မိချင်မှ မှတ်မိ။ ရုတ်တရက်လေသံပြောင်းချင် ပြောင်းတတ်ကြတာ။

“ကြောက်တတ်ရင်၊ ဝန်ကင်း” ဆိုပေမယ့် ကြောက်တတ်တိုင်းဝန်မကင်းတာ၊ ရှင်သန်နိုင်တာမျိုးမဟုတ်။ ဉာဏ်ပညာနဲ့ယှဉ်တဲ့ကြောက်တတ်တာမျိုးမှ ရှင်သန်နိုင်တာတဲ့။ ရှင်သန်ကျန်ရစ်ဖို့အရေးအတွက် ဉာဏ်ပညာနဲ့ယှဉ်ပြီးကြောက်တတ်ဖို့လိုသတဲ့။ စကားလုံးတွေလှပေမယ့် လက်တွေ့မှာမလွယ်။

ဒီစာတွေဖတ်ရင်းနဲ့ ကိုယ့်နိုင်ငံနဲ့ပတ်သက်လို့ စဉ်းစားမိတာလေးတွေ ပြောပြချင်သေးတယ်။ အစိုးရတာဝန်ရှိသူလည်းမဟုတ်၊ ဘာမှလည်း မဟုတ်တဲ့သုတေသီတစ်ယောက်အနေနဲ့ အသံတွေစုံအောင် နားထောင်ကြည့်တယ်။ ပုံပြင်ထဲက မင်းသားလို တိတ်ဆိတ်မှုရဲ့အသံကို မကြားနိုင်။ ဆူညံသံ (Noise) တွေများနေတဲ့အခါလည်း ကြုံရဲ့။ အကောင်းမြင်လွန်းတဲ့အသံတွေ၊ မကောင်း မြင်လွန်းတဲ့အသံတွေ၊ မျှော်လင့်ချက်မြင့်မားတဲ့ အသံတွေ၊ အားမလိုအားမရအသံတွေ၊ ရယ်စရာ မောစရာတွေ၊ တကယ့်အသံကဘာလဲဆိုတာခွဲခြားဖို့က အတော်ခက်တဲ့ကိစ္စ။

နိုင်ငံကြီးတွေရဲ့ကြားထဲရောက်နေတဲ့ကိစ္စ အဲဒီနိုင်ငံကြီးတွေကို ကိုယ့်ရဲ့အကျိုးစီးပွားအတွက် အသုံးချနိုင်ကြမလား။ အကြောက်တရားနဲ့ကြည့်ရမလား။ အကျိုးစီးပွားမျက်စိနဲ့ကြည့်မလား၊ အခွင့်အရေးတစ်ရပ်လို ရှုမြင်ကြည့်မလား။ အတိတ်က ပစ္စုပ္ပန်ကိုလွှမ်းမိုးနေဆဲလား။ သေချာတာကနိုင်ငံကြီးတွေမှာလည်းသူ့ဒုက္ခနဲ့သူ။ သူ့ဒုက္ခကိုဖြေရှင်းဖို့က သူ့နိုင်ငံရဲ့အကျိုးစီးပွား၊ ကိုယ့်ဒုက္ခကိုဖြေရှင်းဖို့က ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွား။ သူ့အကျိုးစီးပွားနဲ့ ကိုယ့်အကျိုးစီးပွားဆိုတာမျိုးကလည်း အမြဲတမ်းတိုက်ဆိုင်တာမျိုးမဟုတ်။ တစ်ခါတစ်ခါအကျိုးစီးပွားချင်းထိပ်တိုက်ဖြစ်တတ်သေး။ ဒါပေမယ့် အင်အားနည်းလို့ဆိုပြီး ကိုယ့်ကိုယ်ကိုလျှော့တွက်လို့မရ။

အလွန်အကျွံမြူးတူးပျော်ပါးတာ၊ ဘဝင်မြင့်တာ၊ အကြောက်လွန်တာ၊ အစွန်းရောက်တာမှန်သမျှ ဘယ်ဟာမှ ကိုယ့်အတွက်မကောင်း။

ပြီးတော့ ရေတိုပဲ ကြည့်တတ်တဲ့အကျင့်ကလည်းတိုးပွားလာနေတာမကောင်း။ တကယ်တော့ ရေရှည်ကြည့်ဖို့လိုတယ်ဆိုတာတွေ့ရတယ်။ ရှေ့တက်သင့်တဲ့အခါတက်၊ မတက်ဘဲငြိမ်နေသင့်တဲ့အခါငြိမ်။ ပြောစရာရှိရင်ပြော ဘာတဲ့ အကျိုးရှိဟုတ်မှန်သူခံသာသောစကား၊ သူမခံသာသောစကားတဲ့။ အကျိုးရှိမယ်။ ဟုတ်မှန်တယ်ဆိုရင် သူခံသာတာရော၊မခံသာတာရော ကာလဒေသအချိန်အခါ အခြေအနေကြည့်ပြောတဲ့။ ကိုယ်ဘာတွေပြောနေတာလဲ။ အသံထွက်တာလား။ ဆူညံရုံလား?

ဆုံးရှုံးမှာကြောက်နေတဲ့ ရင်းနှီးမြှုပ်နှံသူတွေဟာ အခုဆိုရေရှည်မကြည့် တစ်လချင်းအရှုံးအမြတ်တွက်လာကြတယ်။ မရောင်းဘဲမဝယ်ဘဲ မနေနိုင်ကြ ငြိမ်ငြိမ်မနေနိုင်ကြဘူး။ ဒီတော့လည်း အကျိုးအမြတ်ရှိတာမဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံတဲ့သူ အချင်းချင်းယှဉ်ကြည့်ရင် ရောင်းလိုက်ဝယ်လိုက်လုပ်နေတဲ့သူထက် ငြိမ်ငြိမ်နေတဲ့သူကပိုပြီး အကျိုးအမြတ်များသတဲ့။ ဘာမျှမလုပ်တာ၊ ငြိမ်ငြိမ်နေတာ၊ ပျင်းတာက မဂ်လာတရားနဲ့ညီနေသလိုလိုဖြစ်နေပြန်။ တကယ်တော့ငြိမ်သင့်တဲ့အခါငြိမ်ရ၊ ပြန်လည်သုံးသပ်တာ ဆင်ခြင်တာ၊ ရှေ့ရေးအတွက်ကြိုတင်ပြင်ဆင်တာတွေလုပ်ရ။ အင်အားကို အရေးအကြောင်းရှိတဲ့အခါသုံးဖို့ ချွေတာရ။ အမြဲတမ်း လှုပ်ရှားနေရင် တကယ်လိုအပ်တဲ့အခါ အင်အားမရှိ ခြင်္သေ့တစ်ကောင်ဟာတစ်နေ့ကို တစ်ဆယ့်ရှစ်နာရီကနေ နာရီနှစ်ဆယ်အထိ အိပ်သတဲ့။

စာရေးဆရာက နေ့စဉ်ကိစ္စတွေ၊ လပတ်ကိန်းဂဏန်းအတက်အကျတွေနဲ့ပဲအချိန်ကုန်မခံ အင်အားကိုမဖြုန်းတီးနဲ့တဲ့။ အတ္တကြောင့် ခြေလှမ်းဆုတ်ဖို့ ခက်နေတာမျိုးမလုပ်ဘဲ အပြောင်းအလဲနဲ့ လိုက်လျောညီထွေဖြစ်ပါစေတဲ့။ ရောမအလားအလာကြီးတွေကိုကြည့်ဖြတ်ကူးတဲ့အခါ အန္တရာယ်ကို သတိထားတဲ့ ဘေးက လူတွေအားလုံးကလက်ရှိအခြေအနေနဲ့ သာယာယစ်မူးနေချိန်မှာ အရေးကြီးတဲ့ အပြောင်းအလဲတွေကို သတိထားနိုင်တဲ့ ယန္တရားတွေ တပ်ဆင်ထားတဲ့။

ဘယ်ပုံစံကိုလိုက်နာလို့ ပြောစရာမရှိ။ ကိုယ့်နိုင်ငံကိုယ့်အခြေအနေကသူများနဲ့တူတာမဟုတ်။ အရှိန်အဟုန်ပြင်းပြင်းနဲ့ ပြေးရင်း ခြေကုန်လက်ပန်းကျတာမျိုးမဖြစ်စေနဲ့တဲ့။

အောင်မြင်တဲ့နိုင်ငံသစ်တွေဟာမထင်မှတ်တဲ့နေရာတွေကပေါ်ထွက်လာနိုင်ပါတယ်။ အဲဒီထဲမှာအကြွားသန်တဲ့ ဟန်ကြီးပန်ကြီးလုပ်တတ်တဲ့ နိုင်ငံတွေမပါနိုင်ဘူး။

ကမ္ဘာ့စီးပွားရေးအဆောက်အအုံကြီးဟာ အသံဗလံတွေဆူညံလို့။ စန်းတွေပွင့်ကြ၊ ပူဖောင်းတွေပေါက်ကွဲကြ၊ ဆန္ဒတွေပြကြ၊ ကန့်ကွက်ကြနဲ့ပေါ့။ ဒါပေမယ့်အသံမထွက်တာတွေဟာအကောင်းရော၊အဆိုးရောအကြီးအကျယ်ဖြစ်နိုင်တာမို့ သတိထားကြဖို့ စာရေးသူကအကြံပြုထားပါကြောင်း။

**(Ruchir Sharma – The Rise and Fall of Nations)**

## ကျိုက်လတ်မြို့နယ်အုန်းဆံကြိုးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် စားသုံးသူရေးရာဦးစီးဌာနမှလုပ်ငန်းရှင်များအစုအဖွဲ့နှင့်တွေ့ဆုံဆွေးနွေး

ဖျာပုံခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးမြင့်အောင်နှင့်ဝန်ထမ်းများသည် ကျိုက်လတ်မြို့နယ်တွင် ထုတ်လုပ်နေသည့် အုန်းဆံကြိုးလုပ်ငန်းအား အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်တွင်ဈေးကောင်းရစေရန်နှင့် ထုတ်လုပ်မှုနည်းစဉ်များနှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် အုန်းဆံကြိုးလုပ်ငန်းရှင်အစုအဖွဲ့နှင့် ဇန်နဝါရီ ၂၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ဖျာပုံခရိုင်အတွင်း SMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ရွာထုတ်ကုန် တစ်မျိုး (One Village One Product) ထုတ်လုပ်လာစေရန်ရည်ရွယ်၍တွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် အစုအဖွဲ့ဥက္ကဋ္ဌဦးဝင်းညွန့်က ကုန်ကြမ်းဖြစ်သည့်အုန်းခွံကို ဒေးဒရဲမြို့နယ် မိချောင်းအိုင်၊ ဒါးမသိန်း၊ လမုကျေးရွာများမှ မှာယူရရှိပြီး အိမ်အရောက်အုန်းခွံ တစ်ခွံကို ကျပ် ၂၀ ပေးရကာ အုန်းဆံကြိုးကျစ်စက်၏ ရင်းနှီးမတည်ငွေမှာ ကျပ် ၁၅ သိန်းအထက်ရှိကြောင်း၊ လက်ရှိအုန်းဆံကြိုးဈေးကွက်မှာ ကျဆင်းနေပြီး တင်ပို့မှုအနေဖြင့်ရန်ကုန်ဈေးကွက်တစ်ခုသာရှိသဖြင့် အုန်းဆံကြိုးအစုအဖွဲ့ရပ်တည်နိုင်ရေးနှင့် တည်မြဲရေးအတွက် ကြိုးစားနေကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက်လုပ်ငန်းရှင်များအစုအဖွဲ့အတွင်းရေးမှူးက ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ဘဏ္ဍာရေးမှူးကလုပ်ငန်းအခက်အခဲများကိုလည်းကောင်း တင်ပြဆွေးနွေးကြကြောင်း သိရသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ဆွေးနွေးပြောကြားရာတွင် အုန်းဆံကြိုးဈေးကွက်အတွက် အုန်းဆံကြိုးအစား အုန်းဆံမျှင်ကို အခြေပြု၍ ခြေသုတ်ခုံ၊ ကူရှင်အုံး၊ ဆိုဖာ၊ တံမြက်စည်းစသည့် ကုန်ပစ္စည်းများကို လက်မှုပညာနှင့်တွဲဖက်ထုတ်လုပ်ရန် ကြိုးစားစေလိုကြောင်း၊ လိုအပ်လျက်ရှိနေသော SMEs ချေးငွေအတွက် လုပ်ငန်းရှင်များအနေဖြင့် စက်မှုကြီးကြပ်ရေးဦးစီးဌာနတွင် အသင်းဝင်(Member )ဖြစ်ရန်လိုပြီး နည်းပညာပံ့ပိုးမှုအနေဖြင့် အထက်အဆင့်ဆင့်သို့တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ စွန့်ဦးတီထွင်ဆောင်ရွက်နေသည့် ကွန်ရက်တို့၏ အကူအညီရရှိရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ မိမိတို့တွင် အဆောက်အဦ၊ မြေပိုင်ဆိုင်မှုရှိသည့်အပြင် ကုန်ကြမ်းမှာလည်း လိုသလိုရရှိပြီးဖြစ်၍ အဆင့်မြင့်စက်ကိရိယာကိုအသုံးပြု၍ အုန်းဆံမျှင် အချောထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ချိတ်ဆက်တင်ပို့နိုင်မှသာလျှင် အုန်းဆံကြိုး၊ အုန်းဆံမျှင်ဈေးကွက်မှာ ယခုထက်ပိုမိုဖွံ့ဖြိုးလာမှာဖြစ်ကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးခဲ့သည်ဟုသိရသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ချောင်းဦးမြို့နယ် ဆောင်းသခွားမွေးစိုက်တောင်သူများ ဈေးကောင်းရရန်မျှော်လင့်နေ

ချောင်းဦးမြို့နယ်တွင် ဆောင်းသခွားမွေး စိုက်တောင်သူများ ယခင်နှစ်ထက် ထက်ဝက်ကျော် ခန့်များပြားလာကြောင်း ချောင်းဦးမြို့နယ် မင်ခေါင်ကျေးရွာမှ ဖရဲသခွားစိုက်တောင်သူတစ်ဦး က ခန့်မှန်းပြောကြားခဲ့ပါတယ်။

ချောင်းဦးမြို့နယ်တွင် အခြားသီးနှံထက် သခွားမွေးကို အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးသည့် မျိုးစေ့များမှာ ဆင်ရွှေ ပူးခုန်းနှင့်ဖရဲသခွားမျိုးများစိုက်ပျိုးကြောင်း သိရှိရပါတယ်။ သခွားမွေးကို မိုးစိုက်၊ ကြားစိုက်နှင့် ဆောင်းစိုက်ဟူ၍ ရာသီသုံးချိန် စိုက်ပျိုးခဲ့သည်ဟု သိရှိရပါတယ်။ မိုးစိုက်ကို အောက်တိုဘာလမှစစိုက်ပြီး ဒီဇင်ဘာလကုန်ထိလည်းကောင်း၊ တလ ကြားစိုက်ကို နိုဝင်ဘာလမှ စစိုက်ကာ ဇန်နဝါရီလကုန်နီးမှပေါ်ပြီး ဆောင်း စိုက်ကိုတော့ ဒီဇင်ဘာလစိုက်ကာ မတ်လဆန်း မှာ အသီးခူးစွတ်ရမယ်လို့ သိရှိရပါတယ်။

ချောင်းဦးမြို့နယ်တွင် မင်းခေါင်၊ မင်းတည်၊ မန်းကျည်းခွ၊ ငါးလုံးတင်၊ မထိသာ၊ ထူးနီ၊ တောကျောင်းကြီး၊ သုံးပန်လှဒေသများတွင်စိုက်ပျိုးကြပြီး ပေါက်အင်းစိုက်ကွင်းဒေသတွင် သခွားမွေး အများဆုံးစိုက်ပျိုးကြောင်း သိရှိရပါတယ်။ ချောင်းဦးမြို့နယ်ရှိ သခွားစိုက်တောင်သူများသည် ကိုယ်ပိုင် ယာမြေများအပြင် မြေငှားရမ်း၍လည်းစိုက်ပျိုးကြပြီး မြေငှားရမ်းခမှာ တစ်ဧကလျှင်ကျပ် ခြောက်သိန်းပေးရကြောင်း မြေငှားရမ်းစိုက်တောင်သူ တစ်ဦးထံမှ သိရှိရပါတယ်။ သခွားစိုက်တောင်သူများသည် သခွားစိုက်ပျိုးရေး လုပ်ငန်းများတွင် မြေယာပြုပြင်သည့်မှစ၍ သွင်းအားစုတစ်ဧကလျှင် ကျပ်သိန်း ၄၀ ကျော်ခန့်ကုန်ကျပြီး အသီးများခူးဆွတ်ပြီး ဈေးကွက်အတွင်းသို့ သယ်ယူပို့ဆောင်စရိတ်မှာ ၁၂ ဘီးကားတစ်စီးလျှင် ကျပ် ၁၅ သိန်းဝန်းကျင်ခန့်ပေးရတယ်လို့သိရှိရပါတယ်။ သခွားစိုက်ပျိုးရာတွင် ဝါးတိုင်များကိုအသုံးပြု၍ စိုက်ပျိုးရခြင်း၊ အသီးအထွက်နှုန်း ကောင်းမွန်စေရန် မြေဆီ၊ ပိုးသတ်ဆေး၊ မှိုဆေး၊ အသီးအားတိုးဆေးများသုံးရပြီး ဆေးဖိုးများနှင့်လုပ်အားခစရိတ်များ မြင့်တက်၍ အရင်းအနှီးများကြောင်း သခွားစိုက်တောင်သူတစ်ဦးမှ ပြောကြားပါတယ်။

သခွားစိုက်ပျိုးရာတွင် တိုက်ရိုက်စိုက်ခြင်းနှင့် ရွှေ့ပြောင်းစိုက်ခြင်းနှစ်မျိုးရှိရာတွင် တိုက်ရိုက်စိုက်ခြင်းက အကုန်အကျအနည်းငယ် သက်သာကြောင်း ၎င်းကပြောကြားပါတယ်။ အချို့သခွားစိုက်တောင်သူများသည် မိမိတို့အသီးရောင်းချသည့် ပွဲရုံများထံမှ မျိုးစေ့၊ ပလတ်စတစ်လိပ်၊ စိုက်စရိတ်များရယူပြီး မိမိတို့အသီးများ ရောင်းချပါက ပွဲရုံများမှ နုတ်ယူထားကြောင်းကိုလည်း သိရှိရပါတယ်။

ယခင်နှစ်က တစ်ဧကလျှင် ဆောင်းစိုက် အထွက်နှုန်း ၁၅ တန်မှ ၁၇ တန်ထိထွက်ရှိပြီး တစ်ကီလိုလျှင် တရုတ်ငွေအနည်းဆုံး နှစ်ယွမ်ကျော်နှင့် အများဆုံး ၅ ဒသမ ၈ ယွမ်ခန့် ရရှိခဲ့တယ်လို့ သိရှိရပါတယ်။ ယခုနှစ်ဆောင်းစိုက်သခွားမွေးများသည် ရာသီဥတုဒဏ်နှင့် အသီးသီးချိန်တွင် ပိုးများကျရောက်သောကြောင့် ယခင်နှစ်ထက်အထွက်နှုန်း လျော့နည်းနိုင်ပြီး အသီးခူးချိန်တွင် ဈေးကွက်ကောင်းမွန်ရန် မျှော်လင့်နေတယ်လို့ မင်ခေါင်ကျေးရွာ သခွားစိုက်တောင်သူ ဦးဇော်ဝင်းထံမှ စုံစမ်းသိရှိရပါတယ်။

**လင်းလင်းသန့်**

# ဆင်းပဒေသာ(၁၁)ကိုစိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးလာနိုင်

ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးနှုန်းအာမခံချက်ရရှိရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် GAP စနစ်နှင့်အညီ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်၍ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးတို့အတွက်တောင်သူနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်သည့် Contract Farming စနစ်ဖြင့် မြင်းခြံမြို့၊ ကိုးသုံးလုံးမဟာသမာဓိ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်နှင့် မြေပဲစိုက်တောင်သူများ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပြီး မိုးမြေပဲစိုက်ဧက ၅၀ နှင့် ဆောင်းမြေပဲစိုက်ဧက ၂၃၀ ခန့်စုစုပေါင်း မိုး၊ ဆောင်းမြေပဲစိုက်ဧက ၂၈၀ အားစိုက်ပျိုးခဲ့ပါတယ်။

အဆိုပါ မြေပဲစိုက်ဧကများတွင် ရာသီဥတုဒဏ်ခံပြီး အထွက်နှုန်းကောင်းမွန်သော ဆင်းပဒေသာ (၁၁) မြေပဲမျိုးကို ဒေသခံတောင်သူများအား ဖြန့်ဝေပြီး သွင်းအားစုများ၊ ထွန်ယက်၊ စိုက်ပျိုး၊ ခြွေလှေ့စက်များအား ကိုးသုံးလုံးကုမ္ပဏီ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို တောင်သူနှင့်တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။

ထိုသို့ဆွေးနွေးမေးမြန်းရာတွင် Contract Farming စနစ်ဖြင့် နှစ်ဦးနှစ်ဖက်အကျိုးတူပူးပေါင်း၍ စိုက်ပျိုးထုတ်လုပ်ခဲ့သော မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာနေတောင်သူကြီး ဦးကျော်စိုးထွန်းက ၎င်း၏ ဆောင်းမြေပဲစိုက်ဧက ၁ ဒသမ ၆ ဧကအား ၂၀၁၇ ခုနှစ်အောက်တိုဘာလ ၁ ရက်တွင်စတင်စိုက်ပျိုးပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်တွင် ရိတ်သိမ်းခဲ့ရာ သက်တမ်းမှာ ရက် ၁၁၀ ဖြစ်ကြောင်း၊ သွင်းအားစုအနေဖြင့် ဩဘာကုမ္ပဏီမှ ဖြန့်ဝေသော မြေဩဇာ၊ ပိုးသတ်ဆေးများ အသုံးပြုခဲ့ရာ တစ်ဧကကုန်ကျစရိတ် ကျပ် ၅၀၀၀၀၀ ကျော်ကုန်ကျခဲ့ကြောင်း၊ မြေပဲမျိုးမှာ ကိုးသုံးလုံးမဟာသမာဓိရောင်းဝယ်ရေးကုမ္ပဏီမှ ထုတ်လုပ်သော ဆင်းပဒေသာ (၁၁) မြေပဲမျိုးဖြစ်ကြောင်း၊ ကိုက်စနစ်အနေဖြင့် တန်းကြား ၁၈ လက်မနှင့် ပင်ကြား ၄ လက်မဖြစ်ပြီး တစ်ဧကအထွက်နှုန်း ၁၁၂ ဒသမ ၅ တင်းဖြစ်ကြောင်း၊ စိုက်ဧက ၁ ဒသမ ၆ ဧကအတွက်တင်း ၁၈၀ ကျော်ထွက်ရှိကြောင်း၊ မြေပဲအစိုတစ်တင်းလျှင် ၂၀ ရာခိုင်နှုန်း အပိုဆောင်းပေးရပြီး တစ်တင်းကျပ် ၉၀၀၀ နှုန်းခန့်ဈေးရရှိ၍ တစ်ဧက အကျိုးအမြတ် ကျပ် ၄၅၀၀၀၀ ခန့်ရရှိကြောင်း၊ ရိတ်သိမ်း၊ ခြွေလှေ့သည့်လုပ်အားခမှာလည်း တစ်ရက်ကျပ် ၁၀၀၀၀ ဖြစ်၍ဒေသခံလုပ်သားများ လုပ်ခ ကျပ် ၅၀၀၀ ခန့်ပိုမိုရရှိကြောင်းနှင့် ဒေသခံမြေပဲစိုက်တောင်သူများမှလည်း လာမည့်မိုးဦးကာလတွင် ကိုးသုံးလုံးကုမ္ပဏီမှထုတ်လုပ်သော ဆင်းပဒေသာ (၁၁)မျိုးကို ကုမ္ပဏီနှင့်အကျိုးတူ ဧက ၁၀၀ ခန့် စိုက်ပျိုးရန်ဆန္ဒရှိကြောင်းနှင့် ကုမ္ပဏီမှလည်း ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဧက ၄၀၀ ခန့်အား ကူညီပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။

မြင်းခြံခရိုင်အနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင်မိုး၊ ဆောင်းမြေပဲစိုက်ဧက စုစုပေါင်း ၁၆၄၀၀၀ ခန့် စိုက်ပျိုးထားရှိရာ အထွက်နှုန်းမှာလည်း တင်း ၃၀ မှ တင်း ၄၀ နှုန်းသာရရှိသောကြောင့် ဈေးနှုန်းအနေဖြင့်လည်း မြေပဲအစိုတစ်တင်းကျပ် ၇၀၀၀ ခန့်သာရရှိပြီး အကျိုးအမြတ်ရရှိမှု နည်းပါးနေသည့်အတွက် ယခုအထွက်နှုန်း အလွန်မြင့်မားသော ဆင်းပဒေသာ (၁၁)မျိုးကို စိုက်ပျိုးခြင်းအားဖြင့် ဝင်ငွေ နှစ်ဆတိုးပြီး တောင်သူများ ဘဝတိုးတက်မြင့်မားလာနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**မျိုးသီတာ(မြင်းခြံ)**

# ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၁/၂၀၁၈)လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၉ ရက်က ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီတို့ ၏ ၁/၂၀၁၈ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါအစည်းအဝေးတွင် ကရင်ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းမှ ၂၀၁၇ -၂၀၁၈ဘဏ္ဍာနှစ်အတွက်ပြုလုပ်ခဲ့သော ၁၁/၂၀၁၇ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအားရှင်းလင်းခြင်း၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား အသေးစိတ်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့နောက်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအပေါ် အကောင်းဆုံး၊ အဖြစ်နိုင်ဆုံး၊ အထိရောက်ဆုံးဖြစ်နိုင်မည့် နည်းလမ်းများအား ဆက်စပ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် မိမိတို့ဌာနမှ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား တက်ရောက်လာသူများနှင့် ကော်မတီအသီးသီးမှဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည် (ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)**




# အင်းတော်မြို့နယ် မော်လူးဒီပက်ရာ ဘုရားပွဲဈေးအတွင်း စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒီပက်ရာဘုရားပွဲဈေးတွင် စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံ စိတ်ချရသည့် စားသောက်ကုန်များ ဝယ်ယူစားသုံးနိုင်ရေးအတွက် စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိ အင်းတော်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ရပ်/ကျေးဥက္ကဋ္ဌများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ရပ်မိရပ်ဖများနှင့် သတင်းမီဒီယာ စုစုပေါင်း ၂၀ ဦး ပူးပေါင်းပါဝင်၍ ဇန်နဝါရီ ၂၉ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

ဒီပက်ရာဘုရားပွဲဈေးအတွင်း စားသောက်ကုန်နှင့် မုန့်မျိုးစုံရောင်းချသည့် ဆိုင်ပေါင်း ၃၀ မှ စားသောက်ကုန်များအား စစ်ဆေးခဲ့ရာ ပင်လယ်စာ၊ ကြက်အူချောင်းနှင့် အသားတုများ၊ ဆိုးဆေးများပါဝင်သော အချဉ်ပေါင်းထုပ်များ၊ တားမြစ်ထားသည့် တရုတ်မှလာသော အေးခဲကြက်ဆီဗူးများ၊ ရက်လွန်နေသော Aloe Peach အချိုရည်များ၊ Insee Daeng ရက်လွန်အချိုရည်ဘူးများ၊ Lemon Juice ရက်လွန် အချိုရည်များ ရောင်းချနေသည်ကို တွေ့ရှိရ၍ အသိပညာပေးဆွေးနွေးခဲ့ပြီး ဆက်လက်မရောင်းချရေးအတွက် တားမြစ်လက်ကမ်းစာစောင် ၁၆၀ စောင်ကို ဈေးသည်များအား ဖြန့်ဝေခဲ့ကာ J.cup အချိုရည်၊ ကျော်ကြားတံဆိပ် ပဲငါးပိထုပ်၊ စလေဘီကြော်လုပ်ငန်းမှ ထည့်သောအနီရောင်ဆိုးဆေး စသည့် စားသောက်ကုန်သုံးမျိုးအား FDA မှ စမ်းသပ်စစ်ဆေးရန် ဈေးကွက်နမူနာ ကောက်ယူခဲ့ကြောင်းသတင်းရရှိပါသည်။

**လှလှခိုင် (ကသာ)**

# မကွေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး


၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင် မကွေးတိုင်းရုံး၊ စားသုံးသူရေးရာဦးစီးဌာနမှ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုသို့ အသိပညာပေးရာတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ ဝန်ဆောင်မှုများ၊ 4TV ရုပ်သံလိုင်းများနှင့်စပ်လျဉ်း၍ စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)၏ ဖြေရှင်းဆောင်ရွက်ထားမှု အခြေအနေနှင့် မကွေးတိုင်းရုံးမှ တိုင်ကြားလာမှုများအပေါ် ဖြေရှင်းဆောင်ရွက်ခဲ့မှုများ၊ လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများ ဝယ်ယူပါက ပြေစာရယူထားရန်နှင့် အာမခံရှိသော ပစ္စည်းများကိုသာ ဝယ်ယူသုံးစွဲကြရန်၊ ဝန်ဆောင်မှုအပိုင်းတွင်လည်း ကြော်ငြာထားသည့်အပိုင်းနှင့် ကိုက်ညီမှုမရှိပါက တိုင်ကြားနိုင်ကြောင်း၊ ဆောက်လုပ်ရေးနှင့် အိမ်ယာပြင်ဆင်ခြင်း ဆက်သွယ်ရေးကဏ္ဍ၊ စားသောက်ဆိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ အဆင့်မြင့်ပို့ဆောင်ရေး ဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှုအပိုင်းတို့တွင် စားသုံးသူမိဘပြည်သူများ စိတ်ကျေနပ်မှုရှိစေရေးဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှလည်း စည်ပင်သာယာဈေးများ၊ ပင်ရင်းထုတ်လုပ်သည့် မုန့်လုပ်ငန်းများ၊ လက်ကားဆိုင်များသို့ အပတ်စဉ် ကွင်းဆင်းစစ်ဆေး၍ သက်တမ်းလွန်ပစ္စည်းများ သိမ်းဆည်းဆောင်ရွက်နေမှုအပေါ် ဌာနဆိုင်ရာများနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှ ပူးပေါင်း ဆောင်ရွက်ပေးကြရန်နှင့် မိမိနယ်မြေအတွင်းရှိကုန်စုံဆိုင်များတွင်လည်း ကျန်းမာရေးဌာနမှ တားမြစ်ထားသော စားသောက်ကုန်၊ လူသုံးကုန်များ ရှိ/မရှိ ကွင်းဆင်းလေ့လာ၍ အကြောင်းကြားပေးကြရန် မေတ္တာရပ်ခံလိုကြောင်းကို စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်အေးအေးမိုးက အကျယ်တဝင့် ဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၁၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**စန္ဒာစိုးလွင် (မကွေး)**

## မအူပင်ရွှေတောင်မော်ကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာတွင် မွေးမြူရေးဖား အောင်မြင်ဖြစ်ထွန်း၍ အကျိုးအမြတ်ရရှိနေ



မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ မြို့နယ်တာဝန်ခံ ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများသည် မအူပင်မြို့နယ် ရွှေတောင် မော်ကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာ၊ မအူပင်-မော်လမြိုင်ကျွန်း ကားလမ်းဘေးရှိ ဖားမွေးမြူရေး အခြေအနေအား ဇန်နဝါရီ ၃၀ ရက်တွင် သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ကွင်းဆင်းလေ့လာမှုပြုရာတွင် မွေးမြူရေးဖားတစ်ကောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် မျိုးကို ခရမ်းသုံးခွမြို့မှ ဝယ်ယူပြီး အနံ ၁၀ ပေ၊ အလျားပေ ၄၀၊ အမြင့် ခြောက်ပေရှိ အုတ်ကန်အတွင်းတွင် ဖားအကောင်ရေ ၂၅၀၀ ကို မွေးမြူထားကြောင်း ဖားစာတစ်အိတ်လျှင် ကျပ် ၂၀၀၀၀ နှုန်း၊ တစ်လလေးအိတ်နှုန်းကျွေးရသဖြင့် သုံးလကြာသောအခါ ရောင်းတန်းဝင်ဖားများ ရရှိကြောင်း မွေးမြူသူဦးဝင်းရှိန်၏ ပြောပြချက်အရ သိရှိရပါသည်။

သုံးလကြာ မွေးမြူပြီးသောအခါ သုံးကောင်လျှင် တစ်ပိဿာနှုန်း ရရှိပြီး တစ်ပိဿာလျှင်ကျပ် ၈၀၀၀ နှုန်းဖြင့် ရောင်းချရသဖြင့် အကျိုးအမြတ်များစွာ ရရှိသောကြောင့် မွေးမြူသင့်သော လုပ်ငန်းဖြစ်ကြောင်း သိရှိရပါသည်။

**CONSUMER- MT**

## မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) ကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

မြောက်ပိုင်းခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၁/၂၀၁၈)ကြိမ် အစည်းအဝေးကို ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ပိုင်းခရိုင်၊ စည်သူခန်းမ၌ ဇန်နဝါရီ ၃၀က ကျင်းပခဲ့ပြီး အစည်းအဝေးသို့အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၃ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက ယခင်လအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ယခင်လအတွင်း ခရိုင်အတွင်းရှိ ကျောင်း၊ ဈေးများသို့စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ခရိုင်အတွင်းရှိ ဈေးများသို့ကွင်းဆင်းစစ်ဆေးခဲ့မှု၊ ဇန်နဝါရီလအတွင်း ကုန်စည်၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ ခရိုင်ရုံးသို့ တိုင်ကြားလာမှုများအပေါ် ဖြေရှင်းဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြပြီးနောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ထားလှိုင် (ရန်ကုန်)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၀ x ၅၀) | BN (၁) ထပ် | ၂၁၀၀ သိန်း | မြေပိုပါ | ၀၉/၄၅၂၁၉၄၄၃၉ |
| ၂။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၄၀ x ၄၅)ပေ | RC (၁) ထပ် | ၂၅၀၀ သိန်း | လမ်းသန့် | ၀၉/၄၅၂၁၉၄၄၃၉ |
| ၃။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၁၁၀၀ စ/ပေ | MB (၁)၊ SB (၁) | ၁၆၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၄။ | ကွန်ဒို | အောကစ်ကွန်ဒို၊ အလုံမြို့နယ် | ၁၈၀၀ စ/ပေ | MB (၁)၊ SB (၂) | ၂၄၀၀ သိန်း | အဆင့်မြင့်ပြင် | ၀၉/၂၆၂၄၇၄၇၂၉ |
| ၅။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (၁)၊ SB (၂) | ၁၅၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၆။ | လုံးချင်းအိမ် | ဒဂုံမြို့သစ်(မြောက်) (၄၁) ရပ်ကွက် | ၂၄၀၀ စ/ပေ | MB (၅)ခန်း | ၁၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၇။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗဆပလရပ်ကွက် | (၁၂.၅ x ၄၅)ပေ | (ပ) ထပ်အခန်းဖွဲ့ | ၆၅၀ သိန်း | ညှိနှိုင်းဈေး | ၀၉/၉၇၆၂၁၁၂၃ |
| ၈။ | မြေ | လှည်းကူးမြို့နယ်၊ မြို့အစွန် | (၄၀ x ၆၀)ပေ | မြေသီးသန့်၊ သံဇကာခတ်ပြီး | ၆၀ သိန်း | လမ်းခင်းပြီး | ၀၉/၉၇၆၂၁၁၂၃ |

## ပုသိမ်မြို့ ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းမှ ပုသိမ်-ဘားအံ-မြဝတီ မော်တော်ယာဉ်လိုင်းသစ်တိုးချဲ့ ပြေးဆွဲ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကင်မလင်းကျွန်း အဝေးပြေးကားဂိတ်မှ တိုင်းအတွင်းမြို့များအပြင် ရန်ကုန်ခရီးစဉ်ကိုလည်း ကားဂိတ် ၁၅ ခုခန့်နှင့် အများဆုံးပြေးဆွဲလျက်ရှိကာ နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်မြို့များသို့လည်း နေ့စဉ် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယခုအခါ ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းမှ ၄၅ ယောက်စီး Aircon လေအိတ်ကားကြီးဖြင့် ပုသိမ်-ဘားအံ-မြဝတီ ခရီးစဉ်မော်တော်ယာဉ်လိုင်းသစ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီမှစတင်ပြေးဆွဲလျက်ရှိကြောင်း၊ နေ့စဉ်ညနေ (၅ :၀၀) ထွက်ရှိ၍ ခရီးစဉ်အတွက် မော်တော်ယာဉ်စီးခ တစ်ဦးလျှင် ကျပ် ၁၆၈၀၀ ဖြစ်ပြီး ယခင်က ဘားအံ၊ မြဝတီမြို့များသို့ သွားရောက်လျှင် ရန်ကုန်မြို့မှတစ်ဆင့် သွားရောက်ရသည့်အတွက် အချိန်ကုန်၊ ငွေကြေးကုန်ကျမှုပိုများ၍ ယခုလိုတိုက်ရိုက်ပြေးဆွဲပေးသည့် ခရီးစဉ်ကြောင့် ဘားအံ၊ မြဝတီသွားရောက်မည့် ခရီးသည်များအတွက် အချိန်ကုန်၊ ငွေကြေးကုန်ကျမှုလျော့နည်းသွားမှာဖြစ်ကြောင်း၊ ကားဂိတ်များမှာ ပုသိမ်မြို့ ကင်မလင်းကျွန်းအဝေးပြေးဂိတ် ဖုန်း ၀၉-၇၈၁၉၉၆၅၆၉၊ ဘားအံဂိတ် ဖုန်း ၀၉- ၇၉၁၅၆၄၀၆၂၊ မြဝတီဂိတ်ဖုန်း ၀၉-၇၉၁၅၆၄၀၆၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ပုသိမ်မြို့ ကင်မလင်းကျွန်း၊ မြဝတီမော်တော်ကားဂိတ်မှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက်ဇင် (၂၀၁၁) | L | ၁၆၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | နီဆန်း/နတ် (၂၀၀၀) | ယာယီ | ၁၈၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | နွတ်ချ် (၂၀၀၃) | J | ၃၃၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ကလူဂျာ (၂၀၀၂) | E | ၂၉၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | အာလ်ဖတ် | F | ၂၆၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဘယ်လ်တာ (၂၀၁၀) | K | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ဟွန်ဒါ၊ ရှပ်တဲလ် | M | ၂၃၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား | | ၁၁၀ သိန်း | ကားလတ် |

# ပခုက္ကူခရိုင်တွင် ရှင်မတောင်သနပ်ခါးစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဖွဲ့စည်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနတွင် ခရိုင်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ ဇန်နဝါရီ ၃၀ ရက်က ပခုက္ကူမြို့ ရှင်မတောင်သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်း ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပခဲ့ရာ သနပ်ခါး စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ ရောင်းချသူ စုစုပေါင်း ၆၄ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်ဦးစီးမှူးက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးအတွက် လုပ်ဆောင်နေမှုများ၊ သနပ်ခါးသည် ဒေသထွက်ထုတ်ကုန်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မြန်မာ့သနပ်ခါးကို ဂျပန်နိုင်ငံမှ မူပိုင်ခွင့်တင်၍ နိုင်ငံခေါင်းဆောင်များမှ အချိန်မီ တားဆီးခဲ့ရမှုများ၊ မြန်မာ့သနပ်ခါး အသင်းအဖွဲ့များ ဖွဲ့စည်းထားမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း၏ ဘဏ္ဍာရေးမှူး ဦးကျော်အောင်က နိုင်ငံခြားမှ မြန်မာ့သနပ်ခါးကို စိတ်ဝင်စားမှုအခြေအနေများ၊ ဂျပန်နိုင်ငံမှ လေ့လာရေးအဖွဲ့သည် သနပ်ခါး စိုက်ခင်းထိ ကွင်းဆင်းလေ့လာမှုများ၊ သနပ်ခါး Export ရှိလာလျှင်အသင်းအဖွဲ့ရှိမှသာရောင်းဝယ်၍ အဆင်ပြေနိုင်ကြောင်းနှင့် အသင်းဝင်ကတ်များ လုပ်ဆောင်ပြီးလျှင် ပိုမိုလွယ်ကူစွာ ရောင်းဝယ်၍ရကြောင်း၊ နီးစပ်ရာ အသိမိတ်ဆွေများကိုလည်း သနပ်ခါး အသင်းဝင်ဖြစ်စေရန် ရှင်းပြစေလိုကြောင်း ဆွေးနွေးသည်။မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ တွဲဖက်ဘဏ္ဍာရေးမှူး ဦးအေးကိုက သနပ်ခါးအတုများ တွေ့ရှိနေကြောင်း၊ မြန်မာ့သနပ်ခါးကို ကမ္ဘာ့အဆင့်(၁) အလှကုန်ထုတ်လုပ်သည့် ပြင်သစ်နိုင်ငံမှလည်း စိတ်ဝင်စားနေကြောင်း၊ ကမ္ဘာမှာလည်း ဆေးဖက်ဝင်ပစ္စည်းအဖြစ် ထုတ်လုပ်ရန် စိတ်ဝင်စားကြောင်း၊ အရာတော် သနပ်ခါးအသင်းသည် အင်အားကြီးပြီး ထိုးဖောက်နိုင်၍ နာမည်ကြီးနေကြောင်း၊ ပခုက္ကူမြို့သည် သနပ်ခါး ရောင်းဝယ်ရာတွင် အချက်အချာကျသည့်မြို့ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် ပခုက္ကူမြို့ ရှင်မတောင်သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို အလုပ်အမှုဆောင် ၁၅ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း၊ အသင်းဝင်များမှ လစဉ်အစည်းအဝေးကို လကွယ်နေ့တိုင်း ကျင်းပမည်ဖြစ်ပြီး အသင်းဝင်ကြေး ကျပ် ၅၀၀၀ နှင့် နှစ်စဉ်ကြေး ကျပ် ၂၀၀၀၀ ကို အသင်းသားများမှ ထည့်ဝင်ရန်၊ အသင်း၏ Logo ကို ပခုက္ကူရှင်မတောင်သနပ်ခါး အသင်းဟု သတ်မှတ်ရန်နှင့် ပခုက္ကူရှင်မတောင်သနပ်ခါးအသင်း အစည်းအဝေးကို ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနရုံးတွင် ကျင်းပရန်ဆွေးနွေး ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။ **သူဇာကျော် (ပခုက္ကူ)**

# ပဲခူးတိုင်းဒေသကြီးတွင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့ ကြည်ပြာခန်းမ၌ မြန်မာနိုင်ငံ လျှော်ဖြူအသင်း (MSA) နှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရှိလျှော်ဖြူစိုက်ပျိုး ထုတ်လုပ်သူများ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပခဲ့ရာ အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်-၂ ဦးအောင်မောင်း တက်ရောက်ခဲ့ပြီး လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်မှု၊ တင်ပို့မှုအခြေအနေ၊ လျှော်ဖြူဈေးကွက် ခိုင်မာလာအောင် ထိုးဖောက်နိုင်ရေး၊ တရားမဝင်တင်ပို့နေသည့် အခြေအနေမှ တရားဝင်ပို့ကုန်အဖြစ် တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသအလိုက် အစုအဖွဲ့များ၊ အသင်းအဖွဲ့များ ဖွဲ့စည်းရေး၊ လျှော်ဖြူစိုက်တောင်သူ၊ လုပ်ငန်းရှင်အသင်းအဖွဲ့များ ရေရှည်ခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် လိုအပ်ချက်များနှင့် အသင်းအဖွဲ့များ ဖွဲ့စည်းရန်လိုအပ်သည့် အကူအညီများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေး ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ မြန်မာနိုင်ငံလျှော်ဖြူအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူး၊ ပြည်ခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရွှေတောင်မြို့ နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မြို့ နယ်များဖြစ်သော ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ရွှေတောင်၊ သဲကုန်း၊ ပေါင်းတည်၊ ဇီးကုန်း၊ နတ်တလင်း၊ မင်းလှ၊ သာယာဝတီမြို့နယ်များမှ လျှော်ဖြူစိုက်တောင်သူ/လုပ်ငန်းရှင်များ၊ ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ၊ တောင်တွင်းကြီး၊ အောင်လံ၊ ကံမ၊ မင်းတုန်း၊ မြန်အောင်မြို့နယ်များမှ လျှော်ဖြူစိုက်တောင်သူများ စုစုပေါင်း ၁၃၅ ဦး တက်ရောက်၍ လျှော်ဖြူစိုက်ပျိုးမှုဆိုင်ရာ အသိပညာများ ဆွေးနွေးဖလှယ်ခဲ့ကြပြီး ပဲခူးတိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအသင်းကို အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၈ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။ **အေးမျိုးရွှေ(ပြည်)**

# ပုသိမ်မြို့ မြို့တော်ခန်းမတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ ဒေသထွက် ကုန်စည်များနှင့် နောက်ဆုံးပေါ် ကုန်ပစ္စည်းများ ကုန်စည်ပြပွဲကျင်းပ

အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ ဒေသထွက်ကုန်စည်များနှင့် နောက်ဆုံးပေါ် ကုန်ပစ္စည်းများ ကုန်စည်ပြပွဲကို ပုသိမ်မြို့ ကမ်းနားလမ်း၊ မြို့တော်ခန်းမတွင် ပြုလုပ်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရှိစားသောက်ကုန်၊ ဒေသထွက်ကုန်စည်များ၊ စက်မှုလက်မှုပစ္စည်းများ၊ လယ်ယာသုံး စက်ကိရိယာများ၊ အလှကုန်ပစ္စည်းအရောင်းဆိုင်များ၊ အခြားပြခန်းများနှင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ ကုမ္ပဏီကြီးများမှ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ အဝတ်အထည်၊ ဆေးဝါး၊ လျှပ်စစ်ပစ္စည်း ပြခန်းများ အပါအဝင် ပြခန်းပေါင်း ၁၀၀ ကျော် ခင်းကျင်း၍ ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ဒေသထွက်ကုန်စည်များ ဈေးကွက်ဝေစုရရှိစေရန်နှင့် ဈေးကွက် ကျယ်ပြန့်လာစေရန်သာမက မြို့ကြီးများရှိနောက်ဆုံးပေါ် ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်း လေ့လာဝယ်ယူရရှိနိုင်ရေးအတွက် ယခုလို ကုန်စည်ပြပွဲများကို ကျင်းပရခြင်းဖြစ်ပြီး ပြပွဲလာပရိတ်သတ်များအား Myanmar Unique First Agency ၏ Catwalk, Dancer တေးသရုပ်ဖော်၊ ပဒေသာယိမ်း၊ သီချင်းသီဆိုဖျော်ဖြေမှုများနှင့် ဖျော်ဖြေတင်ဆက်ပေးခဲ့ကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးထံမှ သိရှိရပါသည်။ **ထွန်းထွန်း (ပုသိမ်)**

# VII International Exhibition San Juan ကုန်စည်ပြပွဲ အာဂျင်တီးနားနိုင်ငံ San Juan မြို့တွင် ကျင်းပမည်

အာဂျင်တီးနားနိုင်ငံ San Juan မြို့တွင် ဧပြီလ ၁၈ ရက်မှ ၂၀ ရက်အထိ "VII International Exhibition San Juan" ကုန်စည်ပြပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှစိတ်ပါဝင်စားသော လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ပြီး လေ့လာသိရှိလိုပါက www.sanjuan-minera.com.ar,www.panora-maminero.com.ar သို့ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် စိတ်ပါဝင်စားပါကမြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇ ၄၃၀၄၄၆, ၄၃၀၄၄၇၊ ဖက်စ်- ၀၆၇၄၃၀၁၂၈၊ E-mail: moctrade fair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်မြို့) ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်

**ဆုမွန်သိန်း(TD)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

(၁) ရန်ကုန်တိုင်းဒေသကြီး
၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်)
ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့)
အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး
ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး
မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ်
စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး
အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း)
အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Ph:081-2121615, Fax:081-2121627,
email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း)
ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း)
အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ်
ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး
ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ်
အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ်
(၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-2221005,Ph:083-2221005
email : docakayah@gmail.com

(၁၅) မွန်ပြည်နယ်
အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။
Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး
သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၅-၂-၂၀၁၈ မှ ၁၁-၂-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးတွင် ထင်ပေါ်မှု အောင်မြင်မှုများရှိနေတတ်သော်လည်း၊ ဝင်ငွေအားနည်းနေတတ်သည်။ ဓာတ်သတ္တုလုပ်ငန်းအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပညာရေးတိုးတက်မှုရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းပြီး အိမ်ထောင်ဖက်နှင့် အဆင်ပြေနေမည်။ ကျန်းမာရေးဂရုစိုက်သင့်သည်။ လေ၊ အကြောတို့နှင့်ပတ်သက်သော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။ ပြာသောအရောင်ဝတ္ထုပစ္စည်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** အလုပ်အကိုင်ရှာဖွေနေသူများအတွက် မိမိစိတ်ကူးနှင့်တစ်ထပ်တည်းမကျဘဲ လိုက်လျောညီထွေလုပ်နေရတတ်သည်။ စက်ရုံလုပ်ငန်း၊ အလုပ်ရုံလုပ်ငန်းတို့ကံကောင်းမည်။ အချစ်ရေးတွင် ဘဝင်မကျမှု စိတ်တိုင်းမကျမှုများ ရှိနေမည်။ ပညာရေးအဆင်ပြေနေမည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး ဗဟုသုတစုံနေခြင်းကြောင့် ကျန်းမာရေးကို ဂရုစိုက်နေခြင်းဖြင့် အေးချမ်းစွာနေရမည်ဖြစ်သည်။

**ယတြာ။ ။အဖြူရောင်ပစ္စည်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ရင်းနှီးသောမိတ်ဆွေများနှင့် စီးပွားရေးလုပ်ကိုင်ရာတွင် လုပ်ငန်းခွင်အတွင်း စကားအခြေအတင်ပြောဆိုနေရတတ်သည်။ ငွေကြေးကိစ္စနှင့်စကားပြောဆိုရမှုရှိနေမည်။ ပညာရေးတွင် ဝီရိယအကျိုးခံစားရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေသာယာမှုများရှိနေမည်။ ကျန်းမာရေးတွင် မထင်ထားသော မမျှော်လင့်သော ဝေဒနာခံစားရတတ်ပါသည်။ ခရီးသွားခြင်း သတိရှိပါ။

**ယတြာ။ ။ပန်းဆီရောင်အရာဝတ္ထုပစ္စည်းလှူပေးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများအချိန်နှင့်အမျှ ကြိုးစားအားထုတ်မှုရှိနေမည်။ အနုပညာနှင့်ပတ်သက်သော ပန်းအလှပြင်ခြင်း၊ မင်္ဂလာဆောင်ပွဲနေပွဲထိုင် အလှဆင်လုပ်ငန်းများမှ ငွေဝင်အားကောင်းနေလိမ့်မည်။ ပညာရေးတွင်ကြိုးကြိုးစားစားသင်ယူရလိမ့်မည်။ အခက်အခဲများကို ကျော်လွှားဖြတ်သန်းရလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်ဘဝင်မကျမှုရှိနေမည်။ ကျန်းမာရေး ဦးနှောက်အာရုံကြောဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။ထမနဲဆွမ်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းခွင်တွင် စိတ်တိုင်းမကျရှိနေမည်။ ငွေကြေးလုပ်ငန်းတွင် သိုသိုသိပ်သိပ်နှင့်ကံဉာဏ်ဝီရိယပေါ်မူတည်၍ အောင်မြင်မှုများရရှိမည်။ ပညာရေးတွင် သိမြင်တတ်ကျွမ်းသော ပညာရပ်များကို ဝေဖန်ပိုင်းခြားမှတ်သားနိုင်စွမ်းရှိနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး တည်ငြိမ်အေးဆေးနေမည်။ ကျန်းမာရေးကောင်းနေမည်။ ထွေထွေထူးထူးဝေဒနာမရှိပါ။

**ယတြာ။ ။ ဆွမ်းပေါ်တွင် သကြားဖြူး၍ကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** ပညာရေးနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းအောင်မြင်လိမ့်မည်။ လုပ်ငန်းများကို ပြောင်းလွဲလုပ်ဆောင်နေရခြင်းကြောင့် အလေအလွင့်များနေတတ်သည်။ ပညာရေးအထူးအောင်မြင်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး လွန်ဆွဲမှုရှိနေမည်။ ကျန်းမာရေးတွင် လေ၊ အကြော၊ အစာအိမ်တို့ကို သတိထားသင့်ပါသည်။

**ယတြာ။ ။ လမ်းပေါ်မှခွေးများကို အစာကျွေးပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အကောင်း၊ အဆိုးရောထွေးမှုများရှိနေမည်။ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းများမှ ငွေဝင်ကိန်းအားကောင်းမည့် ကာလဖြစ်သည်။ တပည့်အခြွေအရံတို့ကြောင့် သောကရှိတတ်သည်။ ပညာရေး ကောင်းသည်။ အချစ်ရေးတွင် အချစ်သစ်တွေ့ရတတ်သည်။ အရှိန်အဝါရှိသူဖြစ်မည်။ ကျန်းမာရေးကောင်းနေမည်။

**ယတြာ။ ။ တိရစ္ဆာန်လေးများကို ဆန်၊ စပါးလှူဒါန်းပါ။**

# မုံရွာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ လျှော်ဖြူ(ဆေးကုလားမ) ထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့် တွေ့ဆုံဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင် ဦးစီးမှူးနှင့်အဖွဲ့သည် မုံရွာမြို့နယ်၊ ဘူးတောင်းကန်ကျေးရွာတွင် လျှော်ဖြူပင်ဧက ၃၀ စိုက် ဦးဇော်မင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ လွန်ခဲ့သော ငါးနှစ်မှ စတင်၍ စိုက်ပျိုးခဲ့ကြောင်းနှင့် ဧက ၃၀ တွင် လျှော်ဖြူပင်တစ်သောင်းကျော် စိုက်ပျိုးထားပြီး ယခုအပင်ငါးထောင့်ငါးရာခန့် အစေးများထုတ်ယူရရှိ၍ တစ်ရက်လျှင် လျှော်ဖြူစေးခေါ် ဆေးကုလားမများပိဿာ ၂၀ ခန့် ထွက်နေပြီဖြစ်ကြောင်း၊ မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချရာ တစ်ပိဿာ ပေါက်ဈေးမှာ ကျပ်သုံးသောင်းမှ ငါးသောင်းကြားရရှိပြီး တရုတ် (မူဆယ်) ဈေးကွက်၌ ဈေးပိုမိုရရှိကြောင်း ဦးဇော်မင်းက ရှင်းလင်းပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ လျှော်ဖြူစိုက် ဧက ၂၉၀၀ ကျော်ရှိသည့်အနက် မုံရွာ ခရိုင်လက်အောက်ရှိ မုံရွာမြို့နယ်၌ ဧက ၃၀၀၊ ချောင်းဦးမြို့နယ်၌ ဧက ၁၅၀၊ ဘုတလင်မြို့နယ်၌ ဧက ၂၀၀၊ အရာတော်မြို့နယ်၌ ၂၄၅ ဧက စိုက်ပျိုးကြောင်း သိရှိရပါသည်။

လျှော်ဖြူစိုက်ပျိုးသူများသည် ခိုင်မာသော ပြည်တွင်းဈေးကွက် ဖြစ်ပေါ်စေရန်နှင့်ပြည်ပဈေးကွက်သို့ထိုးဖောက်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ ဈေးကစားခြင်း သို့မဟုတ် ဈေးနှိမ်ဝယ်ယူခြင်းများ မဖြစ်ပေါ်စေရန် ရည်ရွယ်၍မကြာမီ မုံရွာခရိုင် လျှော်ဖြူ (ဆေးကုလားမ) စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သန်းသန်းတင် (မုံရွာ)**

# စစ်ကိုင်းမြို့နယ် ကျောက်စိမ်းအချောထည် လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် တတိယသက်တမ်း မြို့နယ်အလုပ်အမှုဆောင်သစ် ရွေးချယ်ပွဲကျင်းပ

စစ်ကိုင်းမြို့နယ် ကျောက်စိမ်းအချောထည် လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် တတိယသက်တမ်းမြို့နယ် အလုပ်အမှုဆောင်သစ် ရွေးချယ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးတွင် ကျင်းပခဲ့ရာ ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဂီတာလုပ်ငန်းရှင်များ၊ ငွေထည်ကြေးထည် လုပ်ငန်းရှင်များနှင့် မြို့နယ် ကျောက်စိမ်းအချောထည်လုပ်ငန်းရှင် အသင်းသားများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သဘာပတိနှင့် မြို့နယ် အလုပ်အမှုဆောင်အသစ် ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့အဖြစ် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင် ဦးစီးမှူး ဦးမြင့်စိုး၊ သမဝါယမဦးစီးဌာန စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးမြင့်လေးနှင့် တိုင်းဒေသကြီးဦးစီးမှူးရုံး အသေးစား စက်မှုလက်မှုလုပ်ငန်းဌာန မုံရွာမြို့မှ သုတေသန/ ၃ ဦးရဲထက်မောင်တို့က ဆောင်ရွက်ခဲ့ကြသည်။

ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အသင်းဥက္ကဋ္ဌအဖြစ် ဦးအောင်စိုးမိုးအား ရွေးချယ်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးအောင်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်ချမ်းသာ၊ ဘဏ္ဍာရေးမှူး ဦးဇော်မိုးအောင်၊ စာရင်းစစ် ဦးတင်မြင့်နှင့် တွဲဖက်စာရင်းစစ် ဦးလင်းလင်းတို့အား အသီးသီး ရွေးချယ်ခဲ့ကြပြီး အဖွဲ့ဝင် ၁၄ ဦးဖြင့် စုစုပေါင်း အလုပ်အမှုဆောင် ၂၁ ဦးအား ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ခင်စောဝင်း (စစ်ကိုင်း)**

# မကွေးတက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ မကွေးတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာန ပျားမွေးမြူရေးလုပ်ငန်းသို့ လက်တွေ့ကွင်းဆင်းလေ့လာ

မကွေးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများ စုစုပေါင်း ၁၀၀ ဦးသည် မကွေးအရှေ့ဘက်၊ ကန်ပြားအနောက်စုအနီး မကွေး-နတ်မောက်ကားလမ်းဘေးရှိ တိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာန၏ ပျားမွေးမြူရေးလုပ်ငန်းသို့ ဖေဖော်ဝါရီ ၁ ရက်က ကွင်းဆင်းသွားရောက်ကာ ပျားမွေးမြူရေးလုပ်ငန်းကိုလက်တွေ့လေ့လာခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးနိုင်၊ ပွင့်ဖြူမြို့နယ်ဦးစီးမှူး ဦးကျော်ဌေး၊ စလင်းမြို့နယ်ဦးစီးမှူး ဦးစိုးဌေး၊ အောင်လံမြို့နယ် ဦးစီးမှူး ဦးမျိုးချစ်တို့က သတ္တဗေဒဌာန (နောက်ဆုံးနှစ်) နှင့် မဟာတန်းမှ ကျောင်းသား၊ ကျောင်းသူများအား ပျားမွေးမြူရေးလုပ်ငန်းကို လက်တွေ့ရှင်းလင်းပြောပြကြသည်။

မကွေးတိုင်းဒေသကြီးတွင် ပုဂ္ဂလိက ပျားမွေးသူ ၈၃ ဦးရှိပြီး ၎င်းတို့မှ တစ်နှစ်လျှင် ပျားရည်တန်ချိန် ၂၅၀ ခန့်ပျမ်းမျှ ထုတ်လုပ်နိုင်ကြောင်းနှင့် တရုတ်၊ ဂျပန်ဈေးကွက်များသို့ ကုမ္ပဏီများမှတစ်ဆင့် ရောင်းချ၍ နိုင်ငံခြားဝင်ငွေ ရရှိပြီး ပုဂ္ဂလိက ပျားမွေးမြူသူများနှင့် စီးပွားဖြစ် ပျားမွေးမြူသူများအတွက် အကျိုးဖြစ်ထွန်းမှုရှိကြောင်း တိုင်းဦးစီးမှူးထံမှ သိရှိရသည်။

**ဝင်းမောင် (မကွေး)**

## ကျောက်ဆည်မြို့ မြို့မဈေးနှင့် အေးမြကြည်လင်ဈေး၌ ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်ပစ္စည်းများ ရောင်းချစေရေး ကွင်းဆင်းစစ်ဆေး

ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျောက်ဆည်မြို့၊ မြို့မဈေးနှင့် အေးမြကြည်လင်ဈေးအတွင်း၌ တားမြစ်ထားသောစားသောက်ကုန်များ၊ သက်တမ်းလွန်စားသောက်ကုန်များ၊ ကုန်ပစ္စည်းထုပ်ပိုးမှုအညွှန်းများပြည့်စုံမှုမရှိသော ကုန်ပစ္စည်းများ ဈေးကွက်အတွင်းရောင်းချမှုရှိ/ မရှိနှင့် အသား/ငါးရောင်းချသူများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လိုင်စင် (C) ရယူထားသောဈေးနှုန်းများအတိုင်းရောင်းချရေးအတွက် သက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဇန်နဝါရီ ၂၉ ရက်က ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ဈေးအတွင်းကုန်စုံဆိုင် ငါးဆိုင်၌ တားမြစ်ထားသော စားသောက်ကုန်နှစ်မျိုးနှင့် သက်တမ်းလွန် စားသောက်ကုန်နှစ်မျိုး၊ စုစုပေါင်းပစ္စည်းတန်ဖိုးကျပ် ၁၀၂၀၀ ခန့်အား စစ်ဆေးတွေ့ရှိခဲ့ရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ သိမ်းဆည်း၍ ဆိုင်ရှင်များအားအသိပညာပေးဆွေးနွေးခဲ့ပြီး စားသုံးသူကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**

## ပြည်တွင်းရှိ မွေးမြူရေးတောင်သူများအတွက် ပြည်ပမှ နည်းပညာများကို ဖြန့်ဝေပေးမည်

ပြည်တွင်းရှိ မွေးမြူရေးတောင်သူများ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပမှနည်းပညာများကို ဖြန့်ဝေပေးရန်စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံမှ ကျွဲ၊ နွားအရှင်များကို လက်ခံဝယ်ယူမည့် ပြည်ပဖောက်သည်ဈေးကွက်များ ရှိနေသော်လည်း လက်ရှိတွင် အသားစားကျွဲ၊ နွား သီးသန့်မွေးမြူရေးလုပ်ကိုင်မှုများမှာ သိသိသာသာနည်းပါးနေသောကြောင့် ပြည်တွင်းလုပ်ငန်းရှင်အများစုမှာ ခိုင်းနွားနှင့် နို့စားနွားများကို ပြည်ပဖောက်သည်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေကြကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နေပြီဖြစ်သော်လည်း အချို့သော လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် ခိုင်းကျွဲ၊ ခိုင်းနွားများကို အသုံးပြုဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ အဆိုပါ ခိုင်းကျွဲ၊ ခိုင်းနွားများကို စုဆောင်းကာ ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှာ ပြည်တွင်းလယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်နိုင်သဖြင့် ကျွဲ၊ နွားများကို အသားစားမွေးမြူရေးလုပ်ငန်း၊ သီးသန့်မွေးမြူရေးလုပ်ငန်းအဖြစ် ပြောင်းလဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်းရှိ မွေးမြူရေး တောင်သူများ စနစ်တကျ လုပ်ကိုင်နိုင်စေရန် ပြည်ပမှနည်းပညာများကို ဖြန့်ဝေပေးဖို့ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

■

## သံဓာတ်ချို့တဲ့ခြင်းနှင့် အယူအဆ အလွဲများ

အသက်အန္တရာယ် စိုးရိမ်ရသည်အထိဖြစ်စေနိုင်သည့် သံဓာတ်ချို့တဲ့ခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် အယူအဆအလွဲများရှိနေကြောင်း သိရသည်။

သံဓာတ်အားနည်းသည့်လက္ခဏာရပ်များကို လူနာနှင့် မိသားစုများက သတိမပြုမိတာမျိုး ဖြစ်နိုင်သော်လည်း သံဓာတ်ကြွယ်ဝသော အစားအစာများ စားသုံးခြင်းဖြင့် လွယ်ကူစွာတိုက်ဖျက်နိုင်ကြောင်း သိရသည်။

Food Nutrition Specialist ဖြစ်သူ ဒေါက်တာခင်မာချိုက "လူတွေမှာ သံဓာတ်အားနည်းတာနဲ့ ပတ်သက်ပြီး အယူအဆအလွဲလေးတွေ ရှိနေတယ်။ တချို့ကလည်း ကြားဖူးတာတွေကို တရားသေကြီးမှတ်ထားတတ်တယ်။ အဲဒါတွေကို စုလိုက်ရင် လွဲမှားနေတာ ၆ ခု ထွက်လာတယ်။ အဲ့ဒါလေးတွေကို သတိထားပြီး ဖတ်၊ မှတ်၊ လိုက်နာမယ်ဆို အလွယ်တကူတိုက်ဖျက်ပြီးသား ဖြစ်မှာပါ"ဟု ပြောသည်။

ပြည်သူအများ လွဲမှားစွာမှတ်ယူနေသည်များမှာ (၁) သတ်သတ်လွတ်အသီးအရွက်စားသုံးသူများ သံဓာတ်ချို့တဲ့နိုင်ခြေပိုများခြင်း၊ (၂) ကျန်းမာရေးနှင့်အညီ စားသုံးသည့်အတွက် သံဓာတ်ချို့တဲ့ သွေးအားနည်းသည့်ရောဂါမဖြစ်နိုင်ခြင်း၊ (၃) သိသာထင်ရှားသည့်သံဓာတ်ချို့တဲ့ သွေးအားနည်း လက္ခဏာမျိုး မတွေ့ရသည့်အတွက် ကျန်းမာရေးကောင်းမွန်ခြင်း၊ (၄) ကလေးသူငယ်များနှင့် အမျိုးသမီးများတွင်သာ သံဓာတ်ချို့တဲ့မှု၏ ဖြစ်ပွားခြင်း၊ (၅) ဟင်းသီးဟင်းရွက်အားလုံး သံဓာတ်ကို ပေးစွမ်းနိုင်ခြင်းနှင့် (၆) ဟင်းသီးဟင်းရွက်များကို မချက်ပြုတ်မီ ကြာကြာ ဆေးကြောခြင်းသည် ဟင်းလျာကို အကောင်းဆုံး ချက်ပြုတ်ပြင်ဆင်ခြင်း စသည့်တို့ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့သော သံဓာတ်ချို့တဲ့ခြင်းနှင့်ပတ်သက်သည့် ဗဟုသုတ အားနည်းခြင်းသည် သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါကို ပိုမိုဆိုးရွားစေသည့်အတွက် လိုက်နာမှတ်သားသင့်ကြောင်း ဒေါက်တာခင်မာချိုက အကြံပြုပြောသည်။

## ပဉ္စမအကြိမ်မြောက် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ကျင်းပ

ပဉ္စမအကြိမ်မြောက် မြန်မာ့စား သောက်ကုန် ကုန်စည်ပြပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါပြပွဲကျင်းပရခြင်းမှာ ပြည်တွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်များအား တစ်စုတစ်စည်းတည်း နိုင်ငံတကာအဆင့်မီ ပြသနိုင်စေရန်၊ ပြည်တွင်းဖြစ်စားသောက်ကုန်များနှင့် ပြည်ပစားသောက်ကုန်များကို စားသုံးသူများ ပိုမိုသိရှိ ရင်းနှီးလာစေရန်၊ လုပ်ငန်းရှင်အချင်းချင်း စီးပွားရေးဆက်သွယ်မှုရရှိနိုင်ရေးနှင့် ဈေးကွက်များ ချဲ့ထွင်နိုင်စေရန်၊ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာများနှင့် ခေတ်မီစက်ကိရိယာများ၏ နည်းပညာအဆင့်အတန်းများကို လေ့လာခြင်းဖြင့် ထုတ်လုပ်သောကုန်ပစ္စည်းများ၏ စံချိန်စံညွှန်းများ မြင့်မားလာစေရန်၊ စံချိန်စံညွှန်းသတ်မှတ်ချက်နှင့် ကိုက်ညီသော စားသောက်ကုန်များအကြောင်းကို ဗဟုသုတပိုမိုသိရှိစေရန်နှင့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်း ပိုမိုတိုးတက်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပစားသောက်ကုန် ထုတ်လုပ်သူများ၊ ပြည်တွင်းပြည်ပ စားသောက်ကုန် ဖြန့်ဖြူးရောင်းချသူများ၊ ပြည်တွင်းပြည်ပစားသောက်ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်သော စက်ကိရိယာနှင့် နည်းပညာ ရောင်းချသူများအပြင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပါဝင်ပြသခဲ့ပြီး ကုမ္ပဏီပေါင်း ၈၀ ခန့်မှ ပြခန်းပေါင်း ၁၃၂ ခန်း ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ပါဝင်ပြသသည့် ပြခန်းများတွင် အေအမျိုးအစားနှင့် ဘီအမျိုးအစားခွဲခြားထားပြီး ဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ကုန်သည်/ စက်မှုအသင်းချုပ် (UMFCCI) မှ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဦးမြင့်သောင်း၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အခြားသော တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

■

## အူရီဒူးမှ မြန်မာနိုင်ငံတွင် ပထမဆုံး Masterclass ကျင်းပပြုလုပ်၍ ကျွမ်းကျင်ဝန်ထမ်းသစ်များ ရှာဖွေ

မြန်မာနိုင်ငံတွင် ပထမဆုံး Masterclass ကျင်းပပြုလုပ်၍ ကျွမ်းကျင်ဝန်ထမ်းသစ်များ ရှာဖွေခြင်းကို ဇန်နဝါရီ ၂၅ ရက်တွင် ပြုလုပ်ခဲ့ကြောင်း အူရီဒူးမှ သိရသည်။ ပထမဆုံး Masterclass တွင် လျှောက်ထားသူ ၇၀၀ ကျော်ရှိပြီး လုပ်ငန်းကျွမ်းကျင်သူ ၂၆ ဦးသာ ပါဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

"အူရီဒူးမြန်မာအနေနဲ့ မြန်မာနိုင်ငံမှာ ဒီလိုအစီအစဉ်ကို စတင်နိုင်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ ဒီအစီအစဉ်မှာပါဝင်ခဲ့တဲ့ အလုပ်လျှောက်ထားသူတွေအပေါ်မှာလည်း မျှော်လင့်ချက်ထားပြီးတော့ အသင့်တော်ဆုံးသူကို ခန့်ထားနိုင်ဖို့လည်း မျှော်လင့်ပါတယ်။ အကောင်းဆုံး လုပ်ငန်းကျွမ်းကျင်သူတွေကို ရှာဖွေတဲ့ အစီအစဉ်တွေကိုလည်း ပိုမိုပြုလုပ်ပေးသွားမှာပါ"ဟု အူရီဒူးမြန်မာ၏ Chief Human Resources Officer ဖြစ်သူ Ms. Cecile Umana က ပြောသည်။




အဆိုပါ အစီအစဉ်ကို Work.com.mm ၏ ပံ့ပိုးမှုဖြင့် အူရီဒူးမြန်မာ ရုံးချုပ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အလုပ်လျှောက်ထားသူများမှ အူရီဒူး၏ ထိပ်တန်းစီမံခန့်ခွဲသူအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ရကြောင်း သိရသည်။

ထို့အပြင် အစီအစဉ်မှာ နေ့တစ်ပိုင်းနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုပါဝင်ပြီး လျှောက်ထားသူများသည် သတ်မှတ်ထားသည့် အခန်းကဏ္ဍများပေါ်တွင် နည်းဗျူဟာများနှင့် အသုံးဝင်စေမည့် အချက်အလက်များကို မျှဝေခဲ့ကြကြောင်း၊ ယင်းကဲ့သို့ ပြုလုပ်ပေးခြင်းသည် သက်ဆိုင်ရာနယ်ပယ်တွင် အလုပ် လျှောက်ထားသူများအတွက် လူ့စွမ်းအားအရင်းအမြစ် ရှာဖွေစုဆောင်းသည့်ပုံစံဖြစ်ပြီး ကျွမ်းကျင်သူများနှင့် အလုပ်ရှင်များကြားတွင် အရည်အချင်းများ ဖော်ထုတ်ပြသနိုင်မည့် လမ်းကြောင်းတစ်ခုကို ဖန်တီးပေးခြင်းလည်းဖြစ်ကြောင်း သိရသည်။

## Design Hub Myanmar နှင့် The Table & Chair တို့ ပူးပေါင်း၍ အရောင်းပြခန်းသစ် ဖွင့်လှစ်

Design Hub Myanmar နှင့် The Table & Chair တို့ပူးပေါင်း၍ အရောင်းပြခန်းသစ်ကို တော်ဝင်စင်တာ သုံးလွှာတွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါအရောင်းပြခန်းကို ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လာရောက် ဝယ်ယူသူများ တစ်နေရာထဲတွင် စုံလင်စွာ ရရှိနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလိုမျိုး နှစ်ခုပေါင်းဖွင့်တာက Design Hub Myanmar က အတွင်းပိုင်းဒီဇိုင်းတွေဖြစ်တဲ့ ကြမ်းခင်း၊ မျက်နှာကြက်၊ နံရံ စတာတွေနဲ့ဆိုင်တဲ့ ဒီဇိုင်းပိုင်းတွေကို တင်သွင်းတယ်။ The Table and Chair ကတော့ အိမ်သုံး၊ ရုံးသုံး၊ လုပ်ငန်းသုံးလို့ရတဲ့ ပရိဘောဂတွေကို သွင်းတယ်။ အဲဒီအတွက် မြန်မာနိုင်ငံမှာ အတွင်းပိုင်းဒီဇိုင်းနဲ့ ပတ်သက်တာတွေကိုရှာမယ်ဆိုရင် တစ်နေရာထဲမှာ ရှာလို့ရအောင်ရည်ရွယ်လုပ်တာပါ။ ပရိဘောဂပစ္စည်းက ဝယ်မယ်ဆိုရင် တစ်ခုထဲနဲ့မပြီးပါဘူး။ သူနဲ့လိုက်ဖက်တဲ့ ကြမ်းခင်း၊ နံရံတွေပါ တစ်ခါတည်းကြည့်ပြီး ဝယ်ယူနိုင်အောင်ရည်ရွယ်တာပါ" ဟု The Table & Chair မှ Asst General Manager Michelle က ပြောသည်။

"ရောင်းချတဲ့ နေရာမှာလည်း ပရော့ဂျက်အလိုက် ရောင်းချပေးပါတယ်။ ကုန်ပစ္စည်းမှာရင် အရင်ဆုံး ၃၀ ရာခိုင်နှုန်းချေရပါမယ်။ ပစ္စည်းရောက်ရင် ၅၀ ရာခိုင်နှုန်းနဲ့ နောက်ဆုံးကျရင် ကျန်တဲ့ရာခိုင်နှုန်းပေးချေလို့လည်း ရပါတယ်" ဟု ၎င်းက ပြောသည်။

ရောင်းချသွားမည့် ပရိဘောဂဈေးနှုန်းများမှာ အမေရိကန်ဒေါ်လာ ၁၀၀ ဝန်းကျင်မှ ၅၀၀ ဝန်းကျင်အထိရှိကြောင်း၊ ပစ္စည်းများ ဝယ်ယူရာတွင်လည်း နေ့စဉ်ဒေါ်လာပေါက်ဈေးကို အသုံးပြု၍ မြန်မာငွေကျပ်ဖြင့် ပေးချေရခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါပရိဘောဂနှင့် အတွင်းပိုင်းဒီဇိုင်းများကို ပြည်တွင်း၌အသုံးပြုနေသည့် ကုမ္ပဏီများလည်း ရှိပြီး မလေးရှား၊ စင်ကာပူ၊ အိန္ဒိယ စသည့် နိုင်ငံများမှ တင်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

ချောစု စုစည်းသည်

# စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ စံသတ်မှတ်ချက်အချို့ကို ဖြေလျှော့ပေးနိုင်ရန်စီစဉ်နေ

စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ စံသတ်မှတ်ချက်အချို့ကို ဖြေလျှော့ပေးနိုင်ရန် စီစဉ်နေကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ပြောကြားသည်။

“စာရင်းဝင်စံသတ်မှတ်ချက်တချို့ အချက်အလက်တွေလည်း ဖြေလျှော့ပေးသွားဖို့ရှိပါတယ်။ ဒါကိုလည်း SECM နဲ့ ရန်ကုန်စတော့အိတ်ချိန်း ပုံမှန်တွေ့ဆုံပွဲတွေမှာ စာရင်းဝင်ကုမ္ပဏီတွေ ဘာလို့နည်းနေရလဲဆိုတဲ့အကြောင်းရင်းကို သုံးသပ်ကြတဲ့အခါ စာရင်းဝင်ကုမ္ပဏီတွေအတွက် သတ်မှတ်ထားတဲ့ သတ်မှတ်ချက်တွေက သိပ်ပြီးတင်းကျပ်နေလို့လား၊ ဒါဆိုရင် ဘယ်လိုလျှော့ပေးမလဲ၊ ဒါကိုလည်း အမြဲတမ်းသုံးသပ်နေပြီးတော့ လျှော့ပေးနေပါတယ်။ ဖွင့်ဟကြေညာရမယ့် အချက်အချို့အချက်တွေကို လျှော့ပေးနေတာတွေ ရှိတယ်။ စာရင်းစစ် ကုမ္ပဏီလိုအပ်ချက် လျှော့ပေးတာမျိုးလည်းရှိတယ်။ စတော့တွေ ရှယ်ယာတွေကို ထုတ်ရောင်းမယ့်ကုမ္ပဏီတွေ အများကြီးရှိသလို အစုရှယ်ယာတွေကို ဝယ်ယူရင်းနှီးမြှုပ်နှံမယ့်သူတွေလည်း အများကြီးရှိတယ်လို့ ယုံကြည်ပါတယ်”ဟု ဦးမောင်မောင်ဝင်းက ပြောသည်။

ထို့ပြင် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအနက် သင့်လျော်သည့် စီးပွားရေးလုပ်ငန်းများကို အစိုးရနှင့် အများပြည်သူဖက်စပ်ပိုင်ကုမ္ပဏီများအဖြစ်သို့ အသွင်ပြောင်းလဲကာ အရင်းအနှီးဈေးကွက်သို့ ဝင်ရောက်လာနိုင်ရေး အစိုးရနှင့် လွှတ်တော်သို့ သုံးသပ်ဆွေးနွေးမှု ပြုလုပ်နေကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

မြန်မာနိုင်ငံ အရင်းအနှီး ဈေးကွက် စတင်နိုင်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှ စတင်ကာ အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်မှု စတင်ခဲ့သည်။

■

# အကောက်ခွန်တန်ဖိုးဖြတ်ခြင်းပုံစံသစ် အသိပညာပေးဆွေးနွေးပွဲပြုလုပ်

၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်ကျင့်သုံးနေပြီဖြစ်သော အကောက်ခွန်တန်ဖိုးဖြတ်ခြင်း ပုံစံသစ် အသိပညာပေးဆွေးနွေးပွဲ (Briefing Session on New Customs Valuation For Myanmar Automobile Manufacturer & Distributor Association)ကို ဇန်နဝါရီ ၂၉ ရက်တွင် ရန်ကုန်မြို့၊ ကုန်သည်/စက်မှု အသင်းချုပ်ရုံး၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန် ဦးစီးဌာနနှင့် မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး အသင်းတို့ ပူးပေါင်းစီစဉ်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊အခွန် ဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွန်းမှ ပြောင်းလဲကျင့်သုံး လိုက်ပြီဖြစ်သော အကောက်ခွန်တန်ဖိုးဖြတ်မှုဆိုင်ရာ စနစ်သစ်ကို ဦးဆောင်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက “အခုကတော့ ၂၀၁၈ ဇန်နဝါရီလက စတင်ပြီး နိုင်ငံတော် အကောက်ခွန်နှုန်းထား သတ်မှတ်တဲ့နေရာမှာ တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေရဲ့ အခြေခံဈေးနှုန်းကို ကြိုတင်ကြေညာသတ်မှတ်ခြင်းစနစ်ကနေ ကုန်ပစ္စည်းရောက်ရှိတဲ့အချိန်မှာ မိမိကိုယ်တိုင်ကြေညာတဲ့စနစ်ကို ကူးပြောင်း ကျင့်သုံးနေတာဖြစ်ပါတယ်။ ဒါကတော့ World Trade Organization ကနေ ချမှတ်ထားတဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ အကောက်ခွန်ဌာနက တင်သွင်းလာတဲ့ကားတွေအပေါ် ဘယ်လိုတန်ဖိုးသတ်မှတ်သလဲ၊ ဘယ်လိုပုံစံတွေရှိလဲဆိုတာကို တာဝန်ရှိသူတွေက အဆင့်လိုက်ရှင်းပြတယ်။ ကားတင်သွင်းတဲ့နေရာမှာ ဘယ်လိုစာရွက်စာတမ်း အထောက်အထားတွေ လိုအပ်သလဲ၊ ငွေပေးသွင်းတဲ့နေရာမှာ ဘယ်လို အခက်အခဲတွေရှိမလဲ၊ တခြားအခက်အခဲတွေနဲ့ ပတ်သက်ပြီး အကျယ်တဝင့် ဆွေးနွေးခဲ့ပါတယ်”ဟု ပြောကြားသည်။

■

# ဒေးလ်ကာနက်ဂျီလူမှုဆက်ဆံရေး သင်တန်းများကို မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်

ဒေးလ်ကာနက်ဂျီ လူမှုဆက်ဆံရေးသင်တန်းများကို မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း Dale Carnegie Training Myanmar မှ သတင်းရရှိသည်။

ဒေးလ်ကာနက်ဂျီ လူမှုဆက်ဆံရေး သင်တန်းများစတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်က ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

“ဒေးလ်ကားနက်ဂျီလို့ ဆိုလိုက်တာနဲ့ မြန်မာနိုင်ငံနဲ့ နက်နက်ရှိုင်းရှိုင်း ဆက်နွယ်မှုရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးလာတဲ့ ဈေးကွက်စီးပွားရေးစနစ်မှာ ထိရောက်ပြီး အပေါင်းလက္ခဏာဆောင်တဲ့ ပြောင်းလဲမှုကို ကျွန်တော်တို့ရဲ့ သင်တန်းတွေက ကူညီပေးနိုင်ပါလိမ့်မယ်”ဟု Dale Carnegie & Associates, Inc ၏ Cheif Franchise Advocate ဖြစ်သူ Jean-Louis Van Doorne က ပြောကြားသည်။

ဒေးလ်ကာနက်ဂျီ လူမှုဆက်ဆံရေး သင်တန်းများကို နိုင်ငံပေါင်း ၁၈၀ ကျော်တွင် ဘာသာစကား ၃၀ဖြင့် သင်ကြားပေးခဲ့ရာ နှစ်ပေါင်း ၁၀၀ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ရှေ့အလားအလာကောင်းတွေပေါ် မှာ ယုံကြည်မှုရှိထားပါတယ်။လုပ်ငန်းစတင်လုပ်ဆောင်တဲ့ အချိန်ပဲဖြစ်ဖြစ်၊ လုပ်ငန်းကို အရှိန်အဟုန်မြှင့်တဲ့အချိန်ပဲဖြစ်ဖြစ်၊ ခေါင်းဆောင်မှုစွမ်းရည်ကို သင်ယူနေတဲ့အချိန်ပဲဖြစ်ဖြစ်၊ အသင်းအဖွဲ့နဲ့ စတင်လုပ်ဆောင်တဲ့ အချိန်ပဲဖြစ်ဖြစ်သင်တန်းသားတွေအနေနဲ့ မိမိကိုယ်ကို ယုံကြည်မှုရှိလာအောင် သင်ကြားပေးပြီး မိမိဘဝနှင့် အလုပ်အကိုင်တွေအတွက် အောင်မြင်မှုရှိလာအောင် ပံ့ပိုးပေးပါတယ်”ဟု Dale Carnegie Training Myanmar ၏ Managing Director ဖြစ်သူ Luc De Waegh က ပြောသည်။

ဒေးလ်ကာနက်ဂျီရေးသားသော "How To Win Friends and Influence People" စာအုပ်ကို မြန်မာနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဦးနုက ‘ မိတ္တဗလဋ္ဌိကာ’ အဖြစ် ဘာသာပြန်ရေးသားခဲ့ရာ လူကြိုက်များခဲ့ပြီး ပြည်တွင်း ဈေးကွက်အတွင်း ၁၂ ကြိမ် ပြန်လည် ရိုက်နှိပ်ထုတ်ဝေခဲ့ရသည်။

# UBER ၏ မိတ်ဖက်ယာဉ်မောင်းများ ဖုန်းအသုံးစရိတ်သက်သာရေး အူရီဒူးမြန်မာနှင့် ပူးပေါင်းဆောင်ရွက်

UBER တက္ကစီဝန်ဆောင်မှုကုမ္ပဏီ၏ မိတ်ဖက်အငှားယာဉ်မောင်းများ ဖုန်းအသုံးစရိတ် သက်သာရေးအတွက် အူရီဒူးမြန်မာ ဆက်သွယ်ရေးကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် အူရီဒူးမြန်မာသည် UBER လက်တွဲဖော်ယာဉ်မောင်းများ အနေဖြင့် နေ့စဉ်မိုဘိုင်းဖုန်းအသုံးပြုခြင်းကုန်ကျစရိတ်များကို လျှော့ချနိုင်ရန်အတွက် အထူးပက်ကေ့ချ်အစီအစဉ်ကို မိတ်ဆက်လိုက်ပြီး အပိုဆုများအဖြစ် UBER App ကို အခမဲ့အသုံးပြုနိုင်ခြင်း အပြင် ဒေတာပေးပို့ခြင်း၊ စာတိုပေးပို့ခြင်းနှင့် ဖုန်းခေါ်ဆိုခြင်းတို့အတွက် အထူးဈေးနှုန်းများဖြင့်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

“UBER ရဲ့ မိတ်ဖက်ယာဉ်မောင်းတွေအနေနဲ့ UBER Appကို အသုံးပြုရတာရယ်၊ Google Map ကို အသုံးပြုရတာရယ်ကြောင့် ဒေတာခတွေကုန်ကျနေရတယ်။ ဒီဒေတာခမကုန်ဘဲရတဲ့ ပိုက်ဆံကို ယာဉ်မောင်းမိတ်ဆွေတွေသုံးစွဲနိုင်အောင်လို့ပါ။ ဒါက ပထမဦးဆုံး ခြေလှမ်းသစ်တစ်ခုပါ။ UBER ရဲ့ခရီးသည်တွေ အဆင်ပြေအောင်လုပ်ပေးဖို့ အမြဲတမ်းစဉ်းစားနေပါတယ်။ အခုကတော့ UBER ကားစီးရင်လုံခြုံစိတ်ချနိုင်အောင် လုပ်ပေးနေသလို စီးနင်းသူတွေရဲ့ အသံကိုလည်း အမြဲတမ်း နားထောင်နေပြီး အကောင်အထည် ဖော်ပေးနေပါတယ်”ဟု UBER ၏ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံဆိုင်ရာ အထွေထွေမန်နေဂျာ Charity Safford က ပြောသည်။

တက္ကစီငှားရမ်းလိုသူများသည် UBER ဝန်ဆောင်မှုအသုံးပြုလိုပါက ကုမ္ပဏီသို့ ဆက်သွယ်ကာ ဝန်ဆောင်မှုကို ရယူနိုင်ပြီး တက္ကစီငှားရမ်းသူနှင့် အနီးဆုံးရှိ UBER မိတ်ဖက်အငှားယာဉ်မောင်းများကို အွန်လိုင်းမှတစ်ဆင့် ချိတ်ဆက်ကာ အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

■

# Honor Flagship Store ကို ရန်ကုန်မြို့တွင်ဖွင့်လှစ်

Honor စမတ်ဖုန်းအမျိုးအစားသစ် လေးမျိုးကို ရောင်းချပေးသွားမည့် Honor Flagship Store ကို ဇန်နဝါရီ ၂၈ ရက်တွင် အမှတ် ၁၃၉၊ လသာလမ်း(လယ်)၊ ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

“မြန်မာနိုင်ငံက Honor သုံးစွဲသူတွေကို ကျေးဇူး တုံ့ပြန်တဲ့အနေနဲ့ ဒီ Flagship Store ကို ဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်။ Honor ရဲ့ ထူးခြားတဲ့ကုန်အမှတ်တံဆိပ်ကို မြန်မာပြည်သူတွေ ဘယ်လိုမြင်သလဲဆိုတာစောင့်ကြည့်ရတာ စိတ်လှုပ်ရှားစရာဖြစ်ပါတယ်။ ဒီနေ့ ဆိုင်ဖွင့်ပွဲက Honor ရဲ့ အရှေ့တောင်အာရှဒေသတွင်းလုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုအတွက် အဓိကမှတ်ကျောက်တစ်ခုဖြစ်ပါတယ်”ဟု Honor ၏ ဥက္ကဋ္ဌ Geroge Zhao က ပြောသည်။

Honor Flagship Store တွင် Fullview Display ပါဝင်သော Honor 7X ၊ ဥရောပစတိုင်ပြုလုပ်ထားသော Honor V9 Play၊ ဈေးနှုန်းချိုသာသည့် Honor 6X နှင့် Honor Holly6 စသည့် စမတ်ဖုန်းအမျိုးအစားသစ်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီဖုန်းအမျိုးအစားသစ်လေးမျိုးက Honor ရဲ့ ထုတ်ကုန်အားလုံးလိုပဲ နည်းပညာသစ်တွေပါဝင်တယ်၊ ဒီဇိုင်းပိုင်းလည်းဆန်းသစ်ထားတယ်။ ဒါ့အပြင် အရေးကြီးဆုံးအချက်က ဒစ်ဂျီတယ်ခေတ်လူငယ်တွေအတွက် အသုံးပြုနိုင်အောင် စီစဉ်ထားခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် အကောင်းဆုံးသော Honor ထုတ်ကုန်တွေကို ယူဆောင်လာပေးဖို့ မျှော်လင့်ထားပါတယ်”ဟု Geroge Zhao က ဆက်လက်ပြောကြားသည်။

Honor ကုမ္ပဏီသည် Huawei Grop လက်အောက်ခံဖြစ်ပြီး ၎င်း၏ဆောင်ပုဒ်မှာ "For The Brave"ဖြစ်ကြောင်း သိရသည်။

■

သန်းထိုက်အောင် စုစည်းသည်



## မြို့ကြီးများ၏ ၅-၂-၂၀၁၈ မှ ၉-၂-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၅-၂-၂၀၁၈) | အင်္ဂါ(၆-၂-၂၀၁၈) | ဗုဒ္ဓဟူး(၇-၂-၂၀၁၈) | ကြာသပတေး(၈ -၂-၂၀၁၈) | သောကြာ(၉-၂-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F |
| ရန်ကုန်မြို့ | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F |
| မန္တလေးမြို့ | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F |
| မြစ်ကြီးနား | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၈˚C/၈၂˚F | တိမ်အသင့်အတင့် ၂၈˚C/၈၂˚F | တိမ်အသင့်အတင့် ၂၈˚C/၈၂˚F |
| လားရှိုး | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၁˚F | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၇˚C/၈၁˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၀˚F | တိမ်အသင့်အတင့် ၂၈˚C/၈၂˚F |
| လွိုင်ကော် | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၈˚C/၈၃˚F | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F |
| တောင်ကြီး | နေသာ -၅˚C/၂၂˚F | နေသာ -၂˚C/၂၈˚F | တိမ်အသင့်အတင့် -၄˚C/၂၄˚F | တိမ်အသင့်အတင့် -၇˚C/၁၈˚F | တိမ်အသင့်အတင့် -၄˚C/၂၄˚F |
| မော်လမြိုင် | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၈၉˚F |
| ဘားအံ | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၂˚C/၉၀˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၂˚F |
| တောင်ငူ | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F |
| မုံရွာ | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F |
| ပုသိမ် | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F |
| မြိတ် | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F |
| စစ်တွေ | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၁˚F | တိမ်အသင့်အတင့် ၂၇˚C/၈၁˚F |
| မကွေး | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F |
| ဖလမ်း | နေသာ ၂၁˚C/၆၉˚F | နေသာ ၂၁˚C/၇၀˚F | နေသာ ၂၁˚C/၇၀˚F | တိမ်အသင့်အတင့် ၂၂˚C/၇၁˚F | တိမ်အသင့်အတင့် ၂၁˚C/၇၀˚F |

# အိန္ဒိယနိုင်ငံ နယူးဒေလီတွင် အအေးလှိုင်းကြောင့် မီးရထားခရီးစဉ်အချို့ ဖျက်သိမ်း

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် အအေးလှိုင်းနှင့် မြူနှင်းများကြောင့် မြင်ကွင်းမရှင်းလင်းမှုများ ဖြစ်ပေါ်နေသည့်အတွက် လုပ်ငန်းအခက်အခဲများ ကြုံတွေ့ရသဖြင့် မီးရထားခရီးစဉ် ၂၃ ခု နောက်ကျ၊ လေးခုကို ပြန်လည်ပြင်ဆင်ပြီး ခရီးစဉ် ၂၆ ခုကို ဖျက်သိမ်းခဲ့ရကြောင်း Webindia သတင်းတွင် ဖော်ပြသည်။

နယူးဒေလီတွင် အနိမ့်ဆုံးအပူချိန်မှာ ၁၁ ဒီဂရီဆယ်လ်ဆီးယပ်ဖြင့်စံချိန်တင်ကာ အမြင့်ဆုံးအပူချိန်မှာ ၂၆ ဒီဂရီဆယ်လ်စီးယပ်အထိ ရောက်ရှိခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်ကမှ ဂျမူးနှင့် ကက်ရှ်မီးယားဒေသတို့တွင် အအေးလှိုင်း ကျရောက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး မိုးရွာသွန်းမှုကြောင့် အနိမ့်ဆုံးအပူချိန်မှာ ပြန်လည်မြင့်တက်ခဲ့သည်။

“မိုးတိမ်ထူထပ်နေတာနဲ့ မိုးရွာလာတာကြောင့် ပြည်နယ်တစ်ခုလုံးရှိ အနိမ့်ဆုံးအပူချိန်ကနေ သိသိသာသာ ပြန်လည် မြင့်တက်လာပါတယ်။ လာဒါဒေသမှာ ဖြစ်ပေါ်နေတဲ့ အပူချိန်ကလည်း တိုးတက်ကောင်းမွန်လာပါတယ်”ဟု မိုးလေဝသ အရာရှိတစ်ဦးက ပြောကြားသည်။

Kargil ဒေသတွင် လွန်ခဲ့သော တစ်ရက်ခန့်က အနိမ့်ဆုံးအပူချိန် အနုတ် ၁၅ ဒီဂရီ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁ ရက်မှာ အနုတ် သုံးဒီဂရီသို့ ရောက်ရှိခဲ့သည်။ Leh မြို့တွင် ဖေဖော်ဝါရီ ၁ ရက်က အနုတ် ၇ ဒသမ ၈ ဒီဂရီထိ ရောက်ရှိပြီး အအေးစံချိန်တင်ကာ ပြည်နယ်အတွင်း၌ အအေးဆုံးမြို့ ဖြစ်ခဲ့သည်။

အနိမ့်ဆုံးအပူချိန်ကိုကြည့်ပါက ဆရီနာဂါမြို့တွင် ၁ ဒသမ ၇ ဒီဂရီဆယ်လ်စီးယပ်၊ ပါဟာဂမ်တွင် သုညဒသမ ၆ ဒီဂရီဆယ်လ်စီးယပ်၊ Gulmarg မြို့တွင် အနုတ်ငါးဒီဂရီ အသီးသီးရှိခဲ့သည်။

ဂျမူးမြို့မှာ အနိမ့်ဆုံးအပူချိန် ၁၀ ဒီဂရီဆယ်လ်စီးယပ်ဖြင့် အခြေအနေ အကောင်းဆုံးဖြစ်နေပြီး အခြားမြို့များမှာ ဂျမူးထက် အအေးပိုမိုခဲ့သည်။

**ဉာဏ်တင်**

# နယူးဇီလန်တွင် မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် နိုင်ငံခြားခရီးသွားများရာချီ၍ သောင်တင်နေ

နယူးဇီလန်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လမ်းများပျက်စီးခြင်း၊ သစ်ပင်များလဲပြိုခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း စသည့် အခြေအနေများ ဖြစ်ပွားပြီးနောက် ဖေဖော်ဝါရီ ၁ ရက်က နိုင်ငံခြားသားခရီး သွားရာပေါင်းများစွာမှာ သောင်တင်လျက်ရှိနေသည်။

ယခုရက်သတ္တပတ်အတွင်း အပူပိုင်းမုန်တိုင်း ဖဲဟီ (Fehi)တိုက်ခတ်မှုကြောင့် မိုးများသည်းထန်စွာ ရွာသွန်းကာ နယူးဇီလန်တောင်ပိုင်းမြို့တော် ဒူနဲဒင်နှင့် အနောက်ပိုင်းကမ်းခြေမြို့ ဘူလာတို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သည်။ ယင်းအခြေအနေများကြောင့် အာဏာပိုင်တို့က အရေးပေါ်အခြေအနေကို ကြေညာခဲ့ပြီး မော်တော်ကားလမ်းဖြင့် ခရီးမသွားရန် တိုက်တွန်းခဲ့သည်။

ရာသီဥတုဆိုးရွားမှုကြောင့် ဒူနဲဒင်၏ အနောက်မြောက်ဘက် ၄၂၆ ကီလိုမီတာအကွာရှိ Haast ဒေသဝန်းကျင်ရှိ မော်တော်ကားလမ်းများ ပျက်စီးခဲ့ပြီး နိုင်ငံခြားသားခရီးသည် ရာပေါင်းများစွာ ထိုဒေသတွင် သောင်တင်လျက်ရှိကြောင်း နယူးဇီလန်အာဏာပိုင်တို့က ပြောသည်။

“Haast ဒေသမှာ နိုင်ငံခြားသားခရီးသည် ၆၀၀ လောက်ရှိပါတယ်။ အခုသူတို့ရဲ့သက်သာချောင်ချိမှုအတွက် လိုအပ်တာတွေကို ကျွန်တော်တို့ဆောင်ရွက်ပေးနေပါတယ်”ဟု ဝက်စလင်းခရိုင်ကောင်စီကပြောသည်။

အပျက်အစီးများကို ပြင်ဆင်နေပြီဖြစ်သော်လည်း နိုင်ငံခြားသားခရီးသွားများအနေဖြင့် ဒူနဲဒင်မြို့သို့ မည်သည့်အချိန်တွင် ပြန်ရောက်မည်ကို မသိရသေးကြောင်း အာဏာပိုင်တို့ကပြောသည်။

မုန်တိုင်းသည် အရှေ့တောင်ဘက်သို့ ရွေ့လျားသွားပြီဖြစ်သဖြင့် မိုးသည်းထန်မှုနှင့် လေပြင်းတိုက်ခတ်မှုဒဏ်ကို ပြင်းထန်စွာခံခဲ့ရသော အနောက်ဘက်ကမ်းခြေဒေသသည် သက်သာရာရနိုင်တော့မည်ဖြစ်ကြောင်း နယူးဇီလန်မိုးလေဝသမှပြောသည်။ **ဉာဏ်တင်**

# လွိုင်ကော်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့(၁/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီလ ၂၆ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစန်းဝင်းက စားသုံးသူပြည်သူများ အတွက်ဘေးန္တရာယ်ကင်းတဲ့ စားသောက်ကုန်များ ရောင်းချနိုင်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာမှာ သက်ဆိုင်ရာဌာနများကပါ ပူးပေါင်း ဆောင်ရွက်ကြမှသာ စားသုံးသူ အကာအကွယ်ပေးတဲ့လုပ်ငန်းကို အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း၊ ရှေ့ဆက် ဆောင်ရွက်မယ့်လုပ်ငန်းစဉ်များအပေါ် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်မြို့ရီက ယခင်လ (၉/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြနိုင်ရေး လုပ်ငန်းရှင်များနဲ့ တွေ့ဆုံဆွေးနွေးမှုများကိုလည်းကောင်း၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တားမြစ်ထားသော စားသောက်ကုန်များကို လက်လီလက်ကားရောင်းချနေသောဆိုင်များတွင် စစ်ဆေးတွေ့ရှိပါက ထုတ်လုပ်သည့်နေရာသည် မိမိတို့ဒေသတွင်းဖြစ်ပါက ထုတ်လုပ်သည့်နေရာထိ ပိတ်ပင်တားဆီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များကို အသိပညာပေးမည့် အစီအမံများ၊ ကွင်းဆင်းဆောင်ရွက်မည့် အစီအမံများကို တင်ပြဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်များကလည်း ခရီးသွားဝန်ဆောင်မှုအပိုင်းတွင် ခရီးသည်များ၏ အခကြေးငွေကို အပြည့်အဝယူပြီး ဝန်ဆောင်မှုကို အပြည့်အဝ ဆောင်ရွက်ပေးမှုများ အားနည်းနေပါကြောင်း၊ စားသုံးသူကို အသိပညာပေးရာတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ဆောင်ချက်များပါ အသိပေးသင့်ကြောင်း ဆွေးနွေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မိုင်သိဂီလင်း**
**(စားသုံးသူ၊ ကယား)**

# ကျိုက်လတ်မြို့နယ် ရပ်ကွက်/ဈေး စားသုံးသူရေးရာအဖွဲ့များအား စားသုံးသူရေးရာ သင်တန်းပို့ချ

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနရုံးတွင် ခရိုင်ဦးစီး မှူးဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ ရပ်ကွက်/ဈေးစားသုံးသူအဖွဲ့များအား ဇန်နဝါရီ ၂၄ ရက်က စားသုံးသူရေးရာ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။



သင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က ဌာနဖြစ်ပေါ်လာပုံနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကျိုက်လတ်မြို့နယ်တာဝန်ခံ ဦးခင်မောင်ဇင်က ထုတ်ကုန်လုံခြုံစိတ်ချမှု ရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများ၊ ကျောင်းမုန့်ဈေးတန်းကွင်းဆင်းစစ်ဆေးမှုကို နမူနာပုံစံများပြသ၍ ခရိုင်ရုံးတွင် သတင်းပြန်ကြားရေးနှင့် တိုင်ကြားစာလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ဖွင့်လှစ်ထားရှိမှုနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ဈေးစားသုံးသူအဖွဲ့မှ သင်တန်းသား ၅၅ ဦး တက်ရောက်ပြီး ရပ်ကွက်အလိုက်၊ ဈေးအဖွဲ့အလိုက် ဥက္ကဋ္ဌများအားFDAမှ တားမြစ်ထားသောကုန်စည်အရေးအတွက် ၆၄၀ မျိုးပါဝင်သည့် စီဒီခွေများကိုပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မင်းဇော်မွန် (ဖျာပုံ)**

# ညောင်ရွှေမြို့နယ်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ညောင်ရွှေမြို့နယ် အတွင်းရှိ ကျေးရွာများဖြစ်သည့် ခေါင်တိုင်၊ ညောင်ဝန်း၊ မင်းချောင်း၊ ကြေးစားကုန်း၊ အင်းတိန်၊ ရွာမကျေးရွာများရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများနှင့် ကျေးရွာနေပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲများကို ဇန်နဝါရီလအတွင်း ရှမ်းပြည်နယ်တောင်ပိုင်း ဒုတိယဦးစီးမှူး ဒေါ်စောယုထွေး ဦးဆောင်သောအဖွဲ့မှ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲများတွင် စားသုံးသူပြည်သူများအနေဖြင့် မိမိတို့နေ့စဉ် ဝယ်ယူစားသောက်နေသော အစားအသောက်များ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများမှတစ်ဆင့် စားသုံးသူများအပေါ်ကြုံတွေ့နေရသည့် ထိခိုက်နစ်နာမှုများ၊ စားသုံးသူများ၏ ရွေးချယ်ပိုင်ခွင့်နှင့် ရွေးချယ်နိုင်သည့်နည်းလမ်းများ၊ စားသုံးသူများမှ ရရှိထားသော အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်များ၊ အစားအသောက်များမှ တစ်ဆင့်ဖြစ်စေတတ်သော ရောဂါများ၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် စားသုံးသူပြည်သူများမှ ထိခိုက်နစ်နာမှုများ ကြုံတွေ့ရပါက တိုင်ကြားနိုင်မှုနှင့် တိုင်ကြားနိုင်သည့် နည်းလမ်းများအား အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောဆွေးနွေးမှုများ အပြီးတွင် ကျောင်းများရှိမုန့်ဈေးဆိုင်များ ကို သက်ဆိုင်ရာ ကျောင်းတာဝန်ခံဆရာ/ဆရာမများနှင့်လည်းကောင်း၊ ကျေးရွာအတွင်းရှိဈေးဆိုင်များကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍လည်းကောင်း လိုက်လံစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး သက်တမ်းလွန် စားသောက်ကုန်များ၊ အန္တရာယ်ရှိသော မုန့်များ၊ ကုန်ပစ္စည်းများမရောင်းချရေးနှင့် တစ်မျိုးသားလုံး ကျန်းမာရေးကို စားသုံးသူပြည်သူများ အားလုံးဝိုင်းဝန်းကူညီပူးပေါင်းပါဝင်ပေးကြရန် ဈေးသည်များအား အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စောယုထွေး (တောင်ကြီး)**

# ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်စားသုံးသူဖြေရှင်းရေးအဖွဲ့၏ ၁/၂၀၁၈ လုပ် ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်တွင် ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဦးမြင့်ဝင်းက ၂၀၁၇ ခုနှစ်အတွင်း အစည်းအဝေး ရှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အငြင်းပွားမှုကိစ္စရပ်များ အဖွဲ့သို့လာရောက်တိုင်ကြားခြင်းမရှိသလို ဖြေရှင်းပေးရခြင်းလည်း မရှိခဲ့ပေမယ့် အသိပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများကို အဖွဲ့ဝင်အားလုံး ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုဇန်နဝါရီလအတွင်း ပြည်မြို့ကုတင် ၅၀၀ ဆေးရုံကြီးအတွင်းရှိ ထမင်းဆိုင်များတွင် သန့်ရှင်းမှု ရှိ/မရှိ နှင့် ကျန်းမာရေးနှင့် ညီညွတ်မှုရှိသော အစားအစာများ ရောင်းချမှု ရှိ/မရှိကို FDA၊ ကျန်းမာရေး၊ စည်ပင်၊ ထွေ/အုပ စသည့်ပူးပေါင်းအဖွဲ့ဝင်များဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး အသိပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ဈေးကွက်အတွင်းကုန်ပစ္စည်းများ ရောင်းချရာတွင် ပါဝင်ရမည့် အချက်အလက်များ မပါရှိသည်ကို တွေ့ရှိရ၍ စားသောက်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ဖြစ်စေ၊ မိမိတို့ စားသုံးသူရေးရာဦးစီးဌာန၌ဖြစ်စေ ခေါ်ယူတွေ့ဆုံ၍ သက်ဆိုင်ရာ ဌာနအလိုက် ထုတ်ကုန်နှင့်ပတ်သက်၍ လုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်နှင့် ဝတ္တရားများ၊ သိသင့်သိထိုက်သော အချက်အလက်များအား အသိပညာပေး ဆွေးနွေးဟောပြောခြင်းကို နေ့ရက်တစ်ခုသတ်မှတ်၍ ဆောင်ရွက်နိုင်ရေးကို အဖွဲ့အနေဖြင့် ဆုံးဖြတ်ပေးရန် တင်ပြဆွေးနွေးခဲ့ပါတယ်။

ထို့နောက် တက်ရောက်လာကြသော မိတ်ဖက်ဌာနများမှ အဖွဲ့ဝင်များသည် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါအစည်းအဝေးသို့ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အဖွဲ့ဝင်များနှင့် ပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ အပါအဝင် ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **ဝင်းလှဲ့ဝါ (ပြည်)**

# မွန်ပြည်နယ်အတွင်းရှိ စားသောက်ဆိုင်၊ စတိုးဆိုင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ် မော်လမြိုင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ မော်လမြိုင်ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်တွင် မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ လမ်းဘေးဝဲယာစတိုးဆိုင်များ၊ ဆေးဆိုင်များ၌ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ/မရှိကွင်းဆင်း စစ်ဆေးရာ ထုတ်ကုန်လုံခြုံစိတ်ချရမှု မရှိသော တားမြစ်အလှကုန်အမယ်ခြောက်မျိုး၊ သက်တမ်းလွန်ဆေးဝါး လေးမျိုး၊ တားမြစ်ဆေးဝါးတစ်မျိုး၊ တရားမဝင်ဆေးဝါး (Unregister) တစ်မျိုးတို့အား သိမ်းဆည်းရမိပြီး မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရပါသည်။

အလားတူ ဇန်နဝါရီ ၂၄ ရက် တွင် မုဒုံမြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မော်လမြိုင်ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာရှိ စတိုးဆိုင်များ၊ ဆေးဆိုင်များတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးရာ တားမြစ်အလှကုန် အမယ်ခြောက်မျိုး၊ သက်တမ်းလွန်ဆေးဝါးသုံးမျိုး၊ တားမြစ်ဆေးဝါးလေးမျိုး၊ တရားမဝင်ဆေးဝါး(Unregister) တစ်မျိုး၊ တားမြစ်စားသောက်ကုန်နှစ်မျိုးတို့အား သိမ်းဆည်း ရမိပြီး မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(စားသုံးသူ-မွန်)**

# မြစ်သားမြို့နယ် မြို့မဈေးအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်းများ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဝါလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ် မိတ်ဖက်ဌာနများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၂ ရက်က မြစ်သားမြို့၊ မြို့မဈေးအတွင်း ထုတ်ကုန်များ လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်းများ၊ ဘေးအန္တရာယ် ကင်းရှင်းမှု မရှိသော အစားအသောက်များ ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေးနှင့် အသား/ငါးရောင်းချသူများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လိုင်စင် (C) ရယူထားသောဈေးနှုန်းများအတိုင်း ရောင်းချနိုင်စေရေးအတွက် ကွင်းဆင်း စစ်ဆေးခဲ့ပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ခရိုင်အဆင့် ဝါသီးနှံအစုအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် မြစ်သားမြို့နယ်အတွင်းရှိ ဝါသီးနှံစိုက် တောင်သူများနှင့် ဝါသီးနှံလုပ်ငန်းရှင် များ၊ ဝါစက်ပိုင်ရှင်ခုနစ်ဦး၊ ပွဲရုံပိုင်ရှင် လေးဦးတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဖွဲ့စည်းပြီးသည့် ဝါအစုအဖွဲ့ အနေဖြင့် မြစ်သားမြို့နယ်၊ မြိုင်ကုန်း ကျေးရွာတွင် ဝါစိုက်တောင်သူ ၄၅ ဦး၊ ဝါစိုက်ဧက ၁၉၈ ဧကနှင့် ထနောင်း ကုန်းကျေးရွာတွင် ဝါစိုက်တောင်သူ ၅၁ ဦး၊ ဝါစိုက်ဧက ၁၃၁ ဧကအား ဝါသီးနှံ အစုအဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**နှင်းလွဲလွဲ (ကျောက်ဆည်)**

# ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၃)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ဇန်နဝါရီ ၂၃ ရက်တွင်ကျင်းပခဲ့ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင် ၁၀ ဦး နှင့် စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများ တက်ရောက်ခဲ့ သည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်အုန်းက ဒီဇင်ဘာလနှင့် ဇန်နဝါရီလ များတွင် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟော ပြောမှုများအပြင် ကျောင်းဈေး၊ စည်ပင်ဈေး၊ အိမ်ဆိုင်စစ်ဆေး မှု၊ မုန့်ဖိုလုပ်ငန်းရှင်၊ ရေစိမ်လုပ်ငန်းရှင်နှင့် လက်ဖက် အကြော်စုံ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စားသုံးသူ အကာ အကွယ်ပေးရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ဈေး ကွက်အတွင်းရှိ တားမြစ်ဆိုးဆေး သုံးစွဲထားသည့် တုတ်ထိုး ချိုချဉ်များ သိမ်းဆည်းသွားရန် တိုင်းဦးစီးမှူးရုံး၏ အစား အသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားရန် ညွှန်ကြားလာပါ၍ ဝိုင်းဝန်းကူညီပေးစေ လိုကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ကသာခရိုင်အတွင်း တားမြစ်ဆိုး ဆေးများကြောင့် FDA မှ တားမြစ်ထားသည့် တုတ်ထိုးချိုချဉ် များကို သိမ်းဆည်းရေး ပထမအကြိမ်အနေဖြင့် လက်ကားဆိုင် ကြီးများသို့ အကြောင်းကြားစာနှင့် ဝန်ခံကတိလက်မှတ်ရေး ထိုးရန်ဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရပါသည်။**လှလှခိုင် (ကသာ)**

# အ.လ.က(ခွဲ) မဒေါင်းကြီးတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ခင်ဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံသည် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူးနှင့် အတူ မဒေါင်းကြီးကျေးရွာရှိ အ. လ. က (ခွဲ) ကျောင်း၌ စားသုံးသူအကာအကွယ် ပေးရေး အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဟောပြောပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဒေါ်သင်းသင်းခိုင် က ကျောင်းသားကျောင်းသူများအနေဖြင့် အားကစား သိပ္ပံတွင် အားကစားနှင့်ပညာရေး ပူးတွဲသင်ယူနိုင် ကြောင်း၊ အားကစားသိပ္ပံသို့တက်ရောက်၍ အားကစား နှင့် ပညာရေးကို သင်ယူလိုပါက ဆက်သွယ်နိုင်ပါ ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံဦးဌေးတင့်က စားသုံးသူ ရေးရာဦးစီးဌာနပေါ်ပေါက်လာပုံ၊ ခွင့်မပြု ဓာတု ဆိုးဆေးများ၊ အန္တရာယ်ရှိသော အစားအစာများ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ ကြောင်း သိရသည်။

ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်း သား၊ ကျောင်းသူများ စုစုပေါင်း ၁၆၁ ဦး တက် ရောက်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိမှတ်ဖွယ်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ဌေးတင့်(ခင်ဦး)**



# ပန်းတနော်မြို့နယ် ချောင်းကလေး အ.ထ.က တွင် စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

မအူပင်ခရိုင် ပန်းတနော်မြို့နယ် ချောင်းကလေး အ. ထ. က တွင် ဖေဖော် ဝါရီ ၁ ရက်က ပန်းတနော်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ် တာဝန်ခံ ဦးမင်းဇော်လတ်နှင့် ဝန်ထမ်း များ၊ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်း များသည် မြို့နယ်ပညာရေးမှူးရုံး၏အစီ အစဉ်ဖြင့် ချောင်းကလေး အ. ထ. က ရှိ ဆရာမကြီးနှင့် ပူးပေါင်း၍ စားသုံး သူရေးရာ အသိပညာပေး ဟောပြောပွဲ ကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာ စကား ပြောကြားပြီး ပန်းတနော်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ် တာဝန်ခံဦးမင်းဇော်လတ်က စားသုံး သူများ၏ အခွင့်အရေးနှင့် ဥပဒေများ အကြောင်းကို အကျယ်တဝင့် ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**CONSUMER- MT**

# အိမ်မဲမြို့ အ.ထ.က(၁) စာသင်ကျောင်းတွင် စားသုံးသူအသိပညာပေးသင်တန်း ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်း မြခရိုင်၊ အိမ်မဲမြို့နယ်၊ အ. ထ. က (၁) စာသင်ကျောင်း ရွှေညီလာခန်းမတွင် ဇန်နဝါရီလ ၂၄ ရက်က ကျောင်းမုန့် ဈေးတန်းစားသုံးသူရေးရာအဖွဲ့၊ ရပ် ကွက်စားသုံးသူရေးရာအဖွဲ့၊ ဈေးစား သုံးသူရေးရာအဖွဲ့တို့အား စားသုံးသူ အသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ ခဲ့ပြီး စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက် ခဲ့ကြောင်း သိရသည်။



သင်တန်းတွင် မြောင်းမြခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီး မှူး ဦးတိုးလွင်က သင်တန်းဖွင့်လှစ်ပို့ ချရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများ၊ စားသုံးသူ အငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင် ရွက်နေမှု၊ စားသုံးသူ သတင်းပြန်ကြား ရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက် ရေးစင်တာ ( CICC ) ဖွင့်လှစ်ပြီး ဖျန် ဖြေဆောင်ရွက်ပေးနေမှု စသည်တို့အား ဆွေးနွေးပို့ချခဲ့သည်။

ဆက်လက်၍ ဒုတိယခရိုင်ဦးစီး မှူး ဦးဇော်မင်းက ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လက်ရှိဆောင်ရွက် နေသည့် လုပ်ငန်းများကိုလည်းကောင်း၊ ဌာနခွဲမှူးက အစားအသောက်များကို ဘေးအန္တရာယ်ကင်းစွာ ရွေးချယ်စား သောက်တတ်စေရန်နှင့် ကျန်းမာရေး ကိုထိခိုက်စေသည့် အစားအစာများ၊ တားမြစ်ထားသည့် အစားအသောက် နှင့် ကုန်စည်များအကြောင်းသိကောင်း စရာများ၊ စားသုံးသူများနစ်နာဆုံးရှုံးရ သည့် ဝန်ဆောင်မှုများအကြောင်း အသိပညာပေးကာတွန်းများ၊ မုန့်နမူနာ များ ပြသဆွေးနွေးပို့ချခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူ များ၏ မေးမြန်းချက်များကို ခရိုင်ဦးစီး မှူး ဦးတိုးလွင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပြီး စားသုံးသူနစ်နာမှုများ ရှိပါက အလွယ်တကူ လွတ်လပ်စွာ တိုင် ကြားနိုင်ရန် စာတိုက်ပုံးကို ကျောင်းအုပ် ဆရာမကြီးအား ပေးအပ်ခဲ့ကြောင်းလည်း သိရှိရပါသည်။

**တိုးလွင် (မြောင်းမြ)**

# ပုသိမ်မြို့ကမ်းနားဈေးတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) နှင့် စားသုံးသူ ရေးရာဦးစီးဌာနတို့ ရှောင်တခင်ဝင်ရောက်စစ်ဆေး

ပုသိမ်မြို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ စားသုံးသူရေးရာဦးစီးဌာနနှင့် စည်ပင် သာယာရေး ကော်မတီတို့ ပူးပေါင်း ပါဝင်လျက် ဇန်နဝါရီ ၁၉ ရက်၌ ကမ်းနား ဈေးကြီးတွင် ရောင်းချနေသော မုန့်ဖတ်၊ မှျင်ငါးပိ၊ ကြက်သွေး၊ ဘဲသွေး၊ ပဲပြားနှင့် အစားအသောက် ၂၅ မျိုး၊ အလှကုန် ပစ္စည်းတချို့တို့ကို နမူနာ ကောက်ယူ၍ ဈေးတာဝန်ခံရုံးခန်းတွင် စစ်ဆေးခဲ့ရာ မှျင်ငါးပိတစ်မျိုးတွင် စားသုံးရန်မသင့် သော Rhodamine-B ချည်ထည်ဆိုး ဆေးနှင့် အရောင်ဆိုးထားသည်ကို တွေ့ ရှိရသည့်အတွက် ၎င်းငါးပိများအား သိမ်း ဆည်းခဲ့ပြီး စည်ပင်သာယာရေး လုပ်ထုံး လုပ်နည်းအတိုင်း အဖွဲ့ဖြင့်ဖျက်ဆီး၍ မှတ်တမ်းတင်မည်ဖြစ်ကြောင်း သိရသည်။

နမူနာကောက်ယူခဲ့သည့် စား သောက်ကုန်ပစ္စည်းများမှာ ငရုတ်သီး မှုန့်၊ နနွင်းမှုန့်၊ ချဉ်ဖတ်များကို ဓာတ်ခွဲ ခန်းသို့ ယူဆောင်စစ်ဆေးသွားမှာဖြစ်ပြီး ငါးပိဆိုးဆေး တွေ့ရှိခဲ့သည့် ဆိုင်ရှင် အားမေးမြန်းခဲ့ရာ ပုသိမ်မြို့မဈေးကြီး အတွင်းရှိငါးပိဆိုင်မှ ဝယ်ယူခဲ့သည်ဟု သိရ၍ မြို့မဈေးအတွင်းရှိ ငါးပိဆိုင် အချို့ထံမှ ငါးပိနမူနာများ ထပ်မံ ကောက် ယူစစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# အင်ဒိုနီးရှားနိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ

| ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) |

**ယခင်တစ်ပတ်မှအဆက်**

**သင်္ဘောမတင်မီစစ်ဆေးခြင်း (Pre shipment Inspection)**

ဥယျာဉ်ခြံထွက်သီးနှံများ တင်သွင်းမှုအတွက် သင်္ဘောမတင်မီ စစ်ဆေးခြင်းကိုလည်းဆောင်ရွက်ရန် လိုအပ်ပါတယ်။ တင်ပို့တဲ့ ပင်ရင်းနိုင်ငံရဲ့ ကုန်တင်ဆိပ်ကမ်း၊ HS Code အမျိုးအစားနှင့် ပမာဏ၊ သင်္ဘောတင်နေ့ရက်၊ ဆိုက်ရောက်မည့် ဆိပ်ကမ်း၊ ထုပ်ပိုးမှုအပေါ်တွင် Tara food and recycle logo၊ ကျန်းမာရေးလက်မှတ်၊ အပင်ရောဂါ ကင်းစင်ကြောင်းလက်မှတ်၊ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်၊ စားသောက်ကုန် အဆင့်အတန်းဖော်ပြချက် (သို့မဟုတ်) သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီစွာ ထုပ်ပိုးထားကြောင်း တင်သွင်းသူ၏ ဖော်ပြချက် စတာတွေကို စစ်ဆေးသူရဲ့အစီရင်ခံစာမှာ ဖော်ပြဖို့လိုအပ်မှာ ဖြစ်ပါတယ်။

**အသားနှင့်ကြက်/ဘဲထွက်ကုန်များ**

အသားနှင့်ကြက်/ဘဲ စသည်တို့ကို တင်သွင်းသူများဟာ တင်သွင်းသည့် ထုတ်ကုန်၊ ဦးတည်သည့်ဈေးကွက် (စားသောက်ဆိုင်၊ ဟိုတယ်၊ စားသောက်ကုန်ဝန်ဆောင်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ လက်လီ) စတာတွေကို ၎င်းတို့ရဲ့ SRP application မှာ ထည့်သွင်း ဖော်ပြရမှာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ သွင်းကုန်ထောက်ခံချက်ကို အချိန်မရွေးလျှောက်ထားနိုင်ပြီး ကုန်သွယ်ရေးဝန်ကြီးဌာနမှာ သွင်းကုန်ပါမစ်လျှောက်ထားရန်အတွက်ကိုတော့ အဆိုပါသွင်းကုန်ထောက်ခံချက်ကို သုံးလအတွင်း အသုံးပြုရမှာဖြစ်ပါတယ်။ သွင်းကုန်ပါမစ်ဟာ သွင်းကုန် ထောက်ခံချက် ထုတ်ပေးချိန်မှ ခြောက်လအတွင်း သက်တမ်းရှိမှာ ဖြစ်ပါတယ်။ အတည်ပြုချက်ရရှိထားတဲ့ အသားနှင့်ကြက်/ဘဲ ထုတ်လုပ်မှုနေရာများ(Establishments) ကသာ အင်ဒိုနီးရှားနိုင်ငံသို့ ၎င်းထွက်ကုန်များကို တင်ပို့ခွင့်ရရှိမှာဖြစ်ပါတယ်။ အင်ဒိုနီးရှား၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအနေနဲ့ ကြက်ဆင်သားအပါအဝင် ကြက်/ဘဲအသား ထွက်ကုန်တွေအတွက် သွင်းကုန်ထောက်ခံချက်ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ




ကတည်းက ထုတ်ပေးခြင်းမရှိဘူးလို့ သိရပါတယ်။ ဘာကြောင့်လဲဆိုရင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ စည်းမျဉ်း အမှတ် ၃၄/၂၀၁၆ အရ အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့သည့် ကြက်/ဘဲ အသားထုတ်လုပ်သည့်ပစ္စည်းများ၊ သားသတ်ရုံများ အနေဖြင့် သီးခြားသတ်မှတ်ထားတဲ့ သားသတ်ရုံနည်းလမ်းများကို အသုံးပြုရန်လိုအပ်တာကြောင့် ဖြစ်ပါတယ်။

**ဆန်**

အင်ဒိုနီးရှားနိုင်ငံ၊ လုပ်ထုံးလုပ်နည်းများအရ ရိတ်သိမ်းချိန်မတိုင်မီ တစ်လ၊ ရိတ်သိမ်းချိန်ကာလပြီးနောက် နှစ်လနှင့် ၎င်းတို့ကြားကာလအတွင်း ဆန်တင်သွင်းမှုကို ကန့်သတ်ထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံ၊ အစိုးရပိုင်လုပ်ငန်းစုဖြစ်တဲ့ BULOG ကိုသာ အလယ်အလတ်အဆင့် အရည်အသွေးဆန် (၂၅% ဆန်) ကိုတင်သွင်းခွင့်ပေးထားတာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကုမ္ပဏီများကိုတော့ အထူးဆန်အမျိုးအစားတွေဖြစ်တဲ့ ဂျက်စမင်ဆန်၊ ဘာစမာတီဆန်၊ ဆူရှီဆန်တို့နှင့် ဆီးချိုသွေးချိုအတွက် ဆန်နှင့် စပါးတို့ကို တင်သွင်းခွင့်ပေးထားတာဖြစ်ပါတယ်။ ဂျပန်ဆန်မျိုး (HS. 1006.30.99.00) တင်သွင်းမှုအတွက် ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ စည်းမျဉ်းအမှတ် ၁၀၃/၂၀၁၅ အရ ခွင့်ပြုထားပါတယ်။ အဆိုပါဂျပန်ဆန်မျိုး တင်သွင်းနိုင်ရန်အတွက် သွင်းကုန်ထောက်ခံချက်ကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနထံမှ သဘောတူ ခွင့်ပြုချက်ရရှိရန် လိုအပ်မှာဖြစ်ပါတယ်။ ဒါပေမဲ့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအနေနဲ့ ပြည်တွင်း မျိုးတူဆန်များနဲ့ အစားထိုးဖြည့်တင်းနိုင်တယ်လို့ ပြောဆိုချက်နဲ့အတူ ဂျပန်ဆန်မျိုးတင်သွင်းမှုအတွက် သွင်းကုန်ထောက်ခံချက်ကို ထုတ်ပေးဖို့ ဆက်လက်ငြင်းဆန်နေတယ်လို့ သိရပါတယ်။

အင်ဒိုနီးရှားနိုင်ငံအနေနဲ့ စက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းအဖြစ်အသုံးပြုရန် လိုအပ်ပါက ဆန်တင်သွင်းမှုကို ခွင့်ပြုပေးပါတယ်။ ဒါပေမဲ့ အဲဒီလိုခွင့်ပြုရာမှာလည်း ပြည်တွင်းမှာ မထုတ်လုပ်နိုင်တဲ့အခါမျိုးမှသာ ခွင့်ပြုတာဖြစ်ပါတယ်။ သွင်းကုန်ပါမစ်သက်တမ်းဟာ ခြောက်လ (သို့မဟုတ်) မည်သည့်အချိန်တွင် စတင်သည်ဖြစ်စေ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ကုန်ဆုံးတာဖြစ်ပါတယ်။

ဓာတ်စာအဖြစ်အသုံးပြုတဲ့ဆန်နှင့် အထူးရည်ရွယ်ချက်ဖြင့် တင်သွင်းသော ဆန်များတင်သွင်းမှုကိုတော့ ခွင့်ပြုထားပါတယ်။ အဲဒီလိုခွင့်ပြုရာမှာ ကောက်ညှင်း ၅ရာခိုင်နှုန်း၊ ထိုင်းဟုန်မာလီဆန် ပေါင်းဆန် ငါးရာခိုင်နှုန်း၊ ဂျပန်ဆန်မျိုး ငါးရာခိုင်နှုန်း၊ ဘာစမာတီ ဆန်တွေ ပါဝင်ပါတယ်။ ဆန်တင်သွင်းဖို့အတွက် ကုန်သွယ်ရေး ဦးစီးဌာနထံမှ သွင်းကုန်အတည်ပြုချက်လိုအပ်ပြီး မှတ်ပုံတင်ထားသော ဆန်တင်သွင်းသူတွေဟာ သွင်းကုန်ထောက်ခံချက်ကို လယ်ယာစိုက်ပျိုးရေးဝန်ကြီး (သို့မဟုတ်) လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ သတ်မှတ်ထားတဲ့အရာရှိထံမှ ရယူရန် လိုအပ်ပါတယ်။ ၎င်း သွင်းကုန်ထောက်ခံချက်ကို ရရှိရန်အတွက် တင်သွင်းသူဟာ မျိုးသန့်မှု ထောက်ခံချက် တင်ပြရန်လိုအပ်ပါတယ်။ အဆိုပါ ထောက်ခံချက်ကို တင်ပို့တဲ့ပင်ရင်းနိုင်ငံမှ အစိုးရအရာထမ်းက လက်မှတ်ရေးထိုး အတည်ပြုထားရမှာ ဖြစ်ပါတယ်။ ထောက်ခံချက်တစ်ခုလျှင် သွင်းကုန်ထောက်ခံချက် အကြိမ်ကြိမ်ရယူနိုင်မှာ ဖြစ်ပါတယ်။

ဆန်တင်သွင်းမှုအတွက် သင်္ဘောမတင်မီကြိုတင်စစ်ဆေးခြင်း (Pre shipment Inspection) လိုအပ်ပါတယ်။ ဒ့ါအပြင် တင်သွင်းလာတဲ့ ဆန်ကို အင်ဒိုနီးရှားနိုင်ငံဆိပ်ကမ်းသို့ မရောက်ရှိမီ အင်ဒိုနီးရှား ဘာသာစကား (Bahasa) ဖြင့် ထုပ်ပိုးတံဆိပ်ကပ်ထားရန် လိုအပ်ပါတယ်။

**မျိုးစေ့များ (Seeds)**

အင်ဒိုနီးရှားနိုင်ငံအတွင်းကို မျိုးစေ့(seeds) များတင်သွင်းမယ်ဆိုရင်တော့ အင်ဒိုနီးရှားနိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာနကထုတ်ပြန်တဲ့ စည်းမျဉ်းအမှတ် ၁၂၇/၂၀၁၄ နဲ့အညီဆောင်ရွက်ရမှာဖြစ်ပါတယ်။ မျိုးစေ့တင်သွင်းမယ့်သူတွေအနေနဲ့ သွင်းကုန်အတည်ပြုချက် လျှောက်လွှာကို General/ Limited Import Identification Number ၊ မျိုးစေ့ထုတ်လုပ်သူ (သို့မဟုတ်) ဖြန့်ဖြူးသူ၏ မှတ်ပုံတင်နံပါတ် (Registration Number) နှင့်အတူ တင်ပြလျှောက်ထားရန် လိုအပ်ပါတယ်။ တင်သွင်းတဲ့ ရည်ရွယ်ချက်အလိုက် လိုအပ်တဲ့နည်းပညာဆိုင်ရာလိုအပ်ချက် (Technical Requirements) တွေကလည်း ကွဲပြားပါတယ်။ Variety Release အတွက် တင်သွင်းမည့် မျိုးစေ့ အတွက်ဆိုရင် (က) မျိုးစေ့မျိုးကွဲ၏ အရည်အသွေး၊ ထူးခြားမှုနှင့် သီးခြား အသုံးပြုမှုများ၊ (ခ) မျိုးစေ့ထုတ်လွှတ်မှုပြင်ဆင်ခြင်းအရ မျိုးစေ့ပမာဏ ကန့်သတ်ချက်၊ (ဂ) မျိုးပွားခြင်းနှင့် နေရာစုံစမ်းသပ်မှု အစီအစဉ်အကျဉ်းချုပ်၊ (ဃ) မျိုးဗီဇပြောင်းလဲထားသော ထုတ်ကုန်များအတွက် ဇီဝဘေးကင်းမှုဆိုင်ရာ ကော်မရှင်ထံမှ ထောက်ခံချက်တို့ဖြစ်ပါတယ်။ Foundational seed procurement အတွက် မျိုးစေ့တင်သွင်းပါက တင်သွင်းသည့် မျိုးကွဲအား ထုတ်လုပ်ပြီးဖြစ်ရန်လိုအပ်ချက်၊ အခြေခံမျိုးစေ့ အရည်အသွေး၊ စံနှုန်းများပြည့် မီရန်လိုအပ်ချက်နှင့် အခြေခံဆိုင်ရာမျိုးစေ့ဝယ်လိုအား အရ မျိုးစေ့ ပမာဏနှင့် အမျိုးအစား ကန့်သတ်ချက်တို့နှင့် ကိုက်ညီရန်လိုအပ်မှာဖြစ်ပါတယ်။

**သကြား**

အင်ဒိုနီးရှားနိုင်ငံဟာ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ မှာ သကြားတင်သွင်းမှုဆိုင်ရာ စည်းမျဉ်းအမှတ် ၁၁၇/၂၀၁၅ ကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ စည်းမျဉ်းအရ သကြားကို အောက်ပါအတိုင်း အမျိုးအစားသုံးမျိုးခွဲခြားထားပါတယ်။

စာမျက်နှာ (၃၁) သို့ ➤

# တရုတ်နိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ပြည်တွင်းလုပ်ငန်းများတန်းတူ အခွင့်အရေးပေးမည်ဟုဆို

တရုတ်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဆက်လက်ပြုလုပ်ကြရန်နှင့် ဈေးကွက်အတွင်း လုပ်ကိုင်သူများအားလုံးကို တန်းတူ အခွင့်အရေးများ ပေးသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ၏စီးပွားရေး အောင်မြင်မှုသည် တံခါးဖွင့်စီးပွားရေးမူဝါဒနှင့် ဆက်စပ်နေပြီး နိုင်ငံဈေးကွက်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် ဈေးကွက် ပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်လိုကြောင်း၊ တံခါးဖွင့်စီးပွားရေးစနစ်ကို မည်သည့်အခါမှ ပိတ်ပင်သွားမည်မဟုတ်ကြောင်းနှင့် တရုတ်နိုင်ငံ၏ စက်မှုမူဝါဒများအရ လာရောက်ရင်းနှီးမြှုပ်နှံသည့် မည်သည့်နိုင်ငံမဆို တူညီသည့်အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီး Mr.Miao Wei ကပြောကြားခဲ့သည်။

အစိုးရ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအစီအစဉ်တစ်ခုဖြစ်သော Made in China 2025 ဆိုသည့် အစီအစဉ်အပေါ် ပြည်တွင်းလုပ်ငန်းများကိုသာ ဦးစားပေးတော့မည်ဟူသည့် ရင်းနှီးမြှုပ်နှံသူများအကြား စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်၍ ၎င်းက ယခုလို တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါမူဝါဒကို ပြည်တွင်းလုပ်ငန်းများရော နိုင်ငံခြားမှလာရောက်ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများပါ အတူတကွ အသုံးချနိုင်မည်ဖြစ်ပြီး နိုင်ငံ၏စက်မှုကဏ္ဍ အဆင့်အတန်းမြှင့်မားရေးအတွက် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် ရေးဆွဲသည့် မူဝါဒဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

Made in China 2025 မူဝါဒကို ၂၀၁၅ ခုနှစ်က ကြေညာခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ ထုတ်လုပ်မှု၏အချက်အချာဒေသတစ်ခုဖြစ်လာစေရန်ရည်ရွယ်၍ နိုင်ငံရပ်ခြားစီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်လာစေရန်နှင့် တရုတ်နိုင်ငံအတွင်း သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနများ ထူထောင်ရန် အားပေး ဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အကာအကွယ်ပေးမှုကို ဆက်လက်တိုးမြှင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ၎င်းတို့၏နည်းပညာကို ဝေမျှရန် မည်သည့်အခါမှ တွန်းအားပေးဆောင်ရွက်သွားမည်မဟုတ်ကြောင်း Mr.Miao က ရင်းနှီးမြှုပ်နှံသူများအား အာမခံပြောကြားခဲ့သည်။

**ခင်စုစုလှိုင်(CJ)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ

| သန်းသန်းနိုင် |

**ယခင်တစ်ပတ်မှအဆက်**

၂၅။ ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့်ကုမ္ပဏီအနေဖြင့် ဤစည်းမျဉ်းစည်းကမ်းပါ အပိုင်း(၂၂)၊ အပိုင်း (၂၃) နှင့် ညီညွတ်ပါက၊ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှအဆင့် (၄) ဆင့်၏ပေတံနှင့် တိုင်းတာကာခွဲခြားပြီးလျှင် တစ်နှစ်အတွင်းအပိုင်း (၂၄) ပါ အချက်များမဖြစ်ပွားပါက ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ ထိုကုမ္ပဏီအတွက် အထက်အဆင့်သို့ အဆင့်မြှင့်ပေးပါရန် လျှောက်ထားရမည်။ ထို့အတွက် အောက်ပါ စာရွက်များ တင်ပြရမည်။

(က) ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့် ကုမ္ပဏီအုပ်ချုပ်မှုတွင် အဆင့်ခွဲပေးပါရန်လျှောက်လွှာ

(ခ) ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့် ကုမ္ပဏီလုပ်ငန်းလည်ပတ်မှုအခြေအနေများ သုံးသပ်ချက် အစီရင်ခံစာ

၂၆။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေနှင့် ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့် ကုမ္ပဏီမှတင်ပြလာသော လျှောက်လွှာ၊ စာရွက်စာတမ်းများကို ပြည့်စုံမှုရှိ/မရှိ၊ တောင်းဆိုချက်နှင့်ကိုက်ညီမှုရှိ/မရှိစိစစ် ကာအထက် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနသို့ တင်ပြရမည်။ အကယ်၍ ကွင်းဆင်းစစ်ဆေးရမည်ဆိုပါက ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ ကွင်းဆင်းစိစစ်ရမည်။

၂၇။ ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့် ကုမ္ပဏီအနေနှင့် ယခင်သတ်မှတ်အဆင့်အတန်းနှင့် မညီညွတ်တော့ပါက အဆင့်ချရမည်။ ထိုကုမ္ပဏီအဆင့်ခွဲသည့်လုပ်ငန်း လုပ်ထားသည့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနအနေနှင့် အဆင့်အတန်း ပြင်ဆင်သတ်မှတ်ပေးရန် အကြံပြုစာကို အထက်ပိုးမွှား ကင်းရှင်းကြောင်း စစ်ဆေးရေးဌာနသို့ တင်ပြရမည်။

၂၈။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေနှင့် ဥပဒေနှင့် ညီညွတ်၍ လွယ်ကူစေရေးမူပေါ်တွင် ကိုယ်စားလှယ် လုပ်ငန်းလုပ်သည့် ကုမ္ပဏီကို အဆင့်အတန်းခွဲအုပ်ချုပ်ရမည်။ ဤ တွင် အဆင့်(၁)၊ အဆင့် (၂) ကုမ္ပဏီကို မတူသည့်အထူးစနစ်ဖြင့် အုပ်ချုပ်ရမည်၊ အဆင့်(၃) ကုမ္ပဏီကို ရိုးရိုးအုပ်ချုပ်မှုနှင့် အုပ်ချုပ် ရမည်၊ အဆင့်(၄) ကုမ္ပဏီကို တင်းတင်းကျပ်ကျပ်အုပ်ချုပ်ရမည်။

၂၉။ အဆင့်(၁) ကုမ္ပဏီအနေဖြင့် အထူးခံစားခွင့်များကို ခံစားခွင့်ရှိသည်။ ထိုကုမ္ပဏီအတွက် အထူးပြတင်းဖွင့်ကာ ဦးစားပေးလုပ်ကိုင်၊ ဦးစားပေးစစ်ဆေး၊ ဦးစားပေးခွင့်ပြုပေးနိုင်သည်။ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးလုပ်ငန်းတွင် အထူးတောင်းဆိုထားသည်မှအပ၊ အဆင့်(၁) ကုမ္ပဏီမှတင်ပြလာသော စာရွက်စာတမ်းများ မပြည့်စုံသော်လည်း အရင်ခွင့်ပြု၊ နောက်မှ စာရွက်စာတမ်းပြည့်စုံအောင် လုပ်ဆိုသည့် စနစ်နှင့် အထူးခံစားခွင့်ပြုနိုင်သည်။ အန္တရာယ်ရှိမှု စိစစ်ချက်ရှိထားလျှင် စစ်ဆေးမှုအချိုးကို သတ်မှတ်၍ နမူနာယူ စစ်ဆေးမှု ပြုခွင့်ပြုချက်ချပေးနိုင်သည်။ အင်တာနက်မှ လျှောက်ထားနိုင်လျှင် စာရွက်စာတမ်းများနှင့် တင်ပြရန်မလိုပေ။

၃၀။ အဆင့်(၂) ကုမ္ပဏီအနေဖြင့် အထူးခံစားခွင့်များကို ခံစားခွင့်ရှိသည်။ ထိုကုမ္ပဏီအတွက် အချိန်မရွေး ချိန်းဆိုကာ လုပ်ကိုင်ခွင့်ပြုပေးနိုင်သည်။ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးလုပ်ငန်းတွင် အထူးတောင်းဆိုထားသည်မှအပ၊ အဆင့်(၂) ကုမ္ပဏီမှတင်ပြလာသော စာရွက်စာတမ်းများ မပြည့်စုံသော်လည်း အရင်ခွင့်ပြု၊ နောက်မှ စာရွက်စာတမ်း ပြည့်စုံအောင်လုပ်ဆိုသည့်စနစ်နှင့် အထူးခံစားခွင့်ပြုနိုင်သည်။ အန္တရာယ်ရှိမှုစိစစ်ချက်ရှိထားလျှင် စစ်ဆေးမှုအချိုးကို သတ်မှတ်၍ နမူနာယူစစ်ဆေးမှုပြု ခွင့်ပြုချက် ချပေးနိုင်သည်။ အင်တာနက်မှ လျှောက်ထားနိုင်လျှင် စာရွက်စာတမ်းများနှင့် တင်ပြရန်မလိုပေ။

၃၁။ အဆင့်(၃) ကုမ္ပဏီကို ရိုးရိုးအုပ်ချုပ်မှုနှင့်အုပ်ချုပ်သည်။ ထိုကုမ္ပဏီအတွက် အချိန်မရွေးချိန်းဆိုကာ လုပ်ကိုင်ခွင့်ပြုပေးနိုင်သည်။

၃၂။ အဆင့် (၄) ကုမ္ပဏီမှ လျှောက်ထားသောကုန်များအတွက် ပုံမှန်စစ်ဆေးချက်နှင့်အညီ စစ်ဆေးရမည် ဖြစ်သလို၊ ထပ်ဆောင်းစစ်ဆေးမှုကို ၁၀ ရာခိုင်နှုန်း မှ ၃၀ ရာခိုင်နှုန်းအထိ တိုးလုပ်ရမည်။ ထို့အတူ စာရွက်စာတမ်းများနှင့်သာ တင်ပြရမည်။ ထို့အတူ နေ့စဉ်စစ်ဆေးမှုများကိုလည်း ပိုမိုလုပ်ရမည်ဖြစ်သလို၊ သက်ဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ကတိကဝတ်ရှိရန် သင်ကြားပေးရမည်။

**အပိုင်း၅-ကြီးကြပ်အုပ်ချုပ်ရေး**

၃၃။ စစ်ဆေးမှုလျှောက်ထားသည့်ကုမ္ပဏီမှ စစ်ဆေးချက်လျှောက်ထားမှုလုပ်ငန်းလုပ်ရာတွင် နိုင်ငံတော်မှ သတ်မှတ်ထားသောဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာန စည်းမျဉ်းများနှင့်အညီ လုပ်ကိုင်ရမည်။ ထို့အတူ တရားဥပဒေပါ ဝတ္တရားများကိုလည်း ထမ်းဆောင်ရမည်။

၃၄။ စစ်ဆေးမှုလျှောက်ထားသည့် ဥပဒေပါဝတ္တရားများအနေဖြင့် မှတ်တမ်းတင်ရန် တင်ပြလာသော စာရွက်စာတမ်းများမှာ မှန်ကန်ကြောင်းနှင့် ထို့ကြောင့်ဖြစ်ပေါ်လာသော တရားဥပဒေပါ ဝတ္တရားများကိုလည်း ထမ်းဆောင်ရမည်။

၃၅။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေဖြင့် စစ်ဆေးမှုလျှောက်ထားသည့် ကုမ္ပဏီ၏ လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးရမည်။ ထို့အတူ စစ်ဆေးမှုလျှောက်ထားသည့်ကုမ္ပဏီအနေဖြင့် ပူးပေါင်း လုပ်ဆောင်မှုများ လုပ်ကိုင်ရမည်ဖြစ်သလို၊ စာရွက်စာတမ်းများလည်း တင်ပြရမည်။

၃၆။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေဖြင့် စစ်ဆေးမှုလျှောက်ထားသည့်ကုမ္ပဏီ၏ကတိသစ္စာအဆင့်အတန်း၊ အဆင့်အတန်းခွဲခြင်းနှင့် စစ်ဆေးမှုလျှောက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတစ်ဦးချင်း အမှားပါမှုအချိုးများကို မှတ်တမ်းတင်ပေးရမည်။

၃၇။ ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့်ကုမ္ပဏီအနေဖြင့် နှစ်စဉ်မတ်လ ၃၁ ရက်တွင် ယခင်နှစ်၏ကိုယ်စားလှယ် လုပ်ငန်းမှတ်တမ်းများကို တင်ပြရမည်။

၃၈။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေဖြင့် ကိုယ်စားလှယ်လုပ်ငန်းမှတ်တမ်းပါ အချက်အလက်များကို အတည်ပြုစစ်ဆေးရမည်။ လက်တွေ့ကွင်းဆင်းစစ်ဆေးရမည်ဆိုပါက ကွင်းဆင်း စစ်ဆေးရမည်။ အကယ်၍ စစ်ဆေးမှုများတွင် ပြဿနာရှိနေပါက ဥပဒေအရ အရေးယူသွားရမည်။

၃၉။ စစ်ဆေးမှုလျှောက်ထားသည့် ကုမ္ပဏီအသင်းအဖွဲ့များအနေဖြင့် အဖွဲ့ဝင်များ မိမိအသိနှင့် ဥပဒေကို လိုက်နာရန်၊ အဖွဲ့ဝင်များအရည်အချင်းမြှင့်တင်ရန်၊ သင်တန်းများပို့ရမည်။ ထို့အတူ ကဏ္ဍတွင်း လုပ်ငန်းများ စည်းစနစ်ကျစေရန်၊ လုပ်ငန်းများသိပ္ပံနည်းကျစေရန်၊ မတရားသောယှဉ်ပြိုင်မှုများ ကင်းရှင်းစေရန် ကြိုးစားရမည်။

၄၀။ စစ်ဆေးမှုလျှောက်သည့်လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတစ်ဦးချင်းအနေဖြင့် အရည်အချင်းများမြင့်တက်လာ စေရန် ပံ့ပိုးပေးရမည်ဖြစ်သလို အဆင့်ခွဲမှုတွင်လည်း ပါဝင်ယှဉ်ပြိုင်ရန်၊ သင်တန်းများတက်ရန်လည်း လုပ်ကိုင်ပေးရမည်၊ ဤသည်မှ စစ်ဆေးရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန် လုပ်ကိုင်ရမည်။

၄၁။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေဖြင့် စစ်ဆေးမှုလျှောက်ထားသည့် ကုမ္ပဏီအသင်းအဖွဲ့များကို ကြီးကြပ်လမ်းညွှန်မှုပြုရမည်။ ထို့အတူ အသင်းအဖွဲ့၏အားသာချက်ကို အသုံးချ၍ အသိပေးစနစ်၊ အသင်းအဖွဲ့စနစ်၊ ညှိနှိုင်းသည့်စနစ် စသည်တို့ဖြင့် ပိုမိုကောင်းမွန်အောင်အုပ်ချုပ်ရမည်။

**အပိုင်း၆-ပူးတွဲ**

၄၂။ တင်သွင်းတင်ပို့သည့်ချောကုန် သယ်ယူပို့ဆောင်ရေးကုမ္ပဏီအနေနှင့် ကိုယ်စားလှယ်လွှဲလုပ်ကိုင်သူဖြင့် လုပ်ကိုင်ပါက စစ်ဆေးရေးလျှောက်ထားရန် ကိုယ်စားလှယ်လွှဲစာမလိုပေ၊ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနအနေဖြင့် ကိုယ်စားလှယ်လုပ်ငန်းလုပ်မည့် ကုမ္ပဏီကို အုပ်ချုပ်သွားမည်ဖြစ်သည်။

၄၃။ အစိုးရဌာန၊ အသင်းအဖွဲ့များ (ကုမ္ပဏီမဟုတ်)အနေဖြင့် ကုန်သွယ်မှုမဟုတ်သော တင်ပို့/တင်သွင်းမှု လုပ်ငန်းများလုပ်ကိုင်မည်ဆိုပါက သက်ဆိုင်ရာထောက်ခံစာများနှင့် လိုအပ်သည်များ လျှောက်ထား၍ တင်သွင်း/တင်ပို့နိုင်သည်။

၄၄။ ဤတွင် အထက်ပါဟုပြောလျှင် ယခုအပိုင်းပါပါသည်။ အောက်ပါဟုပြောလျှင် ယခုအပိုင်းမပါ။ ဤတွင် တစ်နှစ်ဟူသည်မှာ ၁၂ လကိုဆိုလိုသည်။ ဤတွင်တစ်နှစ်ဟူသည်မှာ ကမ္ဘာသုံးနှစ်တစ်နှစ်ကို ဆိုလိုသည်။

၄၅။ နိုင်ငံတော်အရည်အချင်းကြီးကြပ်ရေးနှင့် ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနချုပ်ရုံးမှ စည်းမျဉ်း စည်းကမ်းကို တာဝန်ယူရှင်းလင်းသည်။

၄၆။ ဤစည်းမျဉ်းစည်းကမ်းမှာ ထုတ်ပြန်သည့်နေ့မှ၍ စတင်ကျင့်သုံးသည်။

**ဆက်လက်ဖော်ပြပါမည်။**

## စာမျက်နှာ (၃၀) ➢➢➢ အင်ဒိုနီးရှားနိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန် ➢➢➢ မှအဆက်

| | |
|---|---|
| သကြားကြမ်း | (HS Code 1701.12.00.00, ex. 1701.13.00.00 and ex. 1701.14.00.00) |
| သန့်စင်ပြီးသကြား | (HS Code 1701.19.11.00 and 1701.99.19.00) |
| သကြားဖြူ | (plantation white sugar) (HS Code 1701.91.00.00 and 1701.99.90.00) |

သကြားကြမ်းနဲ့ သန့်စင်ပြီးသကြားတို့ကို အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဌာနထံမှ သွင်းကုန် ခွင့်ပြုချက်ရရှိပြီးပါက ထုတ်လုပ်သူ/တင်သွင်းသူ သက်သေခံအမှတ်ဖြင့် ပုဂ္ဂလိကတင်သွင်းသူများအနေဖြင့် တင်သွင်းနိုင်ကြောင်း သိရှိရပါတယ်။ ဒါပေမဲ့ အဆိုပါ တင်သွင်းလာသည့် သကြားကြမ်းနဲ့ သန့်စင်ပြီးသကြားတို့ကို အစားအစာများတွင် ပါဝင်ပစ္စည်းအဖြစ် ထည့်သွင်းရန်အတွက်သာ အသုံးပြုနိုင်မှာဖြစ်ပြီး ကုန်သွယ်မှုပြုလုပ်ခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်ခွင့် မပြုပါဘူး။ ဒ့ါအပြင် တင်သွင်းလာတဲ့ သကြားကြမ်းကနေ ထုတ်လုပ်ထားတဲ့ သန့်စင်ပြီး သကြား ကိုလည်း အစားအသောက်နှင့် အဖျော်ယမကာ ထုတ်လုပ်သူများထံသို့သာ ရောင်းချခွင့်ပြုမည်ဖြစ်ပြီး ပြည်တွင်းလက်လီဈေးကွက်တွေမှာ ရောင်းချ ခွင့်ကို တားမြစ်ထားပါတယ်။ Plantation White Sugar တင်သွင်းမှုကိုတော့ တင်သွင်းသူ သက်သေခံအမှတ်ဖြင့် နိုင်ငံပိုင်လုပ်ငန်းများကသာ တင်သွင်းနိုင်မှာဖြစ်ပါတယ်။ နိုင်ငံပိုင်ကုမ္ပဏီများအနေဖြင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဌာနထံသို့ electronic application တင်ပြပြီး သွင်းကုန်ခွင့်ပြုမိန့်လျှောက်ထားရယူရန် လိုအပ်တာ ဖြစ်ပါတယ်။

### ပင်လယ်စာ

အင်ဒိုနီးရှားနိုင်ငံ၊ ရေထွက်ကုန်ဆင့်တက်ပြုပြင်ရေးနှင့် ဈေးကွက်မြှင့်တင်ရေးဌာနဟာ အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ခွင့်ပြုထားတဲ့ ငါးနှင့် ရေထွက်ကုန်စာရင်းတွေပါရှိတဲ့ Decree No. 125/ KEP-DJP2HP/2014 ကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါစည်းမျဉ်းအရ ပြတ်လပ်မှုနှင့် ရာသီအလိုက် ထုတ်လုပ်မှုအကန့်အသတ်ရှိခြင်းမှအပ အင်ဒိုနီးရှားနိုင်ငံတွင်းမှာ မရရှိနိုင်တဲ့ ငါးမျိုးစိတ်များကိုသာ တင်သွင်းခွင့်ပြုတာဖြစ်ပါတယ်။ အင်ဒိုနီးရှား၊ ရေကြောင်းရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနဟာ ငါးနှင့်ငါးထွက်ကုန်တင်သွင်းမှုမူဝါဒအသစ်ကို ထုတ်ပြန်ခဲ့ပြီး ၎င်းအရ လိုအပ်တဲ့ သန့်ရှင်းမှု ထောက်ခံချက်၊ ဘာသာစကားဆိုင်ရာများကို သီးခြား ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံဟာ အစားအသောက်နှင့် လယ်ယာထွက်ကုန်တွေ တင်သွင်းမှုအတွက် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်း၊ လုပ်ထုံးလုပ်နည်းတွေ များပြားတာကို တွေ့ရတာကြောင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စားသောက်ကုန်တင်ပို့တဲ့ လုပ်ငန်းရှင်များအနေနဲ့ သီးခြား သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းလိုအပ်ချက်များနှင့်အညီ မိမိတို့၏ ထုတ်ကုန်များကို ပိုမို တိုးတက်တင်ပို့နိုင်စေရေး ရည်ရွယ်ချက်ဖြင့် ရေးသားတင်ပြလိုက်ရပါတယ်။


**Source:Indonesia, Food and Agricultural Import Regulations and Standards, Narrative, FAIRS Country Report**

**GAIN Report Number: ID 1643**

# ထိုင်းပို့ကုန် ၇ ဒသမ ၉ ရာခိုင်နှုန်းတိုးမြှင့်တင်ပို့နိုင်မည်ဟု UTCC ပြောကြား

**THAILAND'S EXPORT PROSPECTS**

| | Worst case | Average case | Best case |
|---|---|---|---|
| Exports (Million US$) | 247,163<br>4% | 252,557<br>6.3% | 256,318<br>7.9% |
| World economy (%) | 3 | 3.1 | 3.2 |
| Foreign exchange (baht/US$) | 31.1 | 31.8 | 32.2 |




Worst case
- Continued strong baht
- Inactive exports to China
- Lower-than-expected economic recovery in developed trading partners such as the US, EU and Japan

Best case
- Robust imports from China
- Strong economic recovery in developed trading partners
- Higher exports in new markets

*No abnormal incidents such as serious natural disasters or serious political conflicts

| Market | Value (US$ million) | | | % change | | |
|---|---|---|---|---|---|---|
| | 2016 | 2017e | 2018f | 2016 | 2017e | 2018f |
| US | 24,500 | 26,609 | 27,994 | 1.8 | 8.6 | 5.2 |
| Japan | 20,481 | 22,389 | 23,377 | 2.1 | 9.3 | 4.4 |
| EU | 20,021 | 21,582 | 23,209 | 1.0 | 7.8 | 7.5 |
| Asean | 54,779 | 59,986 | 65,214 | -0.7 | 9.5 | 8.7 |
| China | 23,800 | 29,621 | 31,058 | 0.3 | 24.5 | 4.9 |
| India | 5,155 | 6,356 | 7,600 | -2.6 | 23.3 | 19.6 |
| Hong Kong | 11,472 | 12,413 | 13,122 | -3.0 | 8.2 | 5.7 |
| Australia | 10,309 | 10,652 | 11,273 | 5.5 | 3.3 | 5.8 |
| Canada | 1,342 | 1,438 | 1,502 | -1.7 | 7.1 | 4.5 |
| Middle East | 9,010 | 8,889 | 9,319 | -11.6 | -1.3 | 4.8 |
| Africa | 6,133 | 6,877 | 7,109 | -8.0 | 12.1 | 3.4 |
| South Africa | 3,883 | 4,075 | 4,395 | 0.8 | 5.0 | 7.9 |
| Others | 24,503 | 26,709 | 27,385 | 8.8 | 9.0 | 2.5 |
| Total | 215,388 | 237,597 | 252,557 | 0.5 | 10.3 | 6.3 |
| | | | 247,163 - 256,318 | | | 4.0-7.9 |

Source: University of the Thai Chamber of Commerce    BANGKOK POST GRAPHICS

ယခုနှစ်တွင် တရုတ်နိုင်ငံ၏ ဝယ်လိုအား ဆက်လက်ဖွံ့ဖြိုးပြီး ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက် လာပါက ပို့ကုန် ၇ ဒသမ ၉ ရာခိုင်နှုန်းတိုးမြှင့်လာနိုင် မည်ဖြစ်ပြီး ထိုင်းနိုင်ငံ၏ ဈေးကွက်သစ်အောင်မြင်ဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေးကုန်သည်ကြီးများအသင်း တက္ကသိုလ်(University Of the Thai Chamber Of Commerce) UTCC မှ ပြောကြားခဲ့သည်။

နိုင်ငံတကာကုန်သွယ်ရေးလေ့လာမှုများ၏ ပို့ကုန်သုတေသန အရ ထိုင်းနိုင်ငံ၏စီးပွားရေးသည် ယခုနှစ်တွင် ၂၀၁၇ ခုနှစ်ထက် ၇ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၂၅၆ ဘီလီယံ (၈ ဒသမ ၁ ထရီလီယံဘတ်) ထိ တဖြည်းဖြည်း အရှိန်အဟုန်ဖြင့် ဆက်လက်ကြီးထွားလာလိမ့်မည်ဟု ခန့်မှန်းကြောင်း UTCC ၏ ညွှန်ကြားရေးမှူး Aat Pissanwanich က ဆိုသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ၂၀၁၇ ခုနှစ်တွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ဒေါ်လာ ၂၃၈ ဘီလီယံခန့် နိုင်ငံတော်ဝင်ငွေရရှိခဲ့သည်။ နှစ်ပေါင်း ၃၀ အတွင်း အမေရိကန်၏ အကြီးမားဆုံး အခွန်ပြုပြင်ပြောင်းလဲရေးသည် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာနိုင်သည့်ပုံရိပ်ဖြစ်ပြီး ထိုင်းနိုင်ငံ၏ပုံရိပ်သည်လည်း တိုးတက်ကောင်းမွန်လာကာ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုကြီးထွားလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် ၎င်းကို ဆန့်ကျင်သောနိုင်ငံများ (အထူးသဖြင့် တရုတ်နိုင်ငံ)အား ပြန်လည်လက်တုံ့ပြန်ခြင်း အစီအမံဆောင်ရွက်ခြင်းသည် အန္တရာယ်များသော အချက်ဖြစ်သည့်အပြင် ထိုကဲ့သို့ အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့ စံနှုန်းအတိုင်းအတာများသတ်မှတ်၍ ဆောင်ရွက်လာပါက ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုများ လျော့နည်းသွားလိမ့်မည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် စစ်တပ်အာဏာသိမ်းမှုနှင့် ဆန္ဒပြမှုများကြောင့် အီးယူနှင့် ဆက်ဆံရေး သုံးနှစ်ကျော်ဆိုင်းငံ့ခဲ့ရပြီး ထိုင်းနိုင်ငံ၏ ပို့ကုန်စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အီးယူမှ အကူအညီများပြန်လည်ပေးသွားမည်ဟု ၎င်းက ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ဘတ်ငွေတန်ဖိုးခိုင်မာမှုသည် ပို့ကုန်တိုးတက်မှုအတွက် အဟန့်အတားတစ်ခုဖြစ်ခဲ့ကာ ပို့ကုန်တိုးတက် တင်ပို့နိုင်မှုသည် ဘတ်ငွေအပေါ်တွင် များစွာ မူတည်နေကြောင်း၊ ဘတ်ငွေ တန်ဖိုးသည် ငါးနှစ်အတွင်း အမြင့်ဆုံးဖြစ်နေပြီး အနိမ့်ဆုံး တစ်ဒေါ်လာ ၃၁ ဒသမ ၁ မှ အမြင့်ဆုံး ၃၂ ဒသမ ၂ ထိရရှိကာ၊ ပျမ်းမျှအားဖြင့် တစ်ဒေါ်လာ ၃၁ ဒသမ ၈ ဘတ် ရှိမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။

ဘတ်ငွေသည် အာရှငွေကြေးများတွင် အင်အားအကောင်းဆုံးငွေကြေးဖြစ်လာပါက ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ ရော်ဘာတင်သွင်းမှု လျော့နည်းသွားနိုင်ပြီး အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံကဲ့သို့ ဖွံ့ဖြိုးပြီး ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်သွားနိုင်ကြောင်း၊ အီးယူမှ မျှော်မှန်းထားသည့် စီးပွားရေး တိုးတက်မှုမှာ နှေးကွေးသွားနိုင်ကြောင်း၊ ထိုင်းနိုင်ငံ၏ပို့ကုန်သည် ယခုနှစ်တွင် ဒေါ်လာ ၂၄၇ ဘီလီယံထိသာ ရရှိနိုင်မည်ဖြစ်ပြီး လေးရာခိုင်နှုန်းသာ ကြီးထွားလာနိုင်ကြောင်း၊ ပြည်ပပို့ကုန် တိုးတက်မှုသည် ဒေါ်လာ ၂၅၃ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၆ ဒသမ ၃ ရာခိုင်နှုန်းထိ တိုးတက်တင်ပို့နိုင်မည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်းကို Mr. Aat မှ ပြောကြားခဲ့သည့်အပြင် ပို့ကုန်တင်ပို့မှု ဆက်လက် ကြီးထွားလာသော်လည်း ထိုင်းနိုင်ငံ၏ ပို့ကုန်အဓိကတင်ပို့သော တရုတ်နိုင်ငံ နှင့် အမေရိကန်နိုင်ငံတို့၏ ဈေးကွက်ဝေစုမှာ ယခင်နှစ်ပထမ ၁၁ လအတွင်း သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း၊ ၎င်းနှစ်နိုင်ငံသည် ဗီယက်နမ်ဈေးကွက်မှ ဈေးနှုန်းသက်သာသော ထုတ်ကုန်များကို ဝယ်ယူခဲ့ခြင်းကြောင့် တရုတ်ဈေးကွက်မှ ထိုင်းနိုင်ငံရှယ်ယာသည် ၂၀၁၆ခုနှစ်တွင် ၂ ဒသမ ၅၄ ရာခိုင်နှုန်းရှိပြီး ယခုနှစ်တွင် ၂ ဒသမ ၃၆ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည့်အပြင် အမေရိကန်ဈေးကွက်မှ ထိုင်းနိုင်ငံရှယ်ယာသည် ၂၀၁၆ ခုနှစ်တွင် ၁ ဒသမ ၃၅ ရာခိုင်နှုန်းမှ ယခုနှစ်ပထမ ၁၁ လအတွင်း ၁ ဒသမ ၃၃ ရာခိုင်နှုန်း ဆက်လက် ကျဆင်းခဲ့ကြောင်း Mr Aat မှ ပြောကြားခဲ့ပါသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ဒေါ်လာ ၂၁ ဒသမ ၄ ဘီလီယံထိ ပို့ကုန်တင်ပို့နိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၃ ဒသမ ၄ ရာခိုင်နှုန်းတိုးမြှင့် တင်ပို့နိုင်ခဲ့ကာ နိုဝင်ဘာလတွင် ၅၈ လအတွင်း ပို့ကုန်အမြင့်ဆုံး တင်ပို့နိုင်ခဲ့သည်။ နိုဝင်ဘာလ၏ သွင်းကုန်တင်သွင်းနိုင်မှုမှာ ဒေါ်လာ ၁၉ ဒသမ ၇ ဘီလီယံဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ၁၃ ဒသမ ၇ ရာခိုင်နှုန်း တိုးမြှင့် တင်သွင်းနိုင်ခဲ့သဖြင့် ယင်းလတွင် ကုန်သွယ်မှု ပိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်မှု ရာခိုင်နှုန်းအနေဖြင့် ၆ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဒေါ်လာ ၂၅၀ ဘီလီယံအထိရရှိရန် လျာထားကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒီဇင်ဘာနောက်ဆုံးပတ်တွင် ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

**Source : Bangkok Post**
**မင်းအောင်အေး**

# ၂၀၁၈ ခုနှစ် ကမ္ဘာ့ဆန်ကုန်သွယ်တင်ပို့မှုအား မြန်မာ၊ ဗီယက်နမ်နှင့် ပါကစ္စတန်တို့ ဦးဆောင်နိုင်

ကမ္ဘာ့ဆန်ကုန်သွယ်မှုသည် ၂၀၁၈ ခုနှစ်တွင် ဆန်တန်ချိန် ၄၂ ဒသမ ၃ မီလီယံ၊ ရာခိုင်နှုန်းအားဖြင့် တစ်ရာခိုင်နှုန်းပိုလာနိုင်ပြီး နှစ်နှစ်ဆက်တိုက်တိုးတက်မှုရှိကာ တတိယအမြင့်ဆုံး စံချိန်သို့ရောက်ရှိလာနိုင်ဖွယ်ရှိသည်ဟု ဝါရှင်တန်ဒီစီမှ ထုတ်ပြန်ခဲ့သည်။

ယင်းသို့စံချိန်တင် တိုးတက်လာနိုင်မှုသည် ဆန်အများဆုံး တင်ပို့နေသည့် ထိပ်တန်းနိုင်ငံ ခြောက်နိုင်ငံအနက် သုံးနိုင်ငံဖြစ်သော မြန်မာ၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့မှ ဆန်တင်ပို့မှုများပြားလာမှုကြောင့် ဖြစ်ကြောင်းနှင့် အရှေ့တောင်အာရှဈေးကွက် အထူးသဖြင့် ဖိလစ်ပိုင်၏ လိုအပ်ချက်ကြောင့် ၂၀၁၈ခုနှစ်တွင် ဗီယက်နမ်သည် ဆန်တန်ချိန် ၄၀၀၀၀၀ ကျော် ပိုမိုတင်ပို့လာနိုင်ကြောင်း အမေရိကန် စိုက်ပျိုးရေးဦးစီးဌာန (USDA) က ထုတ်ပြန်ထားသည်။ တရုတ်သည် ဗီယက်နမ်၏ အကြီးဆုံး ဆန်ဈေးကွက်ဖြစ်လာနိုင်သော်လည်း ပါကစ္စတန်သည် ၂၀၁၇ ခုနှစ်ထက် ဆန်တန်ချိန် ၁၀၀၀၀၀ ကျော် ပိုမို တင်ပို့နိုင်မည်ဟု ခန့်မှန်းထားသဖြင့် ဈေးကွက်ပိုမိုရရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည်လည်း ၂၀၁၇ ခုနှစ်တင်ပို့မှုထက် ဆန်တန်ချိန် ၁၀၀၀၀၀ ကျော်ပိုမို တင်ပို့နိုင်ဖွယ်ရှိပြီး ဒေသတွင်းနိုင်ငံများနှင့် EU ဈေးကွက်များတွင်ခိုင်မာစွာ နေရာယူနိုင်မည်ဟု ခန့်မှန်းထားကြောင်း USDA က ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံမှာမူ ပြည်တွင်းစားသုံးမှုများပြားလာခြင်းကြောင့် ဆန်တင်ပို့မှု တန် ၅၀၀၀၀၀ ခန့် လျော့နည်းသွားနိုင်ကြောင်း၊ ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် တည်ငြိမ်မှုရှိနိုင်ပြီး အမေရိကန်၏ ဆန်တင်ပို့မှုမှာမူ ဈေးနှုန်းမြင့်တက်လာခြင်းနှင့် ကန့်သတ်မှုများ တင်းကြပ်လာခြင်းကြောင့်တန် ၅၀၀၀၀ ခန့် လျော့ကျသွားနိုင်ကြောင်း USDA ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

**Source by**
**www .world-grain . com**
**ကြည်သာသစ်နိုင်**

# အိန္ဒိယ၏ စမတ်ဖုန်းဈေးကွက်တွင် တရုတ်နိုင်ငံထုတ် အမှတ်တံဆိပ်များ လွှမ်းမိုး

တရုတ်နိုင်ငံ၏ စမတ်ဖုန်းထုတ်ကုန်များသည် အိန္ဒိယဈေးကွက်ကို လွှမ်းမိုးထားကြောင်း၊ အိန္ဒိယပြည်သူများအကြား အောင်မြင်မှုရရှိနေကြောင်း Global Tech Industry ၏ လေ့လာဆန်းစစ်ချက်အရ သိရသည်။ တရုတ်နိုင်ငံထုတ် ရှောင်းမီအမှတ်တံဆိပ် စမတ်ဖုန်းများကို အိန္ဒိယဈေးကွက်သို့ ပင်လယ်ရေကြောင်းမှ တင်ပို့ရာတွင် ၂၀၁၇ ခုနှစ် စတုတ္ထသုံးလပတ်အတွင်း အလုံးရေ ၈ ဒသမ ၂ မီလီယံတင်ပို့နိုင်ခဲ့ပြီး အိန္ဒိယဈေးကွက်တွင် ပထမနေရာမှ ဦးဆောင်လျက်ရှိကြောင်း၊ အလားတူ ဆမ်ဆောင်းအမှတ်တံဆိပ် စမတ်ဖုန်းများက ၇ ဒသမ ၃ မီလီယံဖြင့် ဒုတိယနေရာတွင် ဦးဆောင်လျက်ရှိကြောင်း Canalys ၏ထုတ်ပြန် ချက်အရသိရသည်။ အဆိုပါ စမတ်ဖုန်းနှစ်ခုတွင် ရှောင်းမီက ၂၇ ရာခိုင်နှုန်းဖြင့် အိန္ဒိယစမတ်ဖုန်းဈေးကွက်၏ ထက်ဝက်ကျော်ကို ချုပ်ကိုင်ထားပြီး၊ ဆမ်ဆောင်းက ၂၅ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရှိနေကြောင်း သိရသည်။

Canalys သုတေသနမှ ကျွမ်းကျင်သူ Ishan Dutt က ရှောင်းမီအမှတ်တံဆိပ်စမတ်ဖုန်းများ ဈေးကွက်တွင်ဖြန့်ဖြူးရောင်းချမှုနှင့် ထုတ်လုပ်သည့်အရည်အသွေးများက အိန္ဒိယပြည်သူများ၏ အကြိုက်နှင့် ကိုက်ညီမှုရှိတာကြောင့် ယခုလို အလျင်အမြန် တိုးတက်အောင်မြင်ခြင်းဖြစ်သည်ဟု ယူဆကြောင်း၊ တရုတ်နိုင်ငံထုတ်အခြားစမတ်ဖုန်းများဖြစ်သည့် Vivo, Oppo နှင့် Lenovo တို့မှာလည်း ဈေးကွက်တွင် ထိပ်တန်း ငါးနေရာ၌ရှိကြောင်း Canalys ၏ စာရင်းများအရ သိရသည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းစမတ်ဖုန်းဝယ်လိုအားသည် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီလာပြီဖြစ်သည့်အတွက် တဖြည်းဖြည်းလျော့ကျလာပြီး တရုတ်နိုင်ငံမှထုတ်လုပ်သည့် မိုလ်ဘိုင်းဖုန်းပြည်ပတင်ပို့မှုသည် နှစ်စဉ် ၁၂ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ရာ ယခင်နှစ်စာရင်းအရ ၄၃၆ သန်းထိ ကျဆင်းခဲ့ကြောင်း တရားဝင် ထုတ်ပြန်ချက်အရ သိရသည်။ **ခင်စုစုလှိုင်(CJ)**

# Skills Future ချေးငွေအစီအစဉ် စတင်ချိန်မှစ၍ စင်ကာပူနိုင်ငံသားသုံးသိန်းနီးပါး အကျိုးခံစားခွင့်ရ

Skills Future ချေးငွေအစီအစဉ် စတင်ဆောင်ရွက်ခဲ့သည့် သုံးနှစ်တာကာလအတွင်း အလုပ်ခွင်ဝင်လျက်ရှိသော စင်ကာပူနိုင်ငံသား ၂၈၅၀၀၀ ဦး အကျိုးခံစားခွင့်ရ ထားပြီဖြစ်ကြောင်းနှင့် အများစုမှာ ၂၀၁၇ ခုနှစ်အတွင်းက ပထမအကြိမ်အဖြစ် စတင်သုံးစွဲသူများ ဖြစ်ကြောင်း nikkei.com သတင်းတွင် ဖော်ပြသည်။

ယခင်နှစ်က စတင်သုံးစွဲသူဦးရေမှာ ၁၆၀၀၀၀ ဦးရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် Skills future Singapore (SSG) ၏ အမှုဆောင်ချုပ် အင်းချာပေါင်းက ပြောခဲ့သည်။ အင်ဖိုကွန်နည်းပညာသင်တန်းများ (Infocomm Technology Course) မှာ လူကြိုက်အများဆုံး အစီအစဉ်တစ်ခုဖြစ်ပြီး ယင်းသင်တန်းမှာ ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၇ ခုနှစ်တွင် ချေးငွေသုံးစွဲသူဦးရေတိုးတက်နှုန်း ပိုမိုများပြားလာကာ ၁၂၆၀၀၀ ဦးအထိ ရှိခဲ့သည်။

"စင်ကာပူ နိုင်ငံသားတွေက ကိုယ်ပိုင်သင်ယူမှု အစီအစဉ်ဇယားရေးဆွဲပြီး သူတို့ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းကို ရွေးချယ်လာတာကကောင်းမွန်ပြီး အပြုသဘောဆောင်တဲ့လက္ခဏာတစ်ရပ်ဖြစ်ပါတယ်"ဟု မစ္စတာ အင်းက ပြောသည်။

Skills Future Credit ချေးငွေအစီအစဉ်သည် အသက် ၂၅ နှစ်အထက် စင်ကာပူနိုင်ငံသားများ မိမိတို့၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးသည့် သင်တန်းများကို တက်ရောက်ရန်နှင့် ဘဝတစ်သက်တာသင်ယူမှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် စင်ကာပူဒေါ်လာ ၅၀၀ ချေးပေးကြောင်း သိရသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သော Skills Future လှုပ်ရှားမှုကို ၂၀၁၅ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော အခြား အစီအစဉ်များ၏ တိုးတက်မှုအခြေအနေကိုလည်း မစ္စတာအင်းက ရှင်းလင်းတင်ပြခဲ့သည်။

အလယ်အလတ် အသက်အရွယ်ရှိသော လုပ်သားများအတွက် အစီအစဉ်ဖြစ်သော Mid-Career Enhanced Subsidy အစီအစဉ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာမှ စတင်ဆောင်ရွက်ကာ အစီအစဉ် အရ အသက် ၄၀ အထက်ရှိ အလုပ် သမားများ၏ သင်တန်းစရိတ်ကို ၉၀ ရာခိုင်နှုန်း လျှော့ချပေးခဲ့ကြောင်းနှင့် အဆိုပါ အစီအစဉ်ကို တက်ရောက်ခဲ့သူဦးရေ ၁၂၀၀၀ ရှိကြောင်း မစ္စတာအင်းက ပြောသည်။ ထို့ပြင် ဒစ်ဂျစ်တယ် စီပွားရေးအတွက် အလုပ်သမားများမှ ပြင်ဆင်နိုင်ရန် Digital Workplace အစီအစဉ်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာက စတင်ဆောင်ရွက်ခဲ့ရာ စင်ကာပူ နိုင်ငံသား ၄၆၀၀ စာရင်းပေးသွင်းထားကြောင်း သူကပြောသည်။ လာမည့်သုံးနှစ်အတွင်း ယင်းအစီအစဉ်မှ လုပ်သား တစ်သိန်းမွေးထုတ်ပေးရန် ရည်မှန်းထားသည်ဟု သိရသည်။

ထို့ပြင် တစ်ဦးချင်းအလိုက် အကြံဉာဏ်များကိုပေးသွားမည့် Skills Future Advice for Individuals အစီအစဉ်ကိုလည်း အောက်တိုဘာမှစတင် ဆောင်ရွက်ခဲ့ရာ စင်ကာပူနိုင်ငံသား ၄၆၀၀ ဦး ပါဝင်ခဲ့ကြောင်း သတင်းရရှိပါသည်။

# အာဆီယံ အီးကောမတ်စ်လုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာ

အာဆီယံ အီးကောမတ်စ် ဈေးကွက်အတွင်းသို့ တရုတ်နည်းပညာကုမ္ပဏီကြီးများ ဝင်ရောက်လာမှုက ဒေသတွင်း၌ အွန်လိုင်း လက်လီရောင်းချမှုလုပ်ငန်းများ အရှိန်အဟုန်ပြင်းစွာဖွံ့ဖြိုးလာစေခဲ့ကြောင်း Credit Suisse သုတေသနအစီရင်ခံစာကို ကိုးကား၍ theedge singapore.com တွင် ဖော်ပြထားသည်။

စီးပွားရေးလုပ်ငန်းနှင့် စားသုံးသူဆက်သွယ်မှု (B2C) လက်လီ ရောင်းချရေးလုပ်ငန်း သို့မဟုတ် e-tailing သည် လွန်ခဲ့သော ငါးနှစ်အတွင်း နှစ်ထပ်တိုးနှုန်းဖြင့် ၂၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ သို့ရာတွင် B2C e-tailing ၏ အာဆီယံဒေသတွင်း ထိုးဖောက်ဝင်ရောက်မှုမှာ စုစုပေါင်း လက်လီရောင်းချမှု၏ နှစ်ရာခိုင်နှုန်း အောက်တွင်သာရှိသေးကြောင်း credit suisse က ဖော်ပြသည်။

သို့ရာတွင် အာဆီယံဒေသတွင်း၌ တရုတ်နိုင်ငံ၏ နည်းပညာဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန် မြင့်တက်လာမှုက ဒေသတွင်းရှိ အီးကောမတ်စ်လုပ်ငန်း အခင်းအကျင်းကို ပြောင်းလဲရန်ဦးတည်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း အာဆီယံဒေသတွင်း၌ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံရန် သဘောတူစာချုပ်ချုပ်ဆိုမှု အရေအတွက်မှာ လေးဆတက်ပြီး အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုမှာ သုံးဆမြင့်တက်ခဲ့သည်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံကျော် မြင့်တက်ခဲ့သည်ဟု သိရှိရသည်။

ယင်းသို့ ရင်းနှီးမြှုပ်နှံမှုပြုရာတွင် ဒီဒီချူရှင်းကုမ္ပဏီက softbank နှင့် ပူးတွဲ၍ ဂရက် (Grab) တွင် အမေရိကန်ဒေါ်လာ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံထားပြီး အလီဘာဘာကုမ္ပဏီက လာဇာဒါကုမ္ပဏီတွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံကာ လာဇာဒါမှ တစ်ဆင့် ရက်ဒ်မတ်ရှယ်ယာ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဖိုး ဝယ်ယူမှုတို့ ပါဝင်ခဲ့သည်။

"လူလတ်တန်းစား စားသုံးသူဦးရေ ၁၅၈ သန်းရှိနေတဲ့ အာဆီယံဒေသကို အီးကောမတ်စ်ဈေးကွက်အတွက် ရှေ့တန်းစစ်မျက်နှာသစ်အဖြစ် ရှုမြင်ထားကြပါတယ်။ အလီဘာဘာ၊ ဂျေဒီဒေါ့ကွန်းနဲ့ Tencent စတဲ့ ကုမ္ပဏီတွေက တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ဖက်စပ်/အစုနဲ့ ဒေသတွင်း အီးကောမတ်စ်ကုမ္ပဏီတွေရဲ့ ရှယ်ယာတွေကို ဝယ်ယူမှုစတဲ့ နည်းလမ်းတွေနဲ့ မကြာသေးမီက အာဆီယံဈေးကွက်ထဲကို ဝင်ရောက်လာကြပါတယ်" ဟု Credit Suisse မှ လေ့လာဆန်းစစ်သူတို့က ပြောသည်။

# FTA အခြေပြုအလုပ်အကိုင်များဖန်တီးရန် တောင်ကိုရီးယားက ဂျပန်နိုင်ငံကို အဆိုပြု

တောင်ကိုရီးယားနိုင်ငံတွင် အလုပ်လက်မဲ့ လူငယ်လူရွယ်အတတ်ပညာရှင်များရှိနေပြီး ၎င်းတို့က ဂျပန်နိုင်ငံရှိ ကုမ္ပဏီများကို အထောက်အကူပေးနိုင်လိမ့်မည်ဟု ယုံကြည်သည့်အတွက် ဂျပန်နိုင်ငံက ၎င်းတို့အတွက် တံခါးဖွင့်ပေးရန် တောင်ကိုရီးယားသမ္မတ၏ စီးပွားရေးအကြံပေးက တိုက်တွန်းကြောင်း nikkei.com သတင်းတွင် ဖော်ပြထားသည်။

ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ဂျပန်ကုမ္ပဏီများက အပူတပြင်း လိုအပ်လျက်ရှိသော အရည်အသွေးပြည့် လုပ်သားများ ရရှိစေရန် အကောင်းဆုံး နည်းလမ်းတစ်ခု ဖြစ်နိုင်မည်ဖြစ်သော်လည်း ဂျပန်နိုင်ငံသည် အလုပ်သမားဈေးကွက်ကို ဖွင့်လှစ်ပေးရန် တုံ့ဆိုင်းလျက်ရှိသည်။ ထို့မျှမက ဝန်ထမ်းသစ်များကို လိုအပ်ချက်နှင့်အညီ ရှာဖွေ တွေ့ရှိရေးအတွက် သံတမန်နည်းလမ်းအရ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

အလုပ်အကိုင်ရှာဖွေလျက်ရှိသော လူငယ်လူရွယ်များကို ဂျပန်နိုင်ငံသို့ စေလွှတ်ရန် တောင်ကိုရီးယားအစိုးရက ဆန္ဒရှိနေကြောင်း ဆိုးလ်တက္ကသိုလ် အပြည်ပြည်ဆိုင်ရာ လေ့လာရေးဌာန၏ ပါမောက္ခကင်ဟွန်ချူးကပြောသည်။

'လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ် (Free Trade Agreement-FTA) ကို အခြေခံတဲ့ အလုပ်အကိုင်တွေကို ကျွန်တော်တို့ဖန်တီးကြပါစို့' ဟု ဖေဖော်ဝါရီ ၁ ရက်က တောင်ကိုရီးယား သမ္မတအိမ်တော် (Blue House) တွင် Nikkei Asian Review စာစောင်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် မစ္စတာကင်က ပြောသည်။

"တောင်ကိုရီးယား လူငယ်လူရွယ်တွေအတွက် အလုပ်အကိုင်ဗီဇာတွေကို ပိုမိုထုတ်ပေးစေလိုပါတယ်။ ဒီလိုကျွမ်းကျင်မှု အတတ်ပညာရှင်တွေ လိုအပ်နေတဲ့ ဂျပန်နိုင်ငံရဲ့ ပြည်နယ်ဒေသတွေမှာရှိတဲ့ အသေးစားနဲ့ အလတ်စား ကုမ္ပဏီအတွက် ကျွန်တော်တို့ လူငယ်တွေကို စေလွှတ်ပေးနိုင်ပါတယ်" ဟု သူကဆိုသည်။

ကင်က FTA ဆိုသော စကားလုံးကို သုံးစွဲခဲ့သော်လည်း နှစ်နိုင်ငံ FTA ဆွေးနွေးပွဲများမှာ သောင်မတင် ရေမကျရှိနေဆဲဖြစ်သည့်အတွက် FTA အခြေပြုအလုပ်များရရှိရေးမှာ အခက်အခဲရှိနိုင်ကြောင်း သိရသည်။

■

# ဗီယက်နမ် အီလက်ထရွန်းနစ်လုပ်ငန်း ဖွံ့ဖြိုးလျက်ရှိ

ဗီယက်နမ်နိုင်ငံတွင် အီလက်ထရွန်းနစ် ထုတ်လုပ်မှုလုပ်ငန်း၌ လုပ်ကိုင်လျက်ရှိသော အလုပ်သမားဦးရေမှာ မြင့်တက်လျက်ရှိပြီး အီလက်ထရွန်းနစ်စီးပွားရေးလုပ်ငန်း (e-business) မှာ အနာဂတ် အလုပ်အကိုင်ရရှိရေးအတွက် အရေးပါသော အရင်းအမြစ်တစ်ခု ဖြစ်လာသည်။ သို့ရာတွင် အတတ်ပညာရှင်များကို ရရှိရေးအတွက် အရေးပါသော အရင်းအမြစ်တစ်ခု ဖြစ်လာသော်လည်း အတတ်ပညာရှင်များကို ရရှိအောင် ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်ဟု စီးပွားရေးလုပ်ငန်းများ၏ ရာခိုင်နှုန်း ၈၀ က ပြောကြောင်း VNS သတင်းတွင် ဖော်ပြသည်။

ဟနွိုင်းမြို့တွင် ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့သော ညီလာခံတစ်ခုတွင် ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ မသန်စွမ်းသူများနှင့် လူမှုရေးရာဝန်ကြီးဌာနလက်အောက်ရှိ အလုပ်သမားသိပ္ပံနှင့် လူမှုရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဒေါင်ကွမ်ဗင်းက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



မကြာသေးမီ နှစ်များအတွင်း အီလက်ထရွန်းနစ်လုပ်ငန်းသည် လျင်မြန်စွာဖွံ့ဖြိုးလာပြီး ဗီယက်နမ်စီးပွားရေး၏ အရေးအပါဆုံး ကဏ္ဍတစ်ခုအဖြစ်သို့ ရောက်ရှိလာသည်။ အီလက်ထရွန်းနစ်လုပ်ငန်းသည် တစ်ဟုန်ထိုးတိုးတက်ခဲ့ပြီး ၂၀၁၅ ခုနှစ်က တိုးတက်မှုနှုန်း ၇ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၃၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ အီလက်ထရွန်းနစ်လုပ်ငန်း ဖွံ့ဖြိုးခဲ့ရခြင်းမှာ အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းကြီးများ အထူးသဖြင့် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ကုမ္ပဏီများက အီလက်ထရွန်းနစ်ပစ္စည်း ထုတ်လုပ်ရေးနယ်ပယ်တွင် အမြောက်အများ ရင်းနှီးမြှုပ်နှံလာကြသောကြောင့် ဖြစ်သည်။

အီလက်ထရွန်းနစ် ပစ္စည်းတင်ပို့မှုသည် ဗီယမ်နမ်နိုင်ငံ၏ အကြီးမားဆုံး ပို့ကုန်ကဏ္ဍဖြစ်ကြောင်း ဗင်းက ပြောသည်။ ဤကဏ္ဍမှ ပို့ကုန်ဝင်ငွေသည် ၂၀၁၂ ခုနှစ်က အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉ ဘီလီယံရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံအထိ ရောက်ရှိလာခဲ့သည်။ ယခုအချိန်တွင် အီလက်ထရွန်းနစ်ကဏ္ဍမှ ပြည်ပတင်ပို့မှုသည် ချည်မျှင်နှင့် အထည်ချုပ်လုပ်ငန်းမှ တင်ပို့မှုထက် နှစ်ဆခွဲနှင့် ဖိနပ်ချုပ်လုပ်ငန်းမှ တင်ပို့မှုထက် ငါးဆအထိ မြင့်တက်လာခဲ့သည်။ ဗီယမ်နမ်၏အီလက်ထရွန်းနစ်ကဏ္ဍပြည်ပတင်ပို့မှုဝင်ငွေ၏ ၉၅ ရာခိုင်နှုန်းမှာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကြောင့် တိုးတက်လာခြင်းဖြစ်ကြောင်း တွေ့ရသည်။

ဉာဏ်တင်စုစည်းတင်ပြသည်။




# International Trade Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သင်္ဘောမတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သင်္ဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သင်္ဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်း ပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)


**Call Centre : (+951) 231 7770**

**Hotline :**

(+951) 378 644 - **Trade (Import/ Export)**

(+951) 378 643 - **Outward Remittance**

(+951) 378 645 - **Inward Remittance**

www.cbbank.com.mm | CBBankmyanmar

trade.dept@cbbank.com.mm

# EVER RICH GROUP CO.,LTD

* ဂျီအိုင် ပေါ်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင် (U Beam)
* အိုင်ဘင် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ



**EVER RICH GROUP CO.,LTD** စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။

အမှတ်(၃၆/ဒီ)၊လမ်းသစ်လမ်း၊နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။ ၀၁-၉၆၆၅၇၁၇၊၀၁-၉၆၄၀၂၇၇၊၀၉-၃၀၀၈၈၇၂၀၊၀၉-၄၅၇၇၄၈၀၆၅၊၀၉-၉၇၆၇၀၀၂၅၀

အမှတ်(၄၁၇)၊လှသီရိလမ်းနှင့်ကင်းဝန်မင်းကြီးလမ်းထောင့်၊ ရွှေလင်ပန်းစက်မှုဇုံ၊လှိုင်သာယာမြို့နယ်၊ရန်ကုန်။ ၀၁-၆၁၇၁၄၉၊၀၉-၇၃၂၅၀၁၅၃၊၀၉-၇၉၆၃၀၈၁၄၁၊၀၉-၉၇၇၉၄၁၈၀၃၊၀၉-၄၅၇၇၄၈၀၆၄

# MYO YADANAR KHAING CO.,LTD.

လူကြီးမင်းတို့၏ တန်ဖိုးရှိလှသော နေအိမ်အဆောက်အဦးများ၊ ဟိုတယ်များ နှင့် စက်ရုံများ၏ Design, Installation & Consultancy လုပ်ငန်းများကို ကျွန်တော်တို့ မျိုးရတနာခိုင် ကုမ္ပဏီလီမိတက်မှ လူကြီးမင်းတို့ စိတ်တိုင်းကျ မြန်ဆန်သက်သာအာမခံ အပြည့်ဖြင့် အောက်ပါများကိုတာဝန်ယူဆောင်ရွက်ပေးနေပါသည်။

လူကြီးမင်းတို့ စိတ်တိုင်းကျဖြစ်စေမည့်

1) Building Design & Installation

2) Golf Course Design & Installation

3) Landscaping Design & Installation

4) Communication Tower Installation

5) MEP Design & Installation
   - i) Plumbing & Sanitary System
   - ii) Electrical System
   - iii) ELV System
   - iv) Fire Protection System
   - v) ACMV System
   - vi) Swimming Pool System

No.600, Khaing Thazin Road, Pale(3)Ward, Mingalardon Township,Yangon, Myanmar.
Ph : 095039097, 09795805795  Email : myoyadanarkhaing.mk@gmail.com

# COMMERCE INTERNATIONAL




## ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ကုန်ထုတ်လုပ်ငန်းများ အခြေခိုင်ခိုင်မာမာဖြင့် တာထွက်မည်

ကမ္ဘာ့နိုင်ငံအများစုတွင် ကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ရလာပြီး နှစ်ပေါင်းများစွာအတွင်း တိုးတက်မှုအမြင့်ဆုံးအနေအထားကို ရရှိထားသဖြင့် ကမ္ဘာတစ်လွှားရှိ စက်ရုံအများစုမှာ ယခုနှစ်တွင် ခိုင်ခိုင်မာမာဖြင့် လုပ်ငန်းများကို စတင်သွားမည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ဥရောပနှင့် အာရှဒေသတို့တွင်ပြုလုပ်ခဲ့သော စစ်တမ်းများအရ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ထုတ်ကုန်များမှာ အခြေခံခိုင်မာလျက်ရှိပြီး ယခုနှစ်အတွင်း ကမ္ဘာ့ကုန်ထုတ်လုပ်မှုလုပ်ငန်းတစ်ခုလုံးသည် တစ်ပြေးညီ တိုးတက်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ကို ပိုမိုခိုင်မာလာစေခဲ့သည်။ ထိုကဲ့သို့ တိုးတက်လာမှုကြောင့် ကမ္ဘာ့စတော့ဈေးကွက်အများအပြားကို စံချိန်တင်သို့မဟုတ် စံချိန်တင်နီးပါး တိုးတက်စေနိုင်သည်။

၂၀၁၇ ခုနှစ်က ယူရိုဇုန်စီးပွားရေးသည် အံ့သြဖွယ်ကောင်းအောင် မြင့်တက်ခဲ့ပြီး ယခုနှစ်တွင်လည်း ထိုကဲ့သို့ တိုးတက်လာမည့် လက္ခဏာများရှိလာသည်ကို ဥရောပဗဟိုဘဏ်က ကြိုဆိုကြောင်း ဖော်ပြခဲ့သည်။

ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံ ၁၉ နိုင်ငံပါဝင်သောအုပ်စု၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းမှာ ၂၀၁၈ ခုနှစ်အဝင်တွင် ဖွံ့ဖြိုးထွန်းကားလျက်ရှိပြီး ဇန်နဝါရီလတွင် ကုန်ထုတ်လုပ်မှုမှာ နှစ်ပေါင်း ၂၀ အတွင်း လအလိုက် ကုန်ထုတ်လုပ်မှု အမြင့်ဆုံးဖြစ်ခဲ့သည်။ ဖေဖော်ဝါရီလမှာလည်း အလုပ်အကိုင်ကောင်းမည့် အလားအလာကို ညွှန်ပြနေပြီး အမှာစာသစ်များလည်း စံချိန်တင်လုနီးပါး မြင့်တက်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းများမှာလည်း အနည်းဆုံးငါးနှစ်အတွင်း အလားအလာအကောင်းဆုံးဖြစ်နေသည်။

အာရှဒေသတွင် ကုန်ထုတ်လုပ်မှုအခိုင်အမာဆုံး တိုးတက်နေသည်မှာ နည်းပညာပို့ကုန် လုပ်ငန်းများဖြစ်သည်။ စမတ်ဖုန်းများ အဆင့်မြှင့်တင်မှု၊ စက်မှုသုံးစက်ရုပ်များ၊ ကားနှင့် ဘစ်ကွိုင်ကဲ့သို့သော ဒစ်ဂျစ်တယ်ငွေကြေးများကို ဖန်တီးရန် ယန္တရားများအတွက် အသုံးပြုမည့်ပစ္စည်းအဖြစ်ဝယ်လိုအား မြင့်မားလာသည့်အတွက် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၏ ရောင်းလိုအားမှာ ဆက်လက်မြင့်တက်လျက်ရှိသည်။ ဂျပန်နိုင်ငံတွင်လည်း မားကစ်နှင့် နီကေးတို့၏ စားသုံးသူအညွှန်းကိန်းမှာ လေးနှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။

တရုတ်(တိုင်ပေ)၏စားသုံးသူ အညွှန်းကိန်းများသည် ၂၀၁၁ ခုနှစ် ဧပြီလမှစ၍ မြင့်တက်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံမှာလည်း ပြည်တွင်း၊ ပြည်ပ အမှာစာများ မြင့်တက်မှုကြောင့် စက်မှုကုန်ထုတ်လုပ်မှုပြန်လည်မြင့်တက်လာခဲ့သည်။

လေထုညစ်ညမ်းမှုနှင့် ဘဏ္ဍာရေး စွန့်စားမှုများကို နှိမ်နင်းလျက်ရှိသော တရုတ်နိုင်ငံ၌ပင်လျှင် ဇန်နဝါရီလအတွင်းက စက်မှုကုန်ထုတ်လုပ်မှုများ ယေဘုယျအားဖြင့်ကောင်းမွန်လျက်ရှိသည်။ သို့သော်လည်း ထိုသို့နှိမ်နင်းမှုက နောက်ဆုံးတွင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများကို ဖိအားပေးလာနိုင်ကြောင်း စီးပွားရေးပညာရှင်တို့က ယူဆထားသည်။

သို့သော်လည်း အာရှစီးပွားရေးများ၏ အလားအလာမှာ အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်ရေးကိုယ်ကျိုးစီးပွားကာကွယ်မှုနှင့် ပတ်သက်သော စိုးရိမ်မှုများကြောင့် မှေးမှိန်နေဆဲဖြစ်သည်။ ယခုအချိန်တွင် ထရမ့်အစိုးရသည် ယခင်နှစ်က ပြင်းပြင်းထန်ထန် ပြောခဲ့သောစကားများကို လက်တွေ့အကောင်အထည်ဖော်လာသည့်အတွက် ယခုကဲ့သို့ စိုးရိမ်ရခြင်းဖြစ်သည်။

## ဗြိတိန်ဝန်ကြီးချုပ်၏ တရုတ်နိုင်ငံ ခရီးစဉ်အတွင်း တရုတ်ဝန်ကြီးချုပ်နှင့် ဘရက်ဇစ်လွန်ကာလ ဆက်ဆံရေးကိစ္စများ ဆွေးနွေး

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ထရီဇာမေတို့သည် ဖေဖော်ဝါရီ ၁ ရက်က ပေကျင်းမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြရာ တရုတ်ဝန်ကြီးချုပ်က တရုတ်နိုင်ငံ၏ အခြေခံအဆောက်အဦးဆောက်လုပ်ရေးနှင့် ကုန်သွယ်ရေး အစီအစဉ်ဖြစ်သော "ရပ်ဝန်းတစ်ခု၊ လမ်းတစ်ခု" (Belt and Road) အစီအစဉ်တွင် ပါဝင်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံဝန်ကြီးချုပ်မေက အဆိုပါစီမံကိန်းအရ နှစ်ဦးနှစ်ဖက်အချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်းနှင့် မိမိတို့နှစ်နိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်ဟု စီစီတီဗွီသတင်းတွင် ဖော်ပြသည်။

ယခုအစည်းအဝေးကို ဗြိတိန်ဝန်ကြီးချုပ်တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးစဉ်၏ ဒုတိယနေ့တွင် ကျင်းပခြင်းဖြစ်ပြီး ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံခွဲထွက်မှု (ဘရက်ဇစ်)ကာလနောက်ပိုင်း နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှု တည်ဆောက်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ အစီအစဉ်သစ်များချမှတ်နိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ်က Belt and Road အစီအစဉ်သည် ကမ္ဘာ့စီးပွားရေးအလေ့အကျင့်များနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ခြွင်းချက်ဖြင့်ထောက်ခံကြောင်း ဖေဖော်ဝါရီ ၁ ရက်ကပြောကြားခဲ့သော်လည်း အစီအစဉ်ကို လက်မှတ်ရေးထိုးရန် တွန့်ဆုတ်နေဆဲဖြစ်သည်။ ထို့ပြင်နှစ်နိုင်ငံအချင်းချင်း "ကမ္ဘာ့မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု"ကို တိုးချဲ့ဆောင်ရွက်ရန်လည်း မေက တိုက်တွန်းခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်ပြီးနောက် ဥရောပသမဂ္ဂအုပ်စု အပြင်ဘက်တွင် ကုန်သွယ်ရေးသဘောတူ စာချုပ်များချုပ်ဆိုရန် ဗြိတိန်နိုင်ငံအတွက် အပူတပြင်း လိုအပ်လာပြီဖြစ်ရာ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကိစ္စများ ပိုမို၍ အရေးတကြီး လိုအပ်လာသည်။ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ တရုတ်နိုင်ငံသို့ ဗြိတိန်နိုင်ငံ၏ တင်ပို့မှုမှာ ၆၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် ဗြိတိန်နိုင်ငံ၏ အကြီးမားဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်လာမည်ဟု ခန့်မှန်းထားသည်။

ဉာဏ်တင် စုစည်းသည်

## အနာဂတ်တွင် ပေါ်ထွက်လာမည့် ကားသစ်များကိုထုတ်လုပ်ရန် တောင်ကိုရီးယားက ဝမ် ၃၅ ထရီလီယံမြှုပ်နှံမည်

လျင်မြန်စွာ ပြောင်းလဲလျက်ရှိသော မော်တော်ကားဈေးကွက်အတွက် ဖွံ့ဖြိုးအင်ဂျင်သစ်တစ်ခု ပေါ်ထွန်းလာစေရေးအတွက် တောင်ကိုရီးယားနိုင်ငံက လျှပ်စစ်ကား၊ မောင်းသူမဲ့ကားနှင့် အနာဂတ်တွင်ပေါ်လာမည့် အခြားမော်တော်ကားများ ထုတ်လုပ်ရေးအတွက် ၂၀၂၂ ခုနှစ်အထိ ဝမ် ၃၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၄ ဘီလီယံ) ကို ရင်းနှီးမြှုပ်နှံသွားမည်ဟု ဖေဖော်ဝါရီ ၂ ရက်က သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြောင်း yonhapnews သတင်းတွင် ဖော်ပြသည်။

စီးပွားရေးလုပ်ငန်းများ၊ သုတေသနသိပ္ပံနှင့် ကောလိပ်များမှ မော်တော်ကားလုပ်ငန်း ကျွမ်းကျင်သူ ၅၀ ခန့်နှင့် ကျင်းပသော နှီးနှောဖလှယ်ပွဲတွင် ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် မြေယာ၊ အခြေခံအဆောက်အဦနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနတို့က အနာဂတ်ယာဉ်များ ထုတ်လုပ်ရေးနှင့် မောင်းသူမဲ့ယာဉ်များကို အထောက်အကူပေးမည့် အဆင့်မြင့်ဆက်သွယ်ရေးစနစ် ထူထောင်ရန်ကိစ္စရပ်များ တင်ပြခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

"လျှပ်စစ်မော်တော်ကားခေတ်"ကို ဖွင့်လှစ်ရန်ကြိုးပမ်းဆောင်ရွက်ရာ၌ အစိုးရသည်ဟွန်ဒိုင်းမော်တာဂရုအပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုအရ လျှပ်စစ်ဓာတ်အား တစ်ခါသွင်းလျှင် ကီလိုမီတာ ၅၀၀ အထိသွားနိုင်သော လျှပ်စစ်ဓာတ်အားသုံး မော်တော်ကားကို ထုတ်လုပ်ရန်နှင့် ၂၀၂၂ ခုနှစ်တွင် လျင်မြန်စွာ ဓာတ်အားဖြည့်သွင်းနိုင်သော လျှပ်စစ်ဓာတ်အားဖြည့် စခန်း ၁၀၀၀၀ ကျော်ကို တည်ဆောက်သွားမည်ဖြစ်သည်။

လျှပ်စစ်ကားများမှာ တန်ဖိုးကြီးမားသည့်အတွက် ၂၀၂၂ ခုနှစ်တွင် လျှပ်စစ်ကားဝယ်ယူသူတိုင်းကို ထောက်ပံ့ကြေးပေးသွားမည်ဖြစ်ကြောင်း အစိုးရကပြောသည်။



မောင်းသူမဲ့နည်းပညာဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်နိုင်ရေးအတွက် အစိုးရသည် ယခုနှစ်တွင် ကမ္ဘာ့အဆင့်မီ စမ်းသပ်ရေးကွင်းအဖြစ် K-City ဟုခေါ်သော နေရာတစ်ခုကို တည်ဆောက်သွားမည်ဖြစ်သည်။ မြို့တော်၏ အကျယ်အဝန်းမှာ စတုရန်းမီတာ ၃၂၀၀၀၀ ကျယ်ဝန်းမည်ဖြစ်ပြီး အဝေးပြေးလမ်းမကြီး၊ မြို့တွင်းပိုင်းနေရာများ၊ ဆင်ခြေဖုံးနေရာများ၊ ကားရပ်ရန်နေရာများနှင့် လူနေဒေသများပါဝင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။